# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily



**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)


၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက်၊ စနေနေ့ အတွဲ (၅၉)၊ အမှတ် (၀၆၁)


# ဒုတိယသမ္မတ ဦးမြင့်ဆွေ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဂံ- ညောင်ဦးဒေသရှိ ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ထိန်းသိမ်းမှုအခြေအနေများနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး



" ပုဂံဒေသသည် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်လာပြီ ဖြစ်သည့်အတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ၏ အကြံပြုချက်များအရ နိုင်ငံတကာ စံချိန် စံညွှန်းများနှင့်အညီ စနစ်တကျ ထိန်းသိမ်းသွားကြရမည်ဖြစ် "

ပုဂံ နိုဝင်ဘာ ၂၉

ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဂံ-ညောင်ဦးဒေသရှိ ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ၂၀၁၆ ခုနှစ် ဩဂုတ်လက ဖြစ်ပွားခဲ့သည့် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဂံ - ညောင်ဦးဒေသရှိ ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ထိန်းသိမ်းမှုအခြေအနေများနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး **ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဂံ - ညောင်ဦးဒေသရှိ ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိက အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးသို့** တက်ရောက် အမှာစကားပြောကြားသည်။

ဒုတိယသမ္မတသည် နံနက် ၈ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင်၊ သာသနာရေး နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ

*စာမျက်နှာ ၃ ကော်လံ ၁* ✻



ဒုတိယသမ္မတ ဦးမြင့်ဆွေ ပုဂံ - ညောင်ဦးဒေသရှိ ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ထိန်းသိမ်းမှုအခြေအနေများနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်




No.501, Pyay Road, Kamaryut Township, Yangon, Myanmar. Tel : +95(01)2304270~2, Fax : +95(01)537176, Email : contact@apq-electric.com
No.31/D, Block 900, 78 Road, between 42nd and 43rd Road, Mahar Aung Myay Township, Mandalay. Tel : +95 (02) 4033449, www.apq-electric.com

မြန်မာ့အလင်း

# လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်း ပြည့်တော့မည်

မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုက နှစ်စဉ် မြင့်တက်နေသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် လျှပ်စစ်ဓာတ်အားသည် မရှိမဖြစ်လိုအပ်ချက်ဖြစ်သည့်အလျောက် စက်ရုံ၊ အလုပ်ရုံများ၊ ကုန်ထုတ်လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာသည်နှင့်အမျှ ဓာတ်အားကို တိုးချဲ့ထုတ်လုပ်ရန် လိုအပ်လာသည်။ တစ်ဖက်တွင်လည်း ပြည်သူလူထု၏ ဝင်ငွေတိုးတက်လာမှုအတိုင်းအတာအရ လျှပ်စစ်ပစ္စည်းများ သုံးစွဲမှုတိုးတက်မြင့်မားလာခြင်းနှင့်အတူ ဓာတ်အားလိုအပ်ချက်လည်း မြင့်မားလာသည်။ သို့ဖြစ်သည့်အလျောက် စက်ရုံ၊ အလုပ်ရုံများနှင့် လူနေအိမ်ခြေများအတွက် ဓာတ်အားလိုအပ်ချက်တို့ မြင့်တက်လာရခြင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အိမ်ထောင်စုပေါင်း ၁၀ ဒသမ ၇ သန်းကျော်ရှိရာ လျှပ်စစ်သုံးစွဲမှုအနေဖြင့် ၂၀၁၅ ခုနှစ်တွင် ၂၄၉၇ မဂ္ဂါဝပ်၊ ၂၀၁၆ ခုနှစ်တွင် ၂၈၀၂ မဂ္ဂါဝပ်၊ ၂၀၁၇ ခုနှစ်တွင် ၃၀၇၅ မဂ္ဂါဝပ်၊ ၂၀၁၈ ခုနှစ်တွင် ၃၅၈၇ မဂ္ဂါဝပ် သုံးစွဲခဲ့သည်ကို ကြည့်ခြင်းအားဖြင့် နှစ်စဉ်ဓာတ်အားသုံးစွဲမှုတိုးတက်နေသည်မှာ မြင်သာသည်။ ဓာတ်အားသုံးစွဲမှုနှင့် ထုတ်လုပ်မှုတို့အကြား အပြည့်အဝမရရှိသေးသော်လည်း ဓာတ်အားတိုးချဲ့ ထုတ်လုပ်ဖြည့်ဆည်းပေးလျက်ရှိသည်မှာ အသေအချာပင်ဖြစ်ရာ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်း ပြည့်မြောက်သည့် အထိမ်းအမှတ်အခမ်းအနားကို မကြာမီကျင်းပသွားရန် စီစဉ်နေသည်ဟု သိရသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက နိုင်ငံ၏ဓာတ်အားလိုအပ်ချက်ကို နှစ်အလိုက် တိုးချဲ့ထုတ်လုပ်ဖြည့်ဆည်းပေးလျက်ရှိပြီး ခရစ်နှစ် ၂၀၃၀ ပြည့်နှစ်တွင် မြန်မာတစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား ရာခိုင်နှုန်းပြည့်သုံးစွဲနိုင်ရေးအတွက်လည်း ဦးတည်ကြိုးပမ်းလျက်ရှိသည်။ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (National Electrification Plan–NEP) ကို အကောင်အထည်ဖော်လျက်ရှိရာ မဟာဓာတ်အားလိုင်းနှင့် ၁၀ မိုင်အထက် ဝေးကွာသည့် ကျေးရွာများလျှပ်စစ်ဓာတ်အားရရှိရေးတွင်မူ အခြားနည်းလမ်းများဖြင့် ဆောင်ရွက်သွားမည်ဟု သိရသည်။ အခြားနည်းလမ်းများဟု ဆိုရာတွင် နေစွမ်းအင်၊ ရေစွမ်းအင်၊ လေစွမ်းအင်၊ ဇီဝလောင်စာစွမ်းအင် စသည်ဖြင့် နည်းလမ်းများဖြင့် ဆောင်ရွက်ကြမှာဖြစ်သည်။ ယခုနှစ်အတွင်း မြန်မာနိုင်ငံအနေဖြင့် လျှပ်စစ်ဓာတ်အား ၄၀၃၂ မဂ္ဂါဝပ် သုံးစွဲခဲ့သည်ဟု ခန့်မှန်းထားရာ ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး ဓာတ်အားသုံးစွဲမှု ရာနှုန်းပြည့်ရရှိရေးအတွက် လက်ရှိထုတ်လုပ်မှု၏ နှစ်ဆကျော်ကျော်ကို ၁၀ နှစ်တာကာလအတွင်း တိုးတက်ထုတ်လုပ်နိုင်မှ ရည်မှန်းထားချက်ကို ပြည့်မီနိုင်မည်ဖြစ်သည်။

နိုင်ငံ၏လိုအပ်ချက်အရ ဓာတ်အားတိုးချဲ့ ထုတ်လုပ်ဖို့လိုအပ်သကဲ့သို့ ဓာတ်အားများ လျော့နည်းပျောက်ဆုံးမှုမရှိရေး၊ ခိုးယူသုံးစွဲမှု မရှိရေး၊ အလေအလွင့်မရှိစေရေးတို့ကိုလည်း ထိထိရောက်ရောက် ဆောင်ရွက်သွားကြရမှာ ဖြစ်သည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူ ပြည်သူများအနေဖြင့်မူ လျှပ်စစ်ဓာတ်အားကို စနစ်တကျ သုံးစွဲပြီး ဓာတ်အားလေလွင့်ဆုံးရှုံးမှု မရှိစေရေး၊ ခိုးယူသုံးစွဲမှုမရှိစေရေးတို့အတွက် တစ်တပ်တစ်အား ဝိုင်းဝန်းကူညီကြခြင်းဖြင့် လျှပ်စစ်ဓာတ်အား မရောက်ရှိနိုင်သေးသည့် ကျေးလက်ဒေသများ ညအမှောင်တွင် လျှပ်စစ်မီးရောင်ဖြင့် တောက်ပထွန်းပြောင်နိုင်ပါစေကြောင်း။ ။

## အသေးစားဓာတ်အားလိုင်းစနစ်ဖြင့် ကျေးရွာ နှစ်ရွာ မီးလင်းတော့မည်

ဘိုကလေး နိုဝင်ဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(မဟာဓာတ်အားလိုင်း ပြင်ပအစီအစဉ်)ဖြင့် 160KW(400W ဆိုလာအချပ် ၄၀၀) အသေးစားဓာတ်အားလိုင်း နေရောင်ခြည်သုံး ဆိုလာစနစ်လျှပ်စစ်ဓာတ်အားကို ဘိုကလေးမြို့နယ် ပက်ပြဲကျေးရွာအုပ်စုရှိ ပက်ပြဲကျေးရွာနှင့် တိုးလှကျေးရွာ နှစ်ရွာအား ဒီဇင်ဘာလကုန်ပိုင်းမှစတင်၍ ပေးဝေတော့မည်ဖြစ်သည်။

အဆိုပါ ကျေးရွာ နှစ်ရွာ မီးလင်းရေးလုပ်ငန်းများကို ယခုနှစ် ဇူလိုင် ၂ ရက်မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာလကုန်ပိုင်းတွင် မီးပေးဝေနိုင်တော့မည်ဖြစ်ကြောင်း၊ စီမံကိန်းအကောင်အထည်ဖော်ရာ ကုန်ကျငွေများကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၆၀ ရာခိုင်နှုန်း၊ ကျေးရွာပြည်သူများမှ ၂၀ ရာခိုင်နှုန်း၊ တာဝန်ယူဆောက်လုပ်သည့် Mandalay Yoma Energy ကုမ္ပဏီမှ ၂၀ ရာခိုင်နှုန်း ထည့်ဝင်ခဲ့ကြောင်း သိရသည်။

မိုးစက်(ဘိုကလေး)

## ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအချိန်စာရင်း ကြေညာ

နေပြည်တော် နိုဝင်ဘာ ၂၉

၂၀၂၀ ပြည့်နှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို အောက်ပါအချိန်စာရင်းအရ ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက ကြေညာထားသည် -

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအချိန်စာရင်း

| ရက်စွဲ | အချိန် | ဘာသာရပ်များ |
|---|---|---|
| (၁) | (၂) | (၃) |
| ၁၁-၃-၂၀၂၀ ဗုဒ္ဓဟူးနေ့ | နံနက် (၉)နာရီမှ (၁၂)နာရီအထိ | မြန်မာစာ |
| ၁၂-၃-၂၀၂၀ ကြာသပတေးနေ့ | နံနက် (၉)နာရီမှ (၁၂)နာရီအထိ | အင်္ဂလိပ်စာ |
| ၁၃-၃-၂၀၂၀ သောကြာနေ့ | နံနက် (၉)နာရီမှ (၁၂)နာရီအထိ | သင်္ချာ |
| ၁၄-၃-၂၀၂၀ စနေနေ့ | နံနက် (၉)နာရီမှ (၁၂)နာရီအထိ | စိတ်ကြိုက်မြန်မာစာ |
| ၁၆-၃-၂၀၂၀ တနင်္လာနေ့ | နံနက် (၉)နာရီမှ (၁၂)နာရီအထိ | ဓာတုဗေဒ |
| ၁၇-၃-၂၀၂၀ အင်္ဂါနေ့ | နံနက် (၉)နာရီမှ (၁၂)နာရီအထိ | ရူပဗေဒ |
| ၁၈-၃-၂၀၂၀ ဗုဒ္ဓဟူးနေ့ | နံနက် (၉)နာရီမှ (၁၂)နာရီအထိ | ဇီဝဗေဒ / ဘောဂဗေဒ |
| ၁၉-၃-၂၀၂၀ ကြာသပတေးနေ့ | နံနက် (၉)နာရီမှ (၁၂)နာရီအထိ | ပထဝီဝင် |
| ၂၀-၃-၂၀၂၀ သောကြာနေ့ | နံနက် (၉)နာရီမှ (၁၂)နာရီအထိ | သမိုင်း |

သတင်းစဉ်

## တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာမည်

နေပြည်တော် နိုဝင်ဘာ ၂၉

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မိုး/ဇလ

## ရန်ကုန်သီလဝါဆိပ်ကမ်းသို့ အပျော်စီးသင်္ဘောကြီး ဆိုက်ရောက်

ရန်ကုန် နိုဝင်ဘာ ၂၉

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှု၊ Myanmar Voyages International Tourism Co.,Ltd ၏ စီစဉ်မှုဖြင့် အမေရိကန်နိုင်ငံအခြေစိုက် Silver Sea Cruises မှ ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောကြီး Ms Silver Spirit သည် ယနေ့ နံနက် ၄ နာရီခွဲခန့်တွင် သီရိလင်္ကာနိုင်ငံ ကိုလံဘိုဆိပ်ကမ်းမှတစ်ဆင့် မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်း MITT သို့ ဆိုက်ရောက်လာရာ တာဝန်ရှိသူများနှင့် ရိုးရာအကအလှများဖြင့် ကြိုဆိုကြသည်။ **(အောက်ပုံ)**

အဆိုပါ သင်္ဘောကြီးနှင့်အတူ အမေရိကန်၊ ဩစတြေးလျ၊ ဗြိတိန်၊ ကနေဒါနှင့် ဥရောပနိုင်ငံသားအများစု ပါဝင်သော ကမ္ဘာလှည့်ခရီးသည် စုစုပေါင်း ၄၈၅ ဦးနှင့် သင်္ဘောဝန်ထမ်း ၄၀၅ ဦး ကျော် လိုက်ပါလာခဲ့ပြီး ရန်ကုန်မြို့တွင်း ခရီးစဉ်များ၊ သန်လျင်၊ ပဲခူး၊ ဒလ၊ ပုဂံ၊ မန္တလေးနှင့် အင်းလေးဒေသ ခရီးစဉ်များသို့ သွားရောက် လည်ပတ်ကြမည်ဖြစ်ကြောင်း သိရသည်။

Ms Silver Spirit အပျော်စီးသင်္ဘောကြီးသည် ဒီဇင်ဘာ ၂ ရက် ညနေ ၅ နာရီခန့်တွင် ထိုင်းနိုင်ငံ ဖူးခက်ဆိပ်ကမ်းသို့ ထွက်ခွာမည်ဖြစ်သည်။ အလားတူ အပျော်စီးသင်္ဘောကြီး MV Seven Sea Voyager သည်လည်း သီလဝါရှိ ဆိပ်ကမ်းအသစ်ဖြစ်သော Thilawa Multipurpose International Terminal (TMIT) သို့ နိုဝင်ဘာ ၃၀ ရက် နေ့လယ်ပိုင်းတွင် ခရီးသည် စုစုပေါင်း ၆၀၀ ခန့်နှင့် အတူ ဆိုက်ကပ်ရန်ရှိပြီး Destination Asia Company အစီအစဉ်ဖြင့် သွားရောက် လည်ပတ်မည်ဖြစ်ကြောင်း သိရသည်။

၂၀၁၉ ခုနှစ်အတွင်း အပျော်စီးသင်္ဘောကြီး ၁၂ စင်းခန့် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်ခဲ့ပြီး နိုဝင်ဘာ ၂၅ ရက်တွင်လည်း ခရီးသည် ၃၀၀၀ ခန့် ပါဝင်သော Genting Dream Cruise အပျော်စီးသင်္ဘောကြီးသည် ကော့သောင်းခရိုင်ရှိ ညောင်ဦးဖီးကျွန်းသို့ သွားရောက်၍ နေ့ချင်းပြန်ခရီး လာရောက်ခဲ့ကြောင်း၊ ယခုကဲ့သို့ အနောက်နိုင်ငံမှ အပျော်စီးသင်္ဘောကြီးများ မြန်မာနိုင်ငံသို့ နှစ်စဉ်လာရောက်မှု တိုးတက်လာခြင်းသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် များစွာအထောက်အကူ ဖြစ်စေကြောင်း ခရီးသွားလုပ်ငန်းမှ သိရှိရသည်။




သတင်းစဉ်





ဒုတိယသမ္မတ ဦးမြင့်ဆွေ ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သည့် ပုဂံ – ညောင်ဦးဒေသရှိ ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

*❊ ရှေ့ဖုံးမှ*

အင်ဂျင်နီယာအသင်းနှင့် မြန်မာနိုင်ငံ ဗိသုကာပညာရှင်များအသင်းတို့မှ တာဝန်ရှိသူများ၊ အကြံပေးအဖွဲ့နှင့် ပညာရှင်အဖွဲ့တို့မှ တာဝန်ရှိသူများနှင့်အတူ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ရှေးဟောင်းအဆောက်အအုံ ဘုရားအမှတ် (၁၅၉၇)သဗ္ဗညုဘုရားသို့ ရောက်ရှိပြီး ရှေးမူမပျက်ဆက်လက်ပြုပြင်ဆောင်ရွက်နေမှုများနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်နှင့် လက်ထောက်အင်ဂျင်နီယာ ဒေါ်သန္တာအောင်တို့က ရှင်းလင်းတင်ပြကြသည်။



ဒုတိယသမ္မတ ဦးမြင့်ဆွေ ပုဂံရှေးဟောင်းသုတေသနပြတိုက်အတွင်းရှိ ပြခန်းများကို ကြည့်ရှုလေ့လာစဉ်။ သတင်းစဉ်

### ရှေးမူမပျက်ပြုပြင်ဆောင်ရွက်နေမှုကြည့်ရှု

ထို့နောက် ဒုတိယသမ္မတသည် ရှေးဟောင်းအဆောက်အအုံ ဘုရားအမှတ် (၁၈၁၂) ထီးလိုမင်းလိုဘုရားသို့ ရောက်ရှိပြီး ရှေးမူမပျက်ဆက်လက်ပြုပြင်ဆောင်ရွက်နေမှုများနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ အဆောက်အဦ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းဇော်က ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ရှေးဟောင်းအဆောက်အအုံ ဘုရားအမှတ်(၄၇၇၊ ၄၇၈၊ ၄၇၉)ဘုရားသုံးဆူသို့ရောက်ရှိပြီး ရှေးမူမပျက် ဆက်လက်ပြုပြင်ဆောင်ရွက်နေမှုများနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်က ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတသည်ရှေးဟောင်းအဆောက်အအုံဘုရားအမှတ်(၁၂၃၉)နန်းဘုရားသို့ ရောက်ရှိပြီး ရှေးမူမပျက်ဆက်လက်ပြုပြင် ဆောင်ရွက်နေမှုများနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်၊ German Bagan Stone Conservation Project Director Prof. Dr.Hans Leisen နှင့် Dr. Esther von Plehwe–Leisen တို့က ရှင်းလင်းတင်ပြကြသည်။

### ပညာရှင်များ၏ အကြံပြုချက်များလိုက်နာ

ဒုတိယသမ္မတသည် သဗ္ဗညုဘုရား၊ ထီးလိုမင်းလိုဘုရား၊ ဘုရားသုံးဆူနှင့် နန်းဘုရားတို့အားကြည့်ရှုစစ်ဆေးစဉ်အတွင်း ငလျင်ဒဏ်ခံ စေတီပုထိုးများကို ပြုပြင်ထိန်းသိမ်းကြရာတွင် ပညာရှင်များ၏ အကြံပြုချက်များအတိုင်း လိုက်နာဆောင်ရွက်သွားကြရန်နှင့် နောင်ဖြစ်ပေါ်လာနိုင်မည့် သဘာဝဘေးဒဏ်များအတွက်ပါမျှော်မှန်းပြီး ခံနိုင်ရည်ရှိရန်အတွက် မူလပုံစံမပျက်ထိန်းသိမ်းပြုပြင်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ ရောက်ရှိပြီး ပြတိုက်အတွင်းရှိ ပြခန်းများကို ကြည့်ရှုလေ့လာရာ ပြတိုက်တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးညီမွန်းက လိုက်လံရှင်းလင်းပြသည်။

ထို့နောက် ဒုတိယသမ္မတသည် ပုဂံရှေးဟောင်းသုတေသနပြတိုက် အစည်းအဝေးခန်းမ၌ **ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သည့် ပုဂံ – ညောင်ဦးဒေသရှိ ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေး**သို့ တက်ရောက် အမှာစကားပြောကြားသည်။

### မြန်မာတို့၏ အဖိုးမဖြတ်နိုင်သည့် ဒေသ

အစည်းအဝေးတွင် ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသသည် လွန်ခဲ့သော နှစ်ပေါင်းထောင်ကျော်က ရှေးဟောင်းအဆောက်အအုံများကို တစ်စုတစ်ဝေးတည်းတွေ့ရနိုင်သော မြန်မာတို့၏ အဖိုးမဖြတ်နိုင်သည့် ဒေသတစ်ခုဖြစ်ပါကြောင်း၊ ယခုဆိုလျှင် နိုင်ငံတစ်နိုင်ငံလုံး အနေအထားဖြင့် ပါဝင်ဆောင်ရွက်ပေးခဲ့သည့်အတွက် ပုဂံဒေသသည် ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဒေသတစ်ခုဖြစ်လာခဲ့ပါကြောင်း၊ ပုဂံယဉ်ကျေးမှုနယ်မြေသည် မြန်မာနိုင်ငံ၏ အထင်ကရနယ်မြေဖြစ်သကဲ့သို့ နိုင်ငံတကာက အထူးစိတ်ဝင်စားသည့်နယ်မြေလည်း ဖြစ်လာပါကြောင်း။

၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက် ညနေ ၅နာရီ ၅ မိနစ်တွင် အင်အား ရစ်ချ်စတာစကေး ၆ ဒသမ ၈ အဆင့်ရှိသည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ စေတီ၊ ပုထိုးများနှင့် သာသနိကအဆောက်အအုံများအနက် ၃၈၉ ဆူထိခိုက်ပျက်စီးခဲ့ပါကြောင်း၊ အဆိုပါ ထိခိုက်ပျက်စီးမှုများကို စနစ်တကျပြုပြင်ရေးနှင့် ရေရှည်ကြံ့ခိုင်စေရေးအတွက် ပြန်လည်ပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် **“ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သည့် ပုဂံညောင်ဦးဒေသရှိ ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ”** ကို ဖွဲ့စည်းခဲ့ပါကြောင်း၊ ဦးစီးကော်မတီကို ဖွဲ့စည်းခဲ့သကဲ့သို့ လုပ်ငန်းကော်မတီများ၊ ဆပ်ကော်မတီများ၊ အကြံပေးအဖွဲ့ (Advisory Team)၊ ပညာရှင်အဖွဲ့ (Technical Expert Team)နှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး ကော်မတီတို့ကဲ့သို့ လိုအပ်သည့် အဖွဲ့အစည်းများကိုလည်း ဖွဲ့စည်းခဲ့ပါကြောင်း။

၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပုဂံယဉ်ကျေးမှုနယ်မြေသို့ ပြည်ပဧည့်သည် လာရောက်လည်ပတ်ခဲ့သည့် ဦးရေမှာ သုံးသိန်းခန့်ရှိပြီး ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လေးသိန်းကျော် လာရောက်လည်ပတ်ခဲ့သည်ကို တွေ့ရပါကြောင်း၊ ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေသည် ကမ္ဘာ့အမွေအနှစ်ဒေသဖြစ်လာပြီးနောက် ပြည်ပဧည့်သည်လာရောက်လည်ပတ်မှုများသည် ဆက်လက်တိုးတက်လာမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပုဂံယဉ်ကျေးမှုနယ်မြေကို စဉ်ဆက်မပြတ် စနစ်တကျထိန်းသိမ်းစောင့်ရှောက်သွားကြရန် ပိုမိုလိုအပ်မည် ဖြစ်ပါကြောင်း။

ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သည့် စေတီပုထိုးများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း များကို ငလျင်ပြီးပြီးချင်းမှာပင် ပြည်တွင်း၊ ပြည်ပပညာရှင်များ၊ ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဒေသအာဏာပိုင်များ၊ ပြည်သူများနှင့် ပရဟိတအဖွဲ့များက အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရပါကြောင်း၊ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ရှေးဟောင်းစေတီပုထိုးများကို ပြန်လည်ပြုပြင်ထိန်းသိမ်းရေးအတွက် UNESCO အဖွဲ့ အစည်းအပါအဝင် ပြည်တွင်း၊ ပြည်ပပညာရှင်များဖြင့် ညှိနှိုင်းဆွေးနွေးမှုအရ ပျက်စီးခဲ့သည့် ၃၈၉ ဆူတွင် ပထမဦးစားပေးပြုပြင်ထိန်းသိမ်းရန် ၃၆ ဆူ၊ ဒုတိယဦးစားပေးပြုပြင်ထိန်းသိမ်းရန် ၅၃ ဆူ၊ တတိယဦးစားပေးပြုပြင်ထိန်းသိမ်းရန် ၇၆ ဆူနှင့် အသေးစားပြုပြင်ရန် ၂၂၄ ဆူ ခွဲခြားသတ်မှတ်ခဲ့ပါကြောင်း၊ ငလျင်ဖြစ်ပွားပြီး ယနေ့အထိ သုံးနှစ်ကာလအတွင်း ပထမဦးစားပေးအဖြစ် ၂၆ ဆူ၊ ဒုတိယ ဦးစားပေးအဖြစ် ၄၃ ဆူ၊ တတိယဦးစားပေးအဖြစ် ၆၆ ဆူနှင့် အသေးစားပြုပြင်ခဲ့သည့် စေတီ ၂၂၄ ဆူအပါအဝင် စုစုပေါင်း ၃၅၉ ဆူကို ရှေးမူပုံစံမပျက်ပြုပြင်ထိန်းသိမ်းပြီးဖြစ်ပါကြောင်း၊ လက်ရှိလုပ်ငန်းဆောင်ရွက်ဆဲ ၁၉ ဆူနှင့် ဆောင်ရွက်ရန် ကျန် ၁၁ ဆူသာရှိသည်ကိုတွေ့ရပါကြောင်း၊ ငလျင်လှုပ်ခတ်ပြီးနောက် ပြန်လည်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၊ ဆက်စပ်ဌာနများ၊ ပရဟိတအသင်းအဖွဲ့များ၊ ဒေသခံများ၊ ဒေသတွင်းမှ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

### ဖြစ်လာနိုင်မည့်သဘာဝဘေးများ မျှော်မှန်းတွက်ချက်

ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထပ်မံဖြစ်ပွားလာနိုင်သည့် သဘာဝဘေးအန္တရာယ်များအတွက်ပါ မျှော်မှန်းတွက်ချက်ပြီး လေးနှစ်စီမံကိန်းချမှတ်ကာ နှစ်အလိုက်အဆင့်ဆင့် ကြိုတင်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကိုပါ ဆောင်ရွက်သွားရန် လျာထားဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ထို့အပြင် **ငလျင်ဒဏ်ခံ စေတီပုထိုးများကို ပြုပြင်ထိန်းသိမ်းရာတွင် ရေရှည်ကြံ့ခိုင်စေရန် ရည်မှန်း၍ အချိန်ယူကာ မူလပုံစံအတိုင်း ပြုပြင်သွားရန်** အလေးအနက်ပြောကြားလိုပါကြောင်း၊ သို့ဖြစ်ပါ၍ ပြုပြင်ထိန်းသိမ်းရန် ကျန်ရှိနေသေးသည့် စေတီပုထိုး ၁၁ ဆူကိုလည်း ရေရှည်ကြံ့ခိုင်စေရန် ရည်မှန်း၍ အချိန်ယူကာ မူလပုံစံအတိုင်းပြုပြင် ထိန်းသိမ်းဆောင်ရွက်သွားကြရန်၊ နောင်ဖြစ်ပေါ်လာနိုင်မည့် သဘာဝဘေးအန္တရာယ်များအတွက်ပါ မျှော်မှန်းတွက်ချက်၍ ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၏ နည်းပညာအကူအညီများရယူဆောင်ရွက်သွားရန်၊ ၎င်းအပြင် အသုံးပြုမည့် ပစ္စည်းများကိုလည်း ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းရေးဆိုင်ရာ စံချိန်စံညွှန်းပြည့်မီသည့်ပစ္စည်းများကို အသုံးပြုဆောင်ရွက်သွားရန်၊

*စာမျက်နှာ ၄ သို့*

# ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီး ရာထူးမှ နုတ်ထွက်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ်၊ ၄၉/၂၀၁၉**

**၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်**

**(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်)**

**ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီး ရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၁၂၊ ပုဒ်မခွဲ(က)နှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၄၉၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ ရခိုင်ပြည်နယ် တရားလွှတ်တော်တရားသူကြီး ဦးသိန်းအောင် ကို ယင်း၏သဘောဆန္ဒအလျောက် ၂၀၁၉ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့မှစ၍ ရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာ သက်တင်ညွန့်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘူမိဗေဒလေ့လာရေးနှင့်<br>ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ဘူမိဗေဒလေ့လာရေးနှင့်<br>ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာ နီနီဦး<br>ဒုတိယပါမောက္ခချုပ်<br>မြိတ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မြိတ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၃) | ဒေါက်တာ ကျော်ထွန်း<br>ဒုတိယပါမောက္ခချုပ်<br>လားရှိုးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>လားရှိုးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၄) | ဒေါက်တာ အောင်ဝင်း<br>ဒုတိယပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ်<br>(ရတနာပုံဆိုက်ဘာစီးတီး)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ်<br>(ရတနာပုံဆိုက်ဘာစီးတီး)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၅) | ဒေါက်တာ ခင်ထိုက်ထိုက်လွင်<br>ဒုတိယပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ်(ကျောက်ဆည်)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ်(ကျောက်ဆည်)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၆) | ဒေါက်တာ သန္တာသိန်း<br>ဒုတိယပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ်(မအူပင်)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ်(မအူပင်)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |


ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် ရှင်းလင်းတင်ပြစဉ်။


မန္တလေးတိုင်းဒေသကြီးခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင် ရှင်းလင်းတင်ပြစဉ်။

*စာမျက်နှာ ၃ မှ*

ရှေးဟောင်းအမွေအနှစ်နှင့် ကိုက်ညီပြီး စံချိန်စံညွှန်းပြည့်မီသည့် ပစ္စည်းဖြစ်ရေးအတွက် သက်ဆိုင်ရာ ဆက်စပ်ဝန်ကြီးဌာနများမှ အကူအညီပေးရန်နှင့် ပြည်တွင်း၊ ပြည်ပ ပညာရှင်များနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများအားလုံး စဉ်ဆက်မပြတ် ညှိနှိုင်းတိုင်ပင်၍ စည်းစည်းလုံးလုံးဖြင့် စီမံကိန်းချမှတ် ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ပြန်လည်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါတွင် ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ရှုထောင့်ကလည်း ရှုမြင်ရန်လိုအပ်သကဲ့သို့ ပုဂံဒေသသည် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်လာပြီဖြစ်သည့်အတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ အကြံပြုချက်များအရ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျထိန်းသိမ်းသွားကြရမည်ဖြစ်ပါကြောင်း။

ငလျင်ဒဏ်သင့် ပုဂံစေတီပုထိုးများအတွက် ပြည်တွင်း၊ ပြည်ပမှ သဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများ လှူဒါန်းခဲ့ကြရာ ၂၀၁၆ ခုနှစ် ငလျင်ဖြစ်ပွားခဲ့ချိန်မှ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာ ၃၁ ရက်အထိ မြန်မာကျပ်ငွေ ၆၅,၇၂၄ သိန်းကျော်၊ အမေရိကန်ဒေါ်လာ ၁၁ သိန်းခန့်၊ ထိုင်းဘတ်ငွေ ၁၀,၈၂၀၊ စင်ကာပူဒေါ်လာ ၇,၂၅၀၊ ဂျပန် ယန်း ၃၀,၀၀၀ အပါအဝင် တရုတ်ယွမ်၊ မလေးရှားရင်းဂစ်၊ ကိုရီးယား ဝမ်၊ ဥရောပသုံးငွေယူရိုတို့ကိုပါ လက်ခံရရှိထားပါကြောင်း၊ အဆိုပါ အလှူငွေများဖြင့် ငလျင်ဒဏ်သင့် ပုဂံစေတီပုထိုးများကို ပြုပြင်ရာတွင် သတ်မှတ်ဖွဲ့စည်းထားသည့် ကော်မတီ၏ ကြီးကြပ်မှုဖြင့် စနစ်တကျ အကျိုးရှိရှိ သုံးစွဲသွားကြရန် ပြောကြားလိုပါကြောင်း။

ငလျင်ဒဏ်ခံ သာသနိကအဆောက်အအုံများ ရေရှည်တည်တံ့ရေးအတွက် ပြန်လည်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ခဲ့ကြသည့် ပြည်တွင်း၊ ပြည်ပပညာရှင်များ၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ ဒေသခံများအနေဖြင့် ဆက်လက်ကူညီဆောင်ရွက် ပေးသွားကြပါရန်နှင့် သက်ဆိုင်ရာကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် လိုအပ်သည့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင် က ပြုပြင်ရန်ကျန်ရှိသည့် စေတီပုထိုးများ၏ အခြေအနေ၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ပြီးစီး၍ ပြန်လည်ဝင်ရောက်ဖူးမြော်ခွင့်ပြုထားသည့် စေတီပုထိုးများ အခြေအနေနှင့် ဘဏ္ဍာရန်ပုံငွေသုံးစွဲမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက ဦးစားပေးအစီအစဉ်အတိုင်း နှစ်အလိုက်စီမံချက်ချမှတ်ကာ ပြုပြင်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ လက်ရှိပြုပြင် ဆောင်ရွက်နေမှုအခြေအနေများနှင့် ရေရှည်တည်တံ့ခိုင်မြဲပြီး ရှေးမူမပျက်ပြုပြင် ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရှေးဟောင်းသုတေသနနှင့်


ဒုတိယဝန်ကြီး ဦးကြည်မင်း ရှင်းလင်းတင်ပြစဉ်။


ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင် ရှင်းလင်းတင်ပြစဉ်။

အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့်ပုဂံဒေသရှိ စေတီပုထိုးများအား အဆင့်အလိုက် ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်နေမှုများ၊ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပညာရှင်အဖွဲ့မှ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းလွင် က Technical Expert Team အဖွဲ့၏ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာနိုင်ငံ ဗိသုကာပညာရှင်များ အသင်းနာယက ဒေါက်တာကျော်လတ်က ပုဂံဒေသရှိ စေတီပုထိုးများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် Master Plan ရေးဆွဲဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ Technical Expert Team အဖွဲ့ဝင် ဦးစန်းကြူက Technical Expert Team အဖွဲ့၏လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ ညှိနှိုင်းရေးမှူး ဒေါ်ဥမ္မာမျိုးက နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က အလှူငွေကောက်ခံရရှိမှုများနှင့် သုံးစွဲမှုအခြေအနေများကို လည်းကောင်း၊ အဆောက်အဦအထူးအဖွဲ့(၇)မှ လက်ထောက်အင်ဂျင်နီယာဒေါ်ခင်သန်းဆင့် က စေတီပုထိုးများပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးစိုးလင်းက စေတီပုထိုးများအား ပြုပြင်ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ရန်ကျန်ရှိနေမှု အခြေအနေများနှင့် နိုင်ငံတကာပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဂံ-ညောင်ဦးဒေသရှိ ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းပါဝင် ကူညီဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင်၊ ဒုတိယဝန်ကြီး ဦးကြည်မင်းနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဂံဒေသရှိ စေတီပုထိုးများ ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှုအခြေအနေများ၊ လုပ်ငန်းလိုအပ်ချက်များ၊ ပုဂံဒေသရေရှည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

*✻ ကျောဖုံးမှ*

စစ်ရာဇဝတ်မှုများ(War Crimes)၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ(Crimes Against Humanity)၊ လူမျိုးသုဉ်းသတ်ဖြတ်မှု(Genocide)တို့ ပါဝင်ကြောင်း၊ အထူးအဖွဲ့အနေဖြင့် နိုင်ငံတကာ ရာဇဝတ်ဥပဒေနှင့် သက်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ နိုင်ငံတကာရာဇဝတ်တရားစီရင်ရေးနှင့် တရားရုံးလုပ်ထုံးလုပ်နည်းများအပြင် ပြည်တွင်းဥပဒေများကို လေ့လာ၍ တွေ့ရှိချက်များကို အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအပေါ် နိုင်ငံတကာ ရာဇဝတ်မှုဥပဒေ၏ သက်ရောက်မှုများကိုလည်း လေ့လာသုံးသပ်တင်ပြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက နိုင်ငံတကာ ရာဇဝတ်မှု တရားစီရင်ရေးဆိုင်ရာ အထူးအဖွဲ့က ဆောင်ရွက်မည့် လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါအစည်းအဝေးသို့ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ နိုင်ငံတော်သမ္မတရုံး၏ အကြံပေးပုဂ္ဂိုလ် သံအမတ်ကြီး ဦးမောင်ဝေ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထူးအဖွဲ့မှ အဖွဲ့ဝင်များနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

● *ကျောဖုံးမှ*

မိတ်ဖက်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍနှင့်လုပ်ငန်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ငါးနှစ်တစ်ကြိမ် ကျင်းပ**

အခမ်းအနားတွင် ဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ကုလသမဂ္ဂစာရင်းအင်း ကော်မရှင်က အောက်တိုဘာလ ၂၀ ရက်နေ့ကို ကမ္ဘာ့စာရင်းအင်းနေ့အဖြစ် သတ်မှတ်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးတွင် ငါးနှစ် တစ်ကြိမ် ကျင်းပလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ကမ္ဘာ့စာရင်းအင်းနေ့ကို ၂၀၁၅ ခုနှစ်တွင် ကျင်းပနိုင်ခဲ့ပြီး စာရင်းအင်းဆိုင်ရာ အချက်အလက် ထုတ်ပြန်သူများနှင့် အချက်အလက်သုံးစွဲသူများအကြား ဆက်ဆံရေးကောင်းမွန်စေရန်၊ လိုအပ်နေသည့် စာရင်းအင်းများ ဖြည့်ဆည်းရန်နှင့် အကျိုးသက်ဆိုင်သူများအကြား ပူးပေါင်းဆောင်ရွက်ရန် ပြုလုပ်သည့် Platform တစ်ရပ်အဖြစ် မြန်မာစာရင်းအင်းဖိုရမ် (၂၀၁၈)ကို ကျင်းပနိုင်ခဲ့ကြောင်း။

ယနေ့ ၂၀၁၉ ခုနှစ် ဖိုရမ်ကို မြန်မာနိုင်ငံတွင် အရည်အသွေးပြည့်ဝသည့် စာရင်းအင်းများ ထုတ်ပြန်နိုင်ရေးအတွက် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ခြင်း၏အရေးပါမှုကို သိရှိစေရန်၊ စာရင်းအင်းအချက်အလက်များ၏ အရေးပါမှုကို ပြည်သူများအား အသိပညာပေးမြှင့်တင်ပေးရန် ရည်ရွယ်ပြီး "စာရင်းအင်းအချက်အလက်နှင့် လူမှုအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရန် စာရင်းအင်းဆိုင်ရာ အသိပညာမြှင့်တင်ကြပါစို့" "Our Statistics, Our Society: Promoting Statistical Literacy" ဆိုသည့် ဆောင်ပုဒ်နှင့် ကျင်းပခြင်းဖြစ်ပါကြောင်း။

ထို့ပြင် ယနေ့အခမ်းအနား၏ နောက်ထပ် ရည်ရွယ်ချက်များမှာ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် စတင်အသက်ဝင်လာသည့် စာရင်းအင်းဥပဒေ၏ အခန်းကဏ္ဍနှင့် စာရင်းအင်း ဆိုင်ရာပညာရပ်၏ အရေးပါမှုကို မြို့ပြ၊ ကျေးလက်အလွှာအသီးသီးအထိ သိရှိနားလည်စေရန်အတွက် အသိပညာပေးရန်၊ ကဏ္ဍစုံ၊ ဌာနစုံ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စာရင်းအင်း အရည်အသွေး မြှင့်တင်ရန်နှင့် ကျောင်းသား လူငယ်များအကြား စာရင်းအင်းပညာရပ်အား လက်တွေ့အသုံးပြုမှု မြှင့်တင်ပေးရေးအတွက် Statistics Quiz များ ဆောင်ရွက်နိုင်ရန်အတွက် ဖြစ်ပါကြောင်း။

**စာရင်းအင်းများသည် မရှိမဖြစ် အရေးပါ**

စာရင်းအင်း အချက်အလက် မှန်ကန်ရေးကိစ္စသည် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက်ပါ အလွန်အရေးပါပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးစေရန် အခြေခံဖြစ်သည့် စာရင်းအင်းများ ရှေ့နောက်ညီညွတ်မှုရှိရန်၊ အချိန်မီရရှိရန်၊ ယုံကြည်ကိုးစားနိုင်သည့် ခိုင်မာသည့် စာရင်းအင်းများရရှိရန်၊ အထူးသဖြင့် ပုဂ္ဂလိကကဏ္ဍမှ စာရင်းအင်းများရရှိရန် လိုအပ်လျက်ရှိပါကြောင်း၊ အရည်အသွေးရှိသည့်စာရင်းအင်းများရရှိမှသာ နိုင်ငံတော်၏ လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများကို ထင်ဟပ်နိုင်မည် ဖြစ်ပါကြောင်း၊ ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် လက်တွေ့ကျသည့် မူဝါဒများကို ခိုင်မာအောင်ဆောင်ရွက်သည့်နေရာတွင် အရည်အသွေးရှိသည့် စာရင်းအင်းများသည် မရှိမဖြစ်အရေးပါပြီး ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်နေသည့် ကဏ္ဍများ၊ နေရာဒေသများအတွက် ဦးစားပေး ရှာဖွေဖော်ထုတ်ရာတွင်လည်း အလွန်အရေးပါပါကြောင်း။

ထို့အပြင် မူဝါဒပိုမိုကောင်းမွန်ရန် ပြင်ဆင်ရန် ရှိနေသည်များကိုလည်း ပြန်လည်ပြင်ဆင်နိုင်မည် ဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း မှန်ကန်သည့်အချက်အလက်များအပေါ်အခြေခံပြီး ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်မှသာ အရှုံးဖြစ်ပေါ်နိုင်မှုနှင့် စွန့်စားရမှု (Risk Management) တို့ကို ထိရောက်စွာ စီမံခန့်ခွဲနိုင်မည် ဖြစ်ပါကြောင်း။

စာရင်းအင်းဥပဒေအရ စာရင်းအင်း မူဝါဒအနှစ်ချုပ် (Statistical Policy Brief)၊ စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးမှုအမျိုးသားအဆင့်မဟာဗျူဟာ (National Strategy for Develop– ment of Statistics – NSDS) နှင့် NSDS Action Plan တို့ကို ရေးဆွဲခဲ့ပြီး သက်ဆိုင်ရာအလိုက် လုပ်ငန်းအဖွဲ့များဖွဲ့စည်းကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခေတ်စနစ်နှင့်အညီ၊ ဌာနများ၏ လိုအပ်ချက်နှင့်အညီ အကောင်အထည်ဖော်နိုင်ရန်အတွက် NSDS Action Plan ကို Living Document အနေဖြင့် ထားရှိဆောင်ရွက်လျက်ရှိပါကြောင်း။

**ကျင့်ဝတ်နှင့်အညီ လိုက်နာဆောင်ရွက်ကြရမည်**

နိုင်ငံတိုင်းတွင် စာရင်းအင်း ထုတ်လုပ်သူများ၊ စာရင်းအင်းအသုံးပြုသူများနှင့် စာရင်းအင်းနှင့် ဆက်နွယ်ပတ်သက်နေသူများအားလုံး လိုက်နာ ဆောင်ရွက်ရမည့်ကျင့်ဝတ်များ ထုတ်ပြန်ထားသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ထုတ်ပြန်နိုင်အောင် ဆောင်ရွက်နေပြီ ဖြစ်သည့်အတွက် ထွက်ပေါ်လာမည့် ကျင့်ဝတ်နှင့်အညီ လိုက်နာဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ထို့အပြင် မိမိတို့နိုင်ငံ၏ အခြေအနေနှင့်လျော်ညီသည့် ဖွံ့ဖြိုးမှု လိုအပ်ချက်များကို ထည့်သွင်းထားသည့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈–၂၀၃၀) (Myanmar Sustainable Develop– ment Plan– MSDP 2018–2030)ကို အတည်ပြုခဲ့ပြီး ရေးဆွဲထားသည့် မဟာဗျူဟာများနှင့်အညီ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ MSDP ကို အကောင်အထည်ဖော်ဆောင်ရာတွင် တိုးတက်မှု၊ ထိရောက်မှုများကို စောင့်ကြည့် အကဲဖြတ်နိုင်စေရန်အတွက် အမျိုးသားညွှန်ကိန်းမူဘောင် (National Indicator Framework– NIF)တစ်ရပ် ပေါ် ထွက်လာစေရေး ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်သူတို့၏ လူနေမှုဘဝကို မြှင့်တင်ပေးနိုင်ရန်၊ လက်တွေ့ကျသည့် စီမံကိန်းများတွင် မှန်ကန်သည့် စာရင်းအင်းများ အသုံးပြုနိုင်ရန် လိုအပ်သည့်အတွက် အစိုးရဌာနအသီးသီးအနေဖြင့် မိမိတို့၏ စာရင်းအင်းကဏ္ဍ ပိုမိုကောင်းမွန်လာရန် ဆောင်ရွက်ရာတွင် ပုဂ္ဂလိကကဏ္ဍ၊ သုတေသနအဖွဲ့အစည်းများနှင့် ပညာရှင်များ၊ လူမှုအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများ သတင်းမီဒီယာများအားလုံး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

စာရင်းအင်းရလဒ်များကိုထိရောက်မှန်ကန်စွာထုတ်ပြန်နိုင်စေရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ စာရင်းအင်းဆိုင်ရာ အချက်အလက်ထုတ်ပြန်သူများနှင့် အချက်အလက်သုံးစွဲသူများအကြား ဆက်သွယ်ပေါင်းစည်းမှုများ တိုးတက်ကောင်းမွန်စေရေး ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် "စာရင်းအင်းကိန်းဂဏန်းများ တိကျမှန်ကန်ရေး" အတွက် အချက်အလက်များကို စုစည်းခြင်း၊ ပြုစုခြင်း၊ ခွဲခြားဆန်းစစ်ခြင်း၊ အစီရင်ခံခြင်း၊ ထုတ်ပြန်ခြင်း စသည့်လုပ်ငန်းစဉ်များတွင် ထိရောက်ပြီး စွမ်းဆောင်ရည်ပြည့်ဝစွာ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

**ယုံကြည်မှုတိုးမြှင့်စေနိုင်**

စာရင်းအင်း အချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးသည် နိုင်ငံတစ်နိုင်ငံ၏ ပုံရိပ်ကိုဖော်ပြနိုင်ပြီး တစ်ဖက်တွင်လည်း အစိုးရနှင့်ပြည်သူများအကြား၊ နိုင်ငံတကာ အသိုင်းအဝိုင်းများအကြား ယုံကြည်မှုတိုးမြှင့်စေနိုင်ပါကြောင်း၊ စာရင်းအင်းအချက်အလက်များသည် နိုင်ငံတစ်နိုင်ငံ၏ သမိုင်းမော်ကွန်းမှတ်တမ်းများအတွက် အခြေခံအလွန်ကျပါကြောင်း။

မိမိတို့နိုင်ငံအနေနှင့် အခြားနိုင်ငံများနည်းတူ စာရင်းအင်းနယ်ပယ်တွင် အရည်အသွေးရှိသည့် စာရင်းအင်းများကို ရရှိရန်ဆိုလျှင် စာရင်းအင်း နယ်ပယ်သည် ခေတ်စနစ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာရန်လိုပါကြောင်း၊ စာရင်းအင်းနယ်ပယ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စစ်တမ်းများကောက်ခံရန် လိုအပ်သကဲ့သို့ ဌာနဆိုင်ရာများ၏ အုပ်ချုပ်မှုမှတ်တမ်းများ ပြည့်စုံမှန်ကန်စေရေး၊ အသေးစိတ် အချက်အလက်များ မှတ်တမ်းများတွင် ပါဝင်စေရေးသည်လည်း အရေးပါပါကြောင်း၊ စာရင်းအင်းနှင့် ဆန်းစစ်လေ့လာမှုများ ဆောင်ရွက်တတ်ရန်၊ စာရင်းအင်းများစနစ်တကျစုစည်းရေးသွင်းမှတ်သားခြင်း ကိစ္စရပ်ကို အပိုအလုပ်သဖွယ်မမြင်ဘဲ နိုင်ငံတော်၏ ယန္တရားချောမွေ့စွာလည်ပတ်နိုင်ရေးအတွက် အလွန်အရေးကြီးသည်ဟု သိမြင်ပြီး စာရင်းအင်းဆိုင်ရာ အသိပညာနှင့်အချက်အလက်များကို အသုံးပြုသည့် အလေ့အထ (Data Culture) ကို ဌာနဆိုင်ရာများမှသာမက အများပြည်သူနှင့် ပုဂ္ဂလိက စီးပွားရေးအဖွဲ့အစည်းများအကြားတွင်ပါ ပျံ့နှံ့စေရေးအတွက် Platform တစ်ခု ဖြစ်ပေါ်လာအောင် မြန်မာစာရင်းအင်းဖိုရမ်ကို နှစ်စဉ်ကျင်းပဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း။ *စာမျက်နှာ ၈ သို့*




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ၂၀၁၉ ခုနှစ် ကမ္ဘာ့စာရင်းဆိုင်ရာအထိမ်းအမှတ်နေ့ စာရင်းအင်းဆိုင်ရာ သုတဉာဏ်စမ်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် မိတ္ထီလာစီးပွားရေးတက္ကသိုလ်မှ အဖွဲ့ခေါင်းဆောင်နှင့် ကျောင်းသား ကျောင်းသူများအား ဆုပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ဒုတိယဆုရရှိသည့် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ အဖွဲ့ခေါင်းဆောင်နှင့် ကျောင်းသား ကျောင်းသူများအား ဆုပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တတိယဆုရရှိသည့် မုံရွာစီးပွားရေးတက္ကသိုလ်မှ အဖွဲ့ခေါင်းဆောင်နှင့် ကျောင်းသား ကျောင်းသူများအား ဆုပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်

# အငယ်ဆုံးအသက် ILO ပြဋ္ဌာန်းချက် အမှတ် ၁၃၈ ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အတည်ပြုလက်ခံကျင့်သုံးနိုင်ရေး ဆောင်ရွက်သွားမည်

**နေပြည်တော်  နိုဝင်ဘာ ၂၉**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမ နေ့ကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်း၏ **ကလေးသူငယ်များ အလုပ်ခိုင်းစေမှုအငယ်ဆုံးအသက်ဆိုင်ရာ ILO Convention No.(138) ကို အတည်ပြုလက်မှတ်ရေးထိုးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မြန်မာနိုင်ငံအနေဖြင့် ကလေးသူငယ်များ အလုပ်ခိုင်းစေမှု အငယ်ဆုံးအသက်ဆိုင်ရာ ပြဋ္ဌာန်းချက် ILO Convention No.(138)ကို လက်ခံအတည်ပြုရန် ၂၀၁၉ ခုနှစ် ဇွန်လတွင် ကျင်းပခဲ့သည့် ILC ညီလာခံတွင် အလုပ်သမား၊ အလုပ်ရှင်၊ အစိုးရတို့ ပူးပေါင်းပြီး အဆိုပါ Convention ကို လိုက်နာလက်မှတ်ရေးထိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်ဟု ကြေညာခဲ့ပါကြောင်း၊ ထို့အပြင် အဆိုပါ Convention နှင့် ပတ်သက်၍ လိုက်နာကျင့်သုံးရန်အတွက် သင့်၊ မသင့်ကိုလည်း ဌာနတွင်းဆွေးနွေးမှု၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆွေးနွေးမှုနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြ၍ ဆောင်ရွက်ခဲ့ပါကြောင်း၊ အားလုံး၏ သဘောတူခွင့်ပြုချက်ရရှိသည့်အတွက် ပြည်ထောင်စုအစိုးရသို့လည်းတင်ပြခဲ့ပြီး ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့အစည်းအဝေးကလည်း သဘောတူပြီးဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂၆ရက်တွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်သို့လည်း အဆိုပါ အငယ်ဆုံးအသက် ILO ပြဋ္ဌာန်းချက် အမှတ် ၁၃၈ ကို လက်ခံကျင့်သုံးရေးအတွက်ကိုလည်း ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့ပါက မြန်မာနိုင်ငံအနေဖြင့် အငယ်ဆုံးအသက် ILO ပြဋ္ဌာန်းချက် အမှတ် ၁၃၈ ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အတည်ပြုလက်ခံကျင့်သုံးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ



ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်း



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး



ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး

## ၁၆ ခုတင် ဆေးရုံများတွင် သွားနှင့်ခံတွင်းဆရာဝန် ခန့်အပ်ရန် အစီအစဉ်မရှိသေး

ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး၏ **တိုက်နယ်ဆေးရုံများတွင် သွားနှင့်ခံတွင်း ကျန်းမာရေးဆိုင်ရာဌာန တိုးချဲ့ဖွင့်လှစ်ပေးရန်နှင့် ဆရာဝန် ခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မြို့နယ်အဆင့်၌ ကုသရေးဦးစီးဌာနအောက်တွင် သွားနှင့်ခံတွင်း ဆရာဝန်တစ်ဦး၊ ပြည်သူ့ကျန်းမာရေးတွင် နှစ်ဦးဖြစ်ပါကြောင်း၊ ထိုဆရာဝန်သုံးဦးသည် အလှည့်ကျကွင်းဆင်းရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကွင်းဆင်းသည့်အခါ အခြေခံကျသည့် သွားနှင့်ခံတွင်းဝန်ဆောင်မှုများပေးပါက ပြည်သူများသည် သွားနှင့်ပတ်သက်သည့် ရောဂါများကို ကြိုတင်သိရှိနိုင်ပြီး မဖြစ်အောင် ကာကွယ်မည်ဆိုပါက ပြည်သူများ သွားနှင့်ခံတွင်းရောဂါဖြစ်ပွားရန် အလားအလာ အလွန်နည်းသွားမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုအချိန်မှစ၍ အမြန်ဆုံးဆောင်ရွက်ပေးမည်ဖြစ်ပြီး လောလောဆယ်တွင် ၁၆ ခုတင် ဆေးရုံများတွင် သွားနှင့်ခံတွင်းဆရာဝန် ခန့်အပ်ရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းဘသိန်း၏ **လင်းခေးမြို့နယ်တွင် သင့်လျော်သော မြေနေရာ၌ အဆင့်မီမိုးလုံလေလုံအားကစားရုံတစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်တွင် ရှမ်းပြည်နယ်ခွင့်ပြုရန်ပုံငွေစာရင်းတွင် ပွဲကြည့်စင်တည်ဆောက်ခြင်းလုပ်ငန်းအတွက် ငွေကျပ်သန်း ၂၃၀ ဖြင့် ခွင့်ပြုချက်ရရှိ၍ တင်ဒါခေါ်ယူထားပြီး ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် တင်ဒါဖွင့်ဖောက်စိစစ်ဆေးပြီး တင်ဒါအောင်မြင်သည့် ကုမ္ပဏီနှင့် အမြန်ဆုံးဆောက်လုပ်မည်ဖြစ်ပါကြောင်း၊ အဆင့်မြင့်မိုးလုံလေလုံအားကစားရုံတစ်ရုံ တည်ဆောက်ပေးနိုင်ရေးနှင့် ပတ်သက်၍ ၂၀၂၀ –၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်းအသုံးစရိတ်တွင် A အဆင့် အားကစားရုံ ပေ (၁၂၀x၉၀x၃၆) ဖြင့် တည်ဆောက်မည်ဖြစ်ပြီး အားကစားနည်း ၁၀ မျိုးကစားနိုင်သည့် တည်ဆောက်ခြင်းလုပ်ငန်းကို ငွေကျပ်သန်း ၂၇၀ လျာထားတောင်းခံသွားမည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိပါက ဆောက်လုပ်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မယ်စဲ့မဲဆန္ဒနယ်မှ ဦးသန်းသန်းလင်း၏ **နှစ်နိုင်ငံတရားဝင်သွားလာခွင့်နှင့် ကုန်သွယ်ခွင့်ရရှိရန် မယ်စဲ့မြို့နယ်ရှိ ဟိုစဲ့ကျေးရွာ BP–14 နယ်စပ်ဂိတ်နှင့် ထိုင်းနိုင်ငံ၊ ဆောင်ဟိန်ကျေးရွာ နယ်စပ်ဂိတ်တို့ကို ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက လည်းကောင်း၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း၏ **မြန်မာနိုင်ငံတွင် P.R ရရှိပြီးသူ မူလမြန်မာနိုင်ငံဖွားဆရာဝန်ကြီးများနှင့် ပတ်သက်၍ ကန့်သတ်ချုပ်ချယ်မှုများကို တခြားနိုင်ငံများကဲ့သို့ ဖြေလျှော့ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်း၊ သပိတ်ကျင်းမဲဆန္ဒနယ်မှ ဒေါက်တာအောင်နိုင်၏ **သပိတ်ကျင်းမြို့နယ် အုန်းဇုန်းကျေးရွာအုပ်စု ဇရပ်ကွင်းကျေးရွာ၏ ကိုယ်ထူကိုယ်ထ တိုက်နယ်ဆေးရုံဖွဲ့စည်းပုံခွင့်ပြုမိန့်ကို အမြန်ဆုံးချထားပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်တင်လင်း၏ **နတ်မောက်မြို့နယ် ပြည်သူ့ဆေးရုံအား ခုတင်(၅၀)မှ ခုတင်(၁၀၀)ဆံ့ ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လည်းကောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးဇော်ဝင်းက အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များမှ သဘောတူသင့်သည့် အချက် ၄၄ ချက်၊ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီမှ ထပ်မံပြင်ဆင်ချက် ၃၂ ချက်၊ အမျိုးသားလွှတ်တော်ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိသင့်သည့် အချက်လေးချက်တို့အား တင်ပြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သဘောထားရယူ၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ယင်းနောက် အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိသော အချက် ၃၆ ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူသင့်ပါကြောင်း ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးကျော်စိုးလင်းက အဆိုတင်သွင်းသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သဘောကွဲလွဲသည့် အချက် ၃၆ ချက်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြမည်ဖြစ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

## ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးသည်လည်း ပို၍အောင်မြင်လာမည်

ယင်းနောက် ပြည်သူ့လွှတ်တော်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာကို ကော်မတီအတွင်းရေးမှူး ဦးအင်ထုံးခါးနော်ဆမ်က ဖတ်ကြားတင်ပြရာတွင် ကော်မတီဝင်များသည် လွှတ်တော်အတွင်း၊ လွှတ်တော်ပြင်ပတွင် မိမိတို့၏ တာဝန်နှင့်ဝတ္တရားများကို ကြိုးစားဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားများမျှော်လင့်ချက်ရှိသော စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို စောင့်ရှောက်ဖော်ထုတ်မြှင့်တင်ပေးမည့် ဥပဒေ၊ နည်းဥပဒေများအရ တိုင်းရင်းသားများ၏ အခွင့်အရေးများပိုမိုရရှိလာမည်ဖြစ်၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တန်းတူညီမျှရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးသည်လည်း ပို၍အောင်မြင်လာမည်ဟု ယုံကြည်ပါကြောင်း။

သို့ဖြစ်ပါ၍ ကော်မတီဝင်များသည် ဒို့တာဝန်အရေးသုံးပါးကို မထိခိုက်စေသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် အထူးအလေးပေးကာ ပေးအပ်သောတာဝန်များကို ကျေပွန်စွာဆက်လက်ဆောင်ရွက်သွားမည်ဟု အစီရင်ခံတင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါ နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၊ ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးမင်းနောင်၊ ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦးနှင့် ပန်းတနော်မဲဆန္ဒနယ်မှ ဦးမန်းညွန့်သိန်းတို့က ဆွေးနွေးကြသည်။

## အခက်အခဲများကို ပြေလည်အောင် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးသွားမည်

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဝင် ဦးမျိုးနိုင်က ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် ကော်မတီသည် လွှတ်တော်ကိုယ်စားလှယ်များ၏ ကတိဖြစ်မေးခွန်းများနှင့် အတည်ပြုအဆိုများကို လွှတ်တော်၏ လုပ်ပိုင်ခွင့်မူဘောင်အတွင်းမှနေ၍ လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြခြင်း၊ သက်ဆိုင်ရာပြည်ထောင်စုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးညှိနှိုင်းခြင်းတို့ဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက်များ၊ အခက်အခဲများ၊ တိုင်ကြားချက်များကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယနေ့ ဆွေးနွေးကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို ကော်မတီတွင် မှတ်တမ်းထားရှိသွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် လိုအပ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနနှင့် သက်ဆိုင်ရာကိုယ်စားလှယ်များကို ကော်မတီတွင် ဖိတ်ကြား၍ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခြင်းအားဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ကြုံတွေ့နေရသော အခက်အခဲများကို ပြေလည်အောင် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အဆိုပါအစီရင်ခံစာအား သဘောတူလက်ခံရန် ကော်မတီဝင် ဒေါ်ခင် စောဝေက အဆိုတင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောထား ရယူအတည်ပြုသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ဒီဇင်ဘာ ၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# “မြန်မာ့အစဉ်အလာဓလေ့ကို ရှာဖွေဖော်ထုတ်ခြင်း” ခေါင်းစဉ်ဖြင့် သုတေသနစာတမ်းဖတ်ပွဲကျင်းပမည်ဖြစ်ပြီး စာတမ်းရှင်များ စာတမ်းများပေးပို့နိုင်

**နေပြည်တော် နိုဝင်ဘာ ၂၉**

မြန်မာနိုင်ငံအတွင်း တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် မြန်မာ့အစဉ်အလာဓလေ့များကို ရှာဖွေဖော်ထုတ်ရန်အတွက် “မြန်မာ့အစဉ်အလာဓလေ့ကို ရှာဖွေဖော်ထုတ်ခြင်း” ခေါင်းစဉ်ဖြင့် သုတေသနစာတမ်းဖတ်ပွဲကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတတိယပတ်တွင် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါသုတေသနစာတမ်းဖတ်ပွဲကို မြန်မာ့လူနေမှုဓလေ့သမိုင်းကြောင်းတွင် ကွက်လပ်ဖြစ်နေသည်ကို ဖြည့်စွက်ရန်၊ မြန်မာ့ဓလေ့သမိုင်းကို အထောက်အကူပြုသော သမိုင်းစာပေနှင့်သမိုင်းပညာရှင်များ ပေါ်ထွန်းလာစေရန်၊ အယူအဆသစ်များနှင့် အတွေးအမြင်သစ်များ ပေါ်ထွက်လာရေးအတွက် အထောက်အကူဖြစ်စေရန်၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အတွေ့အကြုံ၊ အသိအမြင်နှင့် ဗဟုသုတများ ဖလှယ်ခြင်းအားဖြင့် ပိုမိုကျယ်ဝန်းသော ပညာရပ်နယ်ပယ်တစ်ခု ပေါ်ထွက်လာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနက ကျင်းပခြင်းဖြစ်သည်။

ထို့ပြင် ဖတ်ကြားတင်သွင်းသော စာတမ်းများမှ အရည်အသွေးပြည့်မီသော စာတမ်းများကို ရွေးချယ်၍ ပုံနှိပ်ထုတ်ဝေခြင်းဖြင့် တိုင်းရင်းသားပြည်သူအတွင်း ပျံ့နှံ့ရောက်ရှိစေကာ မိမိတို့၏ဓလေ့ကို ပိုမိုထိန်းသိမ်းလာစေရန်နှင့် မိမိနိုင်ငံ၊ မိမိလူမျိုးနှင့် အစဉ်အလာကြီးမားလှသော မြန်မာ့ယဉ်ကျေးမှုဓလေ့ကို မြတ်နိုးသည့် စိတ်ဓာတ်များ ပိုမိုဖြစ်ထွန်းလာစေပြီး ပြည်ထောင်စုစိတ်ဓာတ်များ တက်ကြွနိုးကြားလာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

စာတမ်းဖတ်ကြားလိုသော သုတေသီများအနေဖြင့် စာတမ်းအကျဉ်းကို ဒီဇင်ဘာ ၂၀ ရက် နောက်ဆုံးထား၍လည်းကောင်း၊ စာတမ်းအပြည့်အစုံကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၀ ရက်နေ့ နောက်ဆုံးထား၍လည်းကောင်း နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၅)၊ အမျိုးသားစာကြည့်တိုက် (နေပြည်တော်) နှင့် ရန်ကုန်မြို့ရှိ မြန်မာသမိုင်းအဖွဲ့များသို့ ပေးပို့နိုင်ကြောင်း သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ သိရသည်။

**မျိုးသူဟိန်း**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပ



ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ



ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) မှ ဦးမျိုးထပ် (ခ) ဆလိုင်းမျိုးထိုက်



ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်



ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း

**နေပြည်တော် နိုဝင်ဘာ ၂၉**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့ နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် (၃)ဦး မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်၏ **ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဒေသတစ်ခုလုံး လွှမ်းခြုံနိုင်သည့် ခရိုင်ရဲတပ်ဖွဲ့မှူး အဆင့်အထိ ခန့်အပ်ပေးနိုင်မည့် အစီအစဉ်ကို သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၌ ဖွင့်လှစ်ခွင့်ပြုခဲ့သည့် ဌာနဆိုင်ရာ ၂၈ ခုတွင် ဖွင့်လှစ်ရန် လိုအပ်သည့်ဌာနများကို ထပ်မံဖွင့်လှစ်နိုင်ရေးနှင့် ယခင်ဖွဲ့စည်းထားသည့် ခရိုင်အဆင့်ဌာနဆိုင်ရာများအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခွင့် ပြုပေးနိုင်ရေး ညွှန်ကြားမှုပြုနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြလာခြင်းအပေါ် ရှမ်းပြည်နယ်အတွင်းရှိ ပအိုဝ်း၊ ဓနု၊ ပလောင်နှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ခရိုင်အဆင့်လုပ်ပိုင်ခွင့်များကို ဆုံးဖြတ်ပေးနိုင်သော ပအိုဝ်း၊ ဓနု၊ ပလောင်နှင့် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရဲကွပ်ကဲမှု အဖွဲ့ရုံး (၄)ရုံး အသစ် တိုးချဲ့ဖွဲ့စည်းသွားရန် လိုအပ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၅ ရက်စွဲပါစာဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြထားရှိပြီးဖြစ်ပါကြောင်း။

သို့ပါ၍ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ခရိုင်အဆင့် လုပ်ပိုင်ခွင့်များကို ဆုံးဖြတ်ပေးနိုင်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရဲကွပ်ကဲမှုအဖွဲ့ရုံး အသစ်တိုးချဲ့ ဖွင့်လှစ်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ လမ်းညွှန်ချက်ရရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်ဇော်ဦး၏ **မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်အတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့မစခန်းဝန်း(အောက်ဝန်း) နှင့် တရနာရဲစခန်းတို့တွင် ဝန်ထမ်းနေအိမ်များ အသစ်ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း** နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ကျိုက်မရောမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မရဲကင်းစခန်း(အပေါ်ဝင်း/အောက်ဝင်း)တို့အတွက် (၆)ခန်းတွဲ (၂)ထပ် (၁)လုံးနှင့် တရနာရဲကင်းစခန်း (၄)ခန်းတွဲ (၂)ထပ် (၁)လုံးတို့ ဆောက်လုပ်ခွင့်ရရှိရေး ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း(မူလ)အသုံးစရိတ်တွင် လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## ဟားခါးအကျဉ်းထောင်သစ်တည်ဆောက်ခြင်းအား လတ်တလောအခြေအနေတွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိ

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ် (ခ) ဆလိုင်းမျိုးထိုက်၏ **ချင်းပြည်နယ်၊ ဟားခါးမြို့တွင် အကျဉ်းထောင်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေး ခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက “ခ” အဆင့် အကျဉ်းထောင်အသစ်တစ်ခု တည်ဆောက်မည်ဆိုပါက နိုင်ငံတော်အနေဖြင့် ခန့်မှန်းဘဏ္ဍာငွေကျပ် သန်း ၆၀၀၀ ခန့် ကုန်ကျမည်ဖြစ်ပြီး တစ်ဆက်တစ်စပ်တည်း ပြန့်ပြူးသော မြေဧက ၅၀ ခန့်လိုအပ်ခြင်း၊ သောက်ရေ/သုံးရေ လုံလောက်အောင် ထွက်ရှိနိုင်မည့်မြေနေရာဖြစ်ရန်လိုအပ်ခြင်း၊ အကျဉ်းသား ၅၀၀ ဦးခန့် ကျွေးမွေးနိုင်ရန် စိုက်ပျိုးမြေလိုအပ်ခြင်း၊ အချုပ်သားများ တရားရုံးထွက် / ရုံးပြန်အတွက် အဆင်ပြေစေရန်အတွက် မြေနေရာလိုအပ်ခြင်း၊ ဆေးရုံတင်ပို့ခြင်းနှင့် အခြားအုပ်ချုပ်မှုကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် မြို့နှင့် ၄ မိုင်မှ ၅ မိုင်ခန့်အတွင်းရှိရန် လိုအပ်ခြင်း၊ လုံခြုံရေးကောင်းမွန်နိုင်သည့် နေရာဖြစ်ရန် လိုအပ်ခြင်း၊ တပ်မတော်တပ်ရင်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းများနှင့် နီးစပ်သည့် နေရာဖြစ်ရန်လိုအပ်ခြင်း စသည့်အချက်များနှင့် ပြည့်စုံရန်လည်း လိုအပ်ပါကြောင်း။

သို့ဖြစ်ပါ၍ “ခ”အဆင့် ဟားခါးအကျဉ်းထောင်သစ် တည်ဆောက်ရန်အတွက် အဓိကလိုအပ်သောအချက်များနှင့် ကိုက်ညီမည့် မြေနေရာရရှိရေးအတွက် ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အကျဉ်းထောင်သစ် တည်ဆောက်ခြင်းအား လတ်တလောအခြေအနေတွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း ဖြေကြားသည်။

## ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး

ထို့နောက် **ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်နှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးစိုးကိုကိုတို့က ဆွေးနွေးကြသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစခင်ဇော်လင်း၏ **မြန်မာနိုင်ငံတွင် တစ်စတစ်စ ပြုန်းတီးလျက်ရှိသော ကြိုးဝိုင်း၊ ကြိုးပြင်တောများအပါအဝင် သစ်ပင်သစ်တောများ ပြန်လည်ရှင်သန်စိုပြည်လာစေရေးနှင့် သစ်ပင်သစ်တောများကို အခြေခံပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် World Bank, ADB, WWF စသည့် နိုင်ငံတကာအဖွဲ့အစည်းများထံမှ ငွေကြေးနှင့် နည်းပညာကူညီထောက်ပံ့မှုများဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ သစ်တောဝန်ထမ်းများ၏ စွမ်းဆောင်ရည် (Capacity)၊ လုပ်ငန်းစဉ်များ (Functions) နှင့် ကျင့်ဝတ်သိက္ခာ (Ethics)များ ပိုမိုအဆင့်အတန်း မြင့်မားလာစေရန် အထူးသင်တန်းများပေးပြီး အားပေးစည်းရုံးပညာပေးသင်ကြားရန်နှင့် ၎င်းသစ်တောဝန်ထမ်းများ လိုအပ်လျက်ရှိသော ခေတ်မီလက်နက်ကိရိယာ Facilities and equipments များကို စနစ်တကျတပ်ဆင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို** ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထက်လင်း**က သစ်တောဝန်ထမ်းများ၏ စွမ်းဆောင်ရည်များ ပိုမိုအဆင့်အတန်းမြင့်မားလာစေရန် ဝန်ကြီးဌာနအနေဖြင့် စွမ်းဆောင်ရည်မြှင့်တင်ရေး အထောက်အကူပြုသင်တန်းများကို နှစ်စဉ်ဖွင့်လှစ်လျက်ရှိပြီး ခေတ်မီလုပ်ငန်းသုံးပစ္စည်းများကိုလည်း ဘဏ္ဍာရေးနှစ်အလိုက် ဝယ်ယူဖြည့်ဆည်းလျက်ရှိကြောင်း သိရှိရသော်လည်း ပြောင်းလဲတိုးတက်လာသည့် ခေတ်စနစ်၊ နည်းပညာတို့နှင့်အညီ သစ်တောစီမံအုပ်ချုပ်မှုလုပ်ငန်းများအတွက် ပိုမိုအထောက်အကူပြုနိုင်စေရန် ယခုထက်ပိုမို၍ ဖြည့်ဆည်းဆောင်ရွက်သင့်ပါကြောင်း၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များကိုလည်း သစ်တောစီမံအုပ်ချုပ်မှုနှင့်သက်ဆိုင်သည့် အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများပို့ချခြင်းနှင့် လိုအပ်သည့်နေရာများတွင် အင်အားထပ်မံဖြည့်တင်းနိုင်ရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သင့်သည်ကို အကြံပြုတင်ပြလိုပါကြောင်း ဆွေးနွေးသည်။

**ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်** က မြန်မာနိုင်ငံသည် သယံဇာတပေါကြွယ်ဝသည့် နိုင်ငံဖြစ်သော်လည်း သယံဇာတခေါင်းပါးနေသည့် နိုင်ငံများ၏ ပတ်ဝန်းကျင်တွင်ရှိနေသည့်အတွက် သစ်များကို တရားမဝင်ခိုးထုတ်မှုမဖြစ်စေရန် လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံတွင် သစ်တောဝန်ထမ်းများနည်းပါးခြင်း၊ သစ်တောဝန်ထမ်းများ ခြိမ်းခြောက်ခံနေရခြင်းနှင့် တရားမဝင်သစ်ခိုးထုတ်မှုများကို တပ်မတော်နှင့် ပြည်ထဲရေးဝန်ကြီးဌာနမှတစ်ဆင့် အကူအညီတောင်း၍ လုပ်ဆောင်နေရခြင်းနှင့် စီမံခန့်ခွဲမှုအားနည်းချက်များရှိသည့်အတွက် ဝန်ထမ်းများအတွက် Facilities နှင့် equipments များသည် လိုအပ်ပါကြောင်း၊ ထို့ကြောင့် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း (ခ) ဒေါက်တာအားကာမိုး** က သစ်တောသစ်ပင်များ ပြုန်းတီးစေသည့် အကြောင်းအရင်းများကို စနစ်တကျ အမြစ်ပြတ်အောင်ကိုင်တွယ်နိုင်ရန် လိုအပ်သကဲ့သို့ သစ်တောများ ပြန်လည်စိမ်းလန်းရန်လည်း ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် သစ်တောစီမံအုပ်ချုပ်မှုကောင်းမွန်ရန် အရေးကြီးပါကြောင်း၊ ထိုသို့ သစ်တောများ စနစ်တကျစီမံအုပ်ချုပ်နိုင်ရန် အစိုးရအနေဖြင့် ညွှန်ကြားချက်များ၊ ရေတိုရေရှည်အစီအမံများ ချမှတ်ရမည်ဖြစ်ပါကြောင်း၊ ပြောင်းလဲဖွဲ့စည်းလာသည့် ဝန်ကြီးဌာန၏ အမည်နှင့်အတူ အံဝင်ခွင်ကျဖြစ်စေရန် အဆိုတွင် တင်ပြထားသည့်အတိုင်း ဝန်ထမ်းများ၏ စွမ်းဆောင်ရည်၊ တာဝန်ဝတ္တရား၊ ကျင့်ဝတ်သိက္ခာများကို မြှင့်တင်ပေးရမည့်အပြင် လိုအပ်သည့် ဝန်ထမ်းအရေအတွက်နှင့် ဝန်ထမ်းများ၏ Facilities ကို ဖြည့်ဆည်းပေးရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

**မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်** က သစ်တောမူဝါဒ(၆)ချက်၊ သစ်တောများ ထာဝစဉ်တည်တံ့ရေးမူ(၃)ချက်တို့ဖြင့် သစ်တောဥပဒေ၊ နည်းဥပဒေစသည့် နည်းလမ်းမျိုးစုံဖြင့် သစ်တောများကို ထိန်းသိမ်းထားသော်လည်း တရားမဝင်သစ်ထုတ်လုပ်ခြင်း၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအပေါ် မသမာမှုများရှိနေခြင်း၊ ငြိမ်းချမ်းရေးမရရှိသေးသည့် လက်နက်ကိုင်အဖွဲ့အစည်းများ၏ သစ်ထုတ်လုပ်မှုများကို ထိန်းချုပ်ရန် ခက်ခဲခြင်း စသည်တို့ကိုဖြေရှင်းရန် သစ်တောဝန်ထမ်းများ၏ စွမ်းဆောင်ရည်၊ လုပ်ငန်းစဉ်များ၊ ကျင့်ဝတ်သိက္ခာများ အဆင့်အတန်းမြင့်မားလာစေရန် အထူးသင်တန်းများပေးခြင်း၊ ဝန်ထမ်းအင်အားများတိုးချဲ့ခြင်း၊ လိုအပ်သည့် ခေတ်မီလက်နက်ကိရိယာများ တပ်ဆင်ပေးခြင်းနှင့် သစ်တောများထိန်းသိမ်းခြင်း လုပ်ငန်းများကို ဒေသခံပြည်သူတစ်ရပ်လုံးပါဝင်လာအောင် စည်းရုံးဆောင်ရွက်ခြင်းအားဖြင့် သစ်တောများ ပြန်လည်ရှင်သန်စိုပြည်လာမည်ဟု ယုံကြည်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

## ကမ္ဘာတစ်ဝန်း သဘာဝပတ်ဝန်းကျင်ကို ပြုပြင်ထိန်းသိမ်းရေး ဦးစားပေး လုပ်ငန်းစဉ်များအဖြစ် ဖော်ဆောင်ရာတွင် မြန်မာနိုင်ငံအနေဖြင့် ရှေ့တန်းမှ ယခုထက်ပိုပြီး ပါဝင်ဆောင်ရွက်သင့်

**ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း** က အဆိုတစ်ခုလုံးကို ခြုံငုံသုံးသပ်ရပါက နည်းလမ်းမျိုးစုံဖြင့် ထိန်းသိမ်းနေသည့်ကြားက ဥပဒေမဲ့လုပ်ရပ်များကြောင့် ကြိုးဝိုင်း၊ ကြိုးပြင် သစ်တောများစွာသည် ဆုံးရှုံးပျောက်ကွယ်နေပြီး အကျိုးဆက်အနေဖြင့် ရာသီဥတုများ ဖောက်ပြန်၍ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ ပျက်စီးရုံမက သဘာဝဘေးဆိုးများအဖြစ် မြေပြိုခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ ဆည်ခန်းခြင်း စသည်တို့ကို ပုံမှန်တွေ့ကြုံခံစားနေရခြင်းများကြောင့် တွန့်ဆုတ်နေသည့် နိုင်ငံ့ဖွံ့ဖြိုးရေးကို အထောက်အကူပြုရန် သစ်တောဌာနကြီးတစ်ခုလုံး၏ အောက်ခြေဝန်ထမ်းများအထိ အထူးသင်တန်းများနှင့် လိုအပ်မည့် ကိရိယာတန်ဆာပလာများကို World Bank, ADB, WWF စသည့် နိုင်ငံတကာအဖွဲ့အစည်းများကတစ်ဆင့် ကူညီထောက်ပံ့ဖြည့်ဆည်းပေးရန် အကြံပြုထားသည့် အဆိုတစ်ရပ်ဖြစ်ပါကြောင်း။

ထို့ကြောင့် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးဆိုးများကို လျှော့ချရန်အတွက် ကမ္ဘာတစ်ဝန်း သဘာဝပတ်ဝန်းကျင်ကို ပြုပြင်ထိန်းသိမ်းရေး ဦးစားပေး လုပ်ငန်းစဉ်များအဖြစ် ဖော်ဆောင်ရာတွင် မြန်မာနိုင်ငံအနေဖြင့် ရှေ့တန်းမှ ယခုထက်ပိုပြီး ပါဝင်ဆောင်ရွက်သင့်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ် ရည်ရွယ်တင်သွင်းသကဲ့ သို့ နိုင်ငံတော်အစိုးရအနေဖြင့် သက်ဆိုင်ရာ သစ်တောဌာန၏ အောက်ခြေဝန်ထမ်းများအထိ ပြီးပြည့်စုံသည့် သင်တန်းများ၊ တန်ဆာပလာများ၊ ထောက်ပံ့ဖြည့်ဆည်းပေးနိုင်မည့်အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် သစ်တောဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြင့်မားရေးနှင့် လိုအပ်နေသည့် ခေတ်မီလုပ်ငန်းသုံးပစ္စည်းများ၊ Facilities and Equipments များ ပြည့်စုံရေးသည် မြန်မာနိုင်ငံရှိ သစ်တောသစ်ပင်များ ပြန်လည်ရှင်သန်စိုပြည်လာစေရန် အရေးပါသည့်အတွက် သစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း အစီအစဉ်ဖြင့်လည်းကောင်း၊ နိုင်ငံတကာအစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အကူအညီအထောက်အပံ့များဖြင့်လည်းကောင်း အတိုင်းအတာတစ်ရပ်အထိ လုပ်ငန်းသုံးခေတ်မီပစ္စည်းများ ဖြည့်တင်းဆောင်ရွက်လျက်ရှိသော်လည်း သစ်တောဦးစီးဌာန ဖွဲ့စည်းပုံ၏ ၅၀ ရာခိုင်နှုန်းကျော်ရုံမျှရှိသော ဝန်ထမ်းများဖြင့် ရည်ရွယ်ချက်များကို အောင်မြင်စေရန် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်ချက်များ ရှိနေဆဲဖြစ်သည့်အတွက် တင်သွင်းသည့်အဆိုကို အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ဒီဇင်ဘာ ၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့မှတ်တမ်း(၂၉-၁၁-၂၀၁၉)

# မြန်မာနိုင်ငံတွင် P.R ရရှိပြီးသူ မူလမြန်မာနိုင်ငံဖွား ဆရာဝန်ကြီးများနှင့် ပတ်သက်၍ ကန့်သတ်ချုပ်ချယ်မှုများကို တခြားနိုင်ငံများကဲ့သို့ ဖြေလျှော့ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

**ဥက္ကဋ္ဌ**။ ။ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာသန်းဝင်း(မြောက်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မြောက်ဥက္ကလာပ မဲဆန္ဒနယ်က ဒေါက်တာသန်းဝင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်ကာလအတွင်းမှာ မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသား အထူးကုဆရာဝန်ကြီးအချို့ဟာ အခြေအနေ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံခြားတိုင်းပြည်များသို့ သွားရောက်လုပ်ကိုင် နေထိုင်ခဲ့ကြရပါတယ်။ ဦးနှောက်ယိုစီးခြင်း(Brain Drain)ဖြစ်ခဲ့ရပြီး တိုင်းပြည်အတွက် နစ်နာခဲ့ရပါတယ်။ ထို့နောက်ပိုင်းမှာ ပြည်သူလူထု ရွေးကောက်တင်မြှောက်တဲ့ အစိုးရများ၊ လွှတ်တော်များပေါ်ပေါက်လာပြီး တိုင်းရင်းသား အထူးကုဆရာဝန်ကြီးတချို့သည် နိုင်ငံတကာမှ နှစ်ပေါင်းများစွာ မိမိတို့ရရှိခဲ့သည့် တန်ဖိုးကြီးလှစွာသော အတွေ့အကြုံ ပညာရပ်များကို မျှဝေအသုံးချ၍ အမိမြန်မာနိုင်ငံရှိ ဆရာဝန်များနဲ့ ပြည်သူများအကျိုးငှာ အမိနိုင်ငံတွင် အမြဲပြန်လည်နေထိုင်ရန် ပြန်လည်ရောက်ရှိ လုပ်ကိုင်ခဲ့ကြပါတယ်။ ၎င်းတို့ဟာ PR–Permanent Resident ခေါ် နိုင်ငံတွင်းအမြဲနေထိုင်ခွင့် လျှောက်ထားရရှိခဲ့ကြပြီး ဖြစ်ပါတယ်။ ထိုင်း၊ စင်ကာပူ စသော အာဆီယံနိုင်ငံများ၊ ဥရောပနိုင်ငံများ၊ အမေရိကန်ပြည်ထောင်စုနှင့် ဩစတြေးလျ အစရှိသောနိုင်ငံများတွင် PR ရရှိပြီးသူများသည် ရွေးကောက်ပွဲများတွင် ဝင်ရောက်အရွေးခံခွင့်နှင့် မဲပေးပိုင်ခွင့်များမှလွဲ၍ ကျန်ရှိသောနိုင်ငံသားအခွင့်အရေးများ အပြည့်အဝ တစ်ပြေးညီရရှိကြောင်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ မြန်မာနိုင်ငံမှာ PR ရရှိပြီးဖြစ်သူ မူလမြန်မာနိုင်ငံဖွား အထူးကုဆရာဝန်ကြီးများနှင့်ပတ်သက်၍ လိုင်စင်ကြေးအပြင် အခြားသတ်မှတ်ထားသော အခြားကြေးငွေများ ပေးသွင်းရသည့်အပြင် ကုသခွင့်ရှိသောဆေးပညာအမျိုးအစား၊ နေရာ၊ ဒေသနှင့် အချိန်ကာလများကို သီးခြားသတ်မှတ် ကန့်သတ်ချုပ်ချယ်မှုအမျိုးမျိုးရှိနေသဖြင့် နိုင်ငံပြည်သူများနှင့် ဆေးပညာရှင်ဆရာဝန်များအတွက် အကျိုးပြုထမ်းဆောင် တန်ဖိုးမဖြတ်နိုင်သည့်အတွေ့အကြုံ ပညာရပ်များ မျှဝေပေးလိုသော အထူးကုဆရာဝန်ကြီးများအတွက် အခက်အခဲများကြုံတွေ့နေရသည့်အပြင် နောက်ထပ် ပြည်တော်ပြန်ဝင်လိုကြသော မြန်မာပြည်ဖွား တိုင်းရင်းသားဆရာဝန်ကြီးများအတွက်လည်း အဟန့်အတားဖြစ်နေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးချင်တဲ့ မေးခွန်းကတော့ Permanent Resident ရရှိပြီးသူ မူလမြန်မာနိုင်ငံဖွား တိုင်းရင်းသား အထူးကုဆရာဝန်ကြီးများနှင့်ပတ်သက်၍ ကန့်သတ်ချုပ်ချယ်မှုများကို တခြားနိုင်ငံများကဲ့သို့ ဖြေလျှော့ပေးရန်အစီအစဉ်ရှိ/မရှိ သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမြင့်ထွေး



ဒေါက်တာသန်းဝင်း
(မြောက်ဥက္ကလာပမဲဆန္ဒနယ်)

ဒေါက်တာ သန်းဝင်း၏မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း မှန်သင့်သလောက်တော့ မှန်ပါတယ်ခင်ဗျား။ အဲဒီတော့ မြန်မာနိုင်ငံမှာ P.R ရရှိပြီးသူ မူလမြန်မာနိုင်ငံဖွား ဆရာဝန်ကြီးများနှင့်ပတ်သက်ပြီး ကန့်သတ်ချုပ်ချယ်မှုများကို တခြားနိုင်ငံများကဲ့သို့ ဖြေလျှော့ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ကျွန်တော်ဖြေကြားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံကိုလာတာ နှစ်မျိုးရှိပါတယ်။ တစ်ခုကတော့ အခြားနိုင်ငံသားဖြစ်နေတဲ့ American Citizen၊ UK Citizen လာတဲ့ဆရာဝန်တွေ Group ရှိပါတယ်။ နောက်တစ်ခုကတော့ မြန်မာပြည်သား သို့မဟုတ် American Citizen ဖြစ်တဲ့သူတွေ လာပါတယ်။ သူတို့လာတဲ့အခါမှာတော့ ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှာရှိတဲ့လုပ်ငန်းတွေကို ကုသပြီးတော့ခွဲစိတ်ပေးမယ်။ ကုသပေးမယ်။ သင်တန်းပေးမယ်ဆိုရင် ငွေကြေးအားဖြင့် လုံးဝမယူပါဘူး။ Free of Charge ပေးပါတယ်။ သို့သော် သူတို့လာတဲ့အခါမှာ ပုဂ္ဂလိကဆေးရုံထဲမှာ တစ်လလာမယ်။ နှစ်လလာမယ်။ သုံးလလာမယ်ဆိုရင်တော့ ပိုက်ဆံယူတာကို တွေ့ရပါတယ်။ နည်းနည်းပါးပါးယူတာကတော့ အကြောင်းရှိပါတယ်။ လာတဲ့ဆရာဝန်တိုင်းအားလုံးကတော့ ဟိုမှာအရည်အချင်းရှိလား/မရှိလား ကျွန်တော်တို့မသိပါဘူး။ အရည်အချင်းရှိ/ မရှိ Good Standing Certificate ကအစ အကုန်လုံးကြည့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ရဲ့ ဆေးကောင်စီဥပဒေမှာ အခန်း(၂) အပိုဒ် ၃ အပိုဒ်ခွဲ(က)မှာဆိုလို့ရှိရင် အရည်အသွေးပြည့်ဝ၍ ထိရောက်မှုနှင့် လုံခြုံမှုရှိသော ကျန်းမာရေးစောင့်ရှောက်မှုကို နိုင်ငံအတွင်း မှီတင်းနေထိုင်သူအားလုံးခံစားခွင့်ရရှိရန်၊ ဆရာဝန်များ၏ ဆေးပညာဗဟုသုတ ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေးနှင့် အဆင့်အတန်းကို အစဉ်တစိုက် ထိန်းသိမ်းမြှင့်တင်ရန်၊ ဆေးပညာကို ခေတ်နှင့်အညီ လေ့လာသင်ကြားနိုင်ရန် အစရှိသည်တို့ဖြစ်ပါတယ်။ ဒီပေါ်မှာမူတည်ပြီး ကျွန်တော်တို့က သူတို့ကိုစစ်ရပါတယ်။ သူတို့မှာအရည်အချင်းရှိလား။ Calibre quality ရှိလား။ Good Standing Certificate ဒါကိုကြည့်ရပါတယ်။ သို့သော် ကျွန်တော်ပြန်ကြည့်လိုက်တဲ့အခါမှာတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း မှန်ပါတယ်။ ကျွန်တော်တို့က နိုင်ငံခြားသားဆရာဝန်ဆိုလို့ရှိရင် American Citizen ၊ UK Citizen ဆိုလို့ရှိရင် တစ်လကို ခြောက်သိန်းယူပါတယ်။ ဒီကိစ္စကိုလည်း ကျွန်တော် ဆေးကောင်စီဥက္ကဋ္ဌနဲ့လည်း ဆွေးနွေးပြီးပါပြီ။ ဒါကို ကျွန်တော်တို့က လုံးဝလျှော့ပါတယ်။ ဘာကြောင့်လဲ။ ဆေးကောင်စီသည် ဝင်ငွေရှာတဲ့ကောင်စီ မဟုတ်ပါဘူး။ ဆရာဝန်တွေရဲ့ စည်းကမ်း၊ ကျင့်ဝတ်နဲ့ အားလုံးကို ထိန်းသိမ်းတဲ့ကောင်စီဖြစ်တဲ့အတွက် ဝင်ငွေရှာစရာမလိုပါဘူး။ အဲဒီတော့ ဒီခြောက်သိန်းကိုလည်း ဒီမှာတော့ အတိအကျပြောလို့မရဘူး။ ကျွန်တော်တို့ အများကြီးလျှော့ဖို့စဉ်းစားထားပြီးပါပြီ။ ထို့အပြင် နိုင်ငံခြားသားအဖြစ်ခံယူထားသော မြန်မာပြည်ကိုပြန်လာတဲ့ အထူးကုဆရာဝန်တွေကို တစ်လကို သုံးသိန်းယူပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ လျှော့ဖို့ဆွေးနွေးပြီးပါပြီ။ ဒါကိုလည်း အမြန်ဆုံးလျှော့တဲ့အပြင် အခုယူထားတာ ဘယ်လိုဖြစ်နေလဲဆိုတော့ လာတာနဲ့ သုံးလစာ ယူလိုက်တယ်။ ဆရာဝန်တစ်ဦးသည် နှစ်ပတ်နဲ့ပြန်သွားရင်လည်း သုံးလစာပေးလိုက်ရတယ်။ တစ်ရက်နဲ့လာပြီးပြန်သွားရင် သုံးလစာပေးလိုက်ရတယ်။ ဒါကတော့ တကယ့်တကယ်ကတော့ သိပ်ပြီးတော့ မကောင်းဘူး။ အဲဒီတော့ ဆိုလိုတာက ကျွန်တော်တို့က လချင်းယူမယ်။ တစ်လလာရင် တစ်လခယူမယ်။ အနည်းဆုံးတော့ တစ်လစာလောက်တော့ယူမယ်။ အပတ်နဲ့တော့ မယူပါဘူး။ လနဲ့ပဲ ယူပါမယ်။ တစ်လစာဆိုရင် တစ်လပေးရမယ်။ နှစ်လလာရင် နှစ်လ၊ သုံးလလာရင် သုံးလ။ အဲဒီဟာကို ကျွန်တော်တို့ ဆွေးနွေးထားပါတယ်။ ဒါကို ကျွန်တော်တို့ အဖြစ်နိုင်ဆုံးလုပ်ဖို့ရှိပါတယ်။ ဒါမှမဟုတ်ရင် ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တင်ပြရမယ်ဆိုရင် ကျွန်တော့်ကို လူကြီးကလည်း ပြောထားပါတယ်။ နိုင်ငံခြားမှာရောက်နေတဲ့ မြန်မာဆရာဝန် (Diaspora group of Doctor) တွေကို လာအောင်ဆွဲဆောင်ပါ။ ပြုလုပ်ပါ။

လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတဲ့အတိုင်းပါပဲ လာလို့ရှိရင် ကျွန်တော်တို့က နိုင်ငံခြားမှာဖြစ်ပေါ်နေတဲ့ ဒီနောက်ဆုံးပေါ် အတတ်ပညာတွေ၊ ကုသထုံးတွေ ကျွန်တော်တို့သိမယ်။ နောက် ကျွန်တော်တို့ သင်တန်းတက်နေတဲ့ဆရာဝန်တွေ၊ ဆေးကျောင်းသားတွေကို သင်ပေးနိုင်မယ်။ Workshop တွေလုပ်မယ်ဆိုရင် ကျွန်တော်တို့အတွက်က အများကြီးရှိပါတယ်။ ဒါမှသာလျှင် ကျွန်တော်တို့ ကမ္ဘာကြီးထဲမှာ ဘာတွေဖြစ်နေသလဲဆိုတာကို ကျွန်တော်တို့ အားလုံးသိမှာဖြစ်ပါတယ်။ အဲဒီတော့ သူတို့ကိုလာချင်အောင် ဆွဲဆောင်ဖို့တာဝန်ကတော့ ကျွန်တော်တို့ တာဝန်ပဲဖြစ်ပါတယ်။ ဒါဟာ ဒီကိစ္စကိုတော့ အဖြစ်နိုင်ဆုံးလုပ်ဖို့ ဆုံးဖြတ်ထားပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော် အမေရိကန်နိုင်ငံသွားတဲ့အခါမှာ နယူးယောက်၊ ဘယ်လ်တီမော၊ အယ်လ်အေမှာရှိတဲ့ ဆရာဝန်အဖွဲ့ သုံးဖွဲ့ရှိပါတယ်။ အကြီးကြီးတွေ။ အဲဒီအဖွဲ့သုံးဖွဲ့ကလည်း ဒါကိုပဲ Complaint လုပ်ပါတယ်။ ဒါကတော့ သိပ်များပါတယ်ဆရာတဲ့။ အဲဒါကို နည်းနည်းလျှော့ပေးပါ။ သုံးလလာရင်လည်း၊ တစ်လ၊ နှစ်ရက်၊ တစ်ပတ်လာလို့ရှိရင်လည်း သုံးလစာ ပေးရတယ်။ ဒီကိစ္စကတော့ တကယ့်တကယ်ကတော့ မယူသင့်ဘူးပေါ့လေ။ အဲဒီတော့ ကျွန်တော် အဲ့ဒါကို သေသေချာချာ လုပ်ပေးမယ်ဖြစ်ကြောင်း လေးစားစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတဲ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်းအား ကျွန်တော် ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်က မေးမြန်းတဲ့မေးခွန်းဟာ နိုင်ငံတော်အတွက် အကျိုးရှိစေတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၀ အရ နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမည့် မေးခွန်းနဲ့ဖြေကြားချက်များဖြစ်တဲ့အတွက် နိုင်ငံတော်ပြန်တမ်းမှာ ထည့်သွင်းခြင်းနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြနိုင်ရေးကို စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြအပ်ပါတယ်။

---

*စာမျက်နှာ ၅ မှ*

မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့်အတွက် အချိန်၊ ငွေကြေးနှင့် လူအင်အားစသည့် အကန့်အသတ်နှင့်တည်ရှိသည့် ရင်းမြစ်များအကြား စာရင်းအင်းဆိုင်ရာ နယ်ပယ်တွင် တတ်နိုင်သမျှရင်းနှီးမြှုပ်နှံပြီး အထိရောက်ဆုံး အသုံးချနိုင်ရေးသည် အရေးကြီးပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာများ၊ မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းများ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်အကဲဖြတ်ခြင်းတို့ကို ထိရောက်မှုရှိစေရန်အတွက် အရည်အသွေးပြည့်ဝပြီး တိကျမှန်ကန်သည့် စာရင်းအင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ လွယ်လင့်တကူ ရရှိအသုံးပြုနိုင်ရေးသည် များစွာအရေးကြီးပါကြောင်း၊ ထို့ကြောင့် စာရင်းအင်း၏အရေးပါပုံကို ပြည်သူများ ပိုမိုသိရှိအောင် “စာရင်းအင်းအချက်အလက်နှင့် လူမှုအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ဖို့ စာရင်းအင်းဆိုင်ရာ အသိပညာမြှင့်တင်ကြပါစို့” ဆိုသည့် ဆောင်ပုဒ်နှင့်အညီ စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးတို့အတွက် ဗဟိုကော်မတီအဖွဲ့ဝင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ လုပ်ငန်းအဖွဲ့များနှင့် Stakeholders အသီးသီးတို့က တက်ကြွစွာပါဝင်ဆောင်ရွက်ကြရန် အလေးအနက်တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

**ဆုများပေးအပ်ချီးမြှင့်**

ယင်းနောက် ၂၀၁၉ ခုနှစ် ကမ္ဘာ့စာရင်းဆိုင်ရာ အထိမ်းအမှတ်နေ့ စာရင်းအင်းဆိုင်ရာ သုတဉာဏ်စမ်းပြိုင်ပွဲတွင် ဆုရရှိကြသူများကို ဆုများပေးအပ်ချီးမြှင့်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပထမဆုရ မိတ္ထီလာစီးပွားရေးတက္ကသိုလ်မှ အဖွဲ့ခေါင်းဆောင်နှင့် ကျောင်းသားကျောင်းသူများကို လည်းကောင်း၊ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ဒုတိယဆုရ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ အဖွဲ့ခေါင်းဆောင်နှင့် ကျောင်းသား ကျောင်းသူများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က တတိယဆုရ မုံရွာစီးပွားရေးတက္ကသိုလ်မှ အဖွဲ့ခေါင်းဆောင်နှင့် ကျောင်းသား ကျောင်းသူများကို လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

**မှတ်တမ်းတင် ဓာတ်ပုံရိုက်**

ထို့နောက် ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများသည် ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးများနှင့် လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် လည်းကောင်း၊ ပြည်တွင်း၊ ပြည်ပဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်လည်းကောင်း၊ စာရင်းအင်းဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြမည့်သူများနှင့် စာရင်းအင်းဆိုင်ရာ သုတဉာဏ်စမ်းပြိုင်ပွဲတွင် ဆုရရှိကြသူများနှင့် လည်းကောင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် စာရင်းအင်းဆိုင်ရာ စာအုပ်စာတမ်းများ၊ စာရင်းအင်းဆိုင်ရာလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို လိုက်လံကြည့်ရှုအားပေးကြသည်။

**စာရင်းအင်းပညာရပ် ပညာပေးရန်**

ယခုကျင်းပသည့် မြန်မာစာရင်းအင်းဖိုရမ်(၂၀၁၉)တွင် စာရင်းအင်းဆိုင်ရာ အချက်အလက်များအပေါ် ယုံကြည်မှု ခိုင်မာအားကောင်းလာစေရေးနှင့် စာရင်းအင်းပညာရပ်အား အသိပညာပေးမြှင့်တင်နိုင်ရန် Panel Session များပြုလုပ်ခြင်း၊ ဗဟိုစာရင်းအင်းအဖွဲ့၊ စီးပွားရေးလုပ်ငန်းများ မှတ်ပုံတင်ခြင်းဆိုင်ရာ စာရင်းအင်းလုပ်ငန်းများအကြောင်း မိတ်ဆက်ခြင်းနှင့် အသစ်ပြန်လည်ရေးသားထားသည့် ဗဟိုစာရင်းအင်းအဖွဲ့ Website (https/www. csosstat.gov. mm)အား ပြသခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့်အဖွဲ့ (၁၃)ကြိမ်မြောက် အာဆီယံဝန်ကြီးအဆင့် နိုင်ငံဖြတ်ကျော်မှုခင်းဆိုင်ရာ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၉

**ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့် အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ နိုဝင်ဘာ ၂၅ ရက်မှ ၂၉ ရက်အထိ ကျင်းပသည့် (၁၃)ကြိမ်မြောက် အာဆီယံဝန်ကြီးအဆင့် နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (13th ASEAN Ministerial Meeting on Transnational Crime and Its Related Meetings – 13th AMMTC) သို့ တက်ရောက်ခဲ့ကြသည်။**

အဆိုပါအစည်းအဝေးကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Marriott Marquis Queen's Park Hotel တွင်ကျင်းပရာ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့် တရုတ်၊ ဂျပန်၊ ကိုရီးယား နိုင်ငံတို့မှ ဝန်ကြီးအဆင့်များ၊ အာဆီယံ ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အဆင့်မြင့် အရာရှိကြီးများနှင့် ကိုယ်စားလှယ်များ ၂၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

### သဘာပတိတာဝန်များ လွှဲပြောင်းပေး

အစည်းအဝေး ပထမနေ့တွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာ ၂ ရက်မှစတင်၍ AMMTC သဘာပတိတာဝန်ကို လက်ခံရယူတာဝန်ထမ်းဆောင်ခဲ့ရာ ၎င်းတာဝန်ယူစဉ်ကာလ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုများနှင့် ရလဒ်များ၊ ဆက်လက်ဆောင်ရွက်ရန်များကို ရှင်းလင်းဆွေးနွေး ပြောကြားခဲ့သည်။ ထို့နောက် ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကြီး ချန်ချိုင်းချိန်မောင်ကိုထံသို့ သဘာပတိတာဝန်များကို လွှဲပြောင်းပေးခဲ့သည်။

(၁၃)ကြိမ်မြောက် အာဆီယံဝန်ကြီးအဆင့် နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ စုံညီအစည်းအဝေး၊ ဝန်ကြီးအဆင့် အာဆီယံ+၃၊ အာဆီယံ+တရုတ်၊ အာဆီယံ+ဂျပန်နှင့် အာဆီယံ+ကိုရီးယားနိုင်ငံတို့နှင့် နိုင်ငံဖြတ်ကျော်မှုခင်း တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု အစည်းအဝေးများကို နိုဝင်ဘာ ၂၈ ရက်အထိ တစ်ဆက်တည်းကျင်းပခဲ့ပြီး အာရှဒေသအတွင်း တိုးတက်ဖြစ်ပေါ်လာသော အကြမ်းဖက်မှု၊ လူကုန်ကူးမှု၊ ဆိုက်ဘာမှုခင်းနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတို့နှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်မည့် လုပ်ငန်းစီမံချက်များ၊ ဒေသတွင်းလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် နယ်စပ်ထိန်းချုပ်မှု၊ နည်းပညာအသုံးပြုမှု၊ စွမ်းရည်မြှင့်တင်ရေး ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ အပြန်အလှန် ညှိနှိုင်းဆွေးနွေး၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်များကို အတည်ပြုခဲ့ကြသည်။

### ဆွေးနွေး

ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးတက်ရောက်စဉ်ကာလအတွင်း ဗီယက်နမ်နိုင်ငံ ပြည်သူ့ရေးရာလုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး H.E. Gen. (Ret.) TO Lam ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့ရေးရာလုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး (စီမံခန့်ခွဲရေး) H.E. Wang Xiaohong တို့နှင့် သီးခြားစီတွေ့ဆုံ၍ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများ ဆွေးနွေးခဲ့ကြသည်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကြီး ချန်ချိုင်းချိန်မောင်ကိုထံသို့ သဘာပတိတာဝန်များကို လွှဲပြောင်းပေးစဉ်။ သတင်းစဉ်

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၉ ရက် နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၉/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးကျင်းပစဉ်။ သတင်းစဉ်

# အလုပ်အကိုင်အခွင့်အလမ်း ၁၀၀၀ ကျော် ဖန်တီးပေးနိုင်မည့် လုပ်ငန်းများအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြု

ရန်ကုန် နိုဝင်ဘာ ၂၉

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၉/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကော်မရှင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဦးသောင်းထွန်းနှင့် အဖွဲ့ဝင်ရှစ်ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် လျှပ်စစ်ကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍနှင့် အိမ်ရာအဆောက်အဦကဏ္ဍတို့မှ လုပ်ငန်း ငါးခု ခွင့်ပြုခဲ့သည်။ အဆိုပါ လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၅၀၃ ဒသမ ၉၄၀ သန်းနှင့် ငွေကျပ် ၂၆၅၂၃ သန်းရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၁၀၁ နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

၂၀၁၉ ခုနှစ် အောက်တိုဘာလကုန်အထိ ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သောနိုင်ငံများမှာ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ဖြစ်သည်။ နိုင်ငံပေါင်း ၅၀ မှ စီးပွားရေးကဏ္ဍ ၁၂ ခုတွင် အများဆုံး ရင်းနှီးမြှုပ်နှံထားရှိမှုမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၇ ဒသမ ၂၉ ရာခိုင်နှုန်း ဖြင့်လည်းကောင်း၊ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၅ ဒသမ ၇၇ ရာခိုင်နှုန်း ဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၀၄ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

**သတင်းစဉ်**


# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်ထံ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်က ခန့်အပ်လွှာပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၉**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (United Nations World Food Programme– WFP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အဖြစ် ခန့်အပ်ခြင်းခံရသူ Mr. Stephen Lowrie Anderson အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် Mr. Stephen Lowrie Anderson က ၎င်း၏ခန့်အပ်လွှာကို ပြည်ထောင်စုဝန်ကြီးထံ ပေးအပ်ခဲ့သည်။

ယင်းနောက် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ မြန်မာနိုင်ငံဆိုင်ရာ မဟာဗျူဟာမြောက်အစီအစဉ် (၂၀၁၈–၂၀၂၂) နှင့်စပ်လျဉ်းသည့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရေးနှင့် အာဟာရပြည့်ဝမှု၊ အစားအစာဖူလုံမှုနှင့် အသက်မွေးမှုအခွင့်အလမ်းများ တိုးတက်ရေးအတွက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အပါအဝင် မြန်မာနိုင်ငံနှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ တိုးတက်မှုများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**



# နေပြည်တော်တွင် နိုင်ငံတစ်ဝန်းမှ ဆိုင်ကယ်ချစ်သူများ တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၉

မြန်မာနိုင်ငံတစ်ဝန်းလုံးမှ အပျော်တမ်းဆိုင်ကယ်စီးနင်းကြသူများ၊ ဆိုင်ကယ်စီးနင်းခြင်းကို နှစ်သက်ကြသူများနှင့် ရော့ခ်ဂီတကို ချစ်မြတ်နိုးသူများ တွေ့ဆုံကြသည့် 1st Naypyitaw Bike Week (2019) နှင့် The Great Empire တေးဂီတ ဖျော်ဖြေပွဲကြီးကို နေပြည်တော်ရှိ ရေပန်းဥယျာဉ်အတွင်း ယနေ့ နံနက်ပိုင်းက စတင်ကျင်းပလျက်ရှိသည်။

ပွဲတော်ကို ယနေ့မှစတင်၍ ဒီဇင်ဘာ ၁ ရက်အထိ သုံးရက်တိုင် နေပြည်တော် ရေပန်းဥယျာဉ်အတွင်း ပျော်ရွှင်ဖွယ်အစီအစဉ်များစွာဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပနေခြင်းဖြစ်ပြီး ပွဲတော်တွင် မော်တော်ဆိုင်ကယ်နှင့်ပတ်သက်သည့် ပစ္စည်းများရောင်းချခြင်း၊ အမှတ်တရလက်ဆောင်ပစ္စည်းများရောင်းချခြင်း၊ အရသာရှိပြီး ဈေးနှုန်းချိုသာသည့် အစားအစာများရောင်းချခြင်းနှင့် ဖျော်ဖြေရေးအစီအစဉ်များကိုလည်း နံနက်ပိုင်းမှ ညပိုင်းအထိ ကျင်းပသွားမည်ဖြစ်သည်။

နောက်ဆုံးနေ့ဖြစ်သည့် ဒီဇင်ဘာ ၁ ရက်တွင်လည်း နာမည်ကျော် အဆိုရှင်များဖြစ်သည့် ဇော်ဝင်းထွဋ်၊ R ဇာနည်၊ ဝေလနှင့် သာဒီးလူ စသည့်အဆိုရှင်များက လူငယ်များ အကြိုက် ရော့ခ်ဂီတများကို မြူးကြွစွာ သီဆိုဖျော်ဖြေသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**ဟန်လင်းနိုင်**

# နိုင်ငံတကာလယ်ယာသုံးစက်ကိရိယာများကို ပြခန်းပေါင်း ၄၅ ခန်းဖြင့် ခင်းကျင်းပြသ




ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ နိုင်ငံတကာလယ်ယာသုံး စက်ကိရိယာပြပွဲတွင် ခင်းကျင်းပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။ သတင်းစဉ်

နေပြည်တော် နိုဝင်ဘာ ၂၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကမ္ဘာ့ဘဏ်နှင့် ဂျာမန်စိုက်ပျိုးရေးအဖွဲ့အစည်း (Delegates from German Agricultural Society–DLG) တို့ပူးပေါင်း၍ ခေတ်မီစက်မှုလယ်ယာစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်မှုစွမ်းအားကို မြှင့်တင်ရန်ရည်ရွယ်ကျင်းပသော နိုင်ငံတကာလယ်ယာသုံးစက်ကိရိယာပြပွဲကို ယနေ့နံနက် ၉ နာရီက နေပြည်တော် တပ်ကုန်းမြို့နယ် ရေအေးကျေးရွာအနီးရှိ စံပြစိုက်ပျိုးကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် နေပြည်တော်ကောင်စီဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ လယ်ယာကဏ္ဍဆိုင်ရာ ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ရေးရာကော်မတီများမှကိုယ်စားလှယ်များ၊ ကမ္ဘာ့ဘဏ်ဌာနေကိုယ်စားလှယ်၊ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန Senior Scientist Dr. Martin ၊ ဂျာမန်စိုက်ပျိုးရေးအဖွဲ့အစည်း Division Manager Dr. Klaus၊ ဂျာမန်စက်မှုလုပ်ငန်းနှင့် ကုန်သန်းရောင်းဝယ်ရေးအဖွဲ့နှင့် NGOs/INGOs များ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများနှင့် ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တောင်သူလယ်သမားများ တက်ရောက်ကြသည်။

ပြပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက လယ်ယာလုပ်ငန်း၏ မြေယာပြုပြင်ရေးနှင့် ရိတ်သိမ်းခြွေလှေ့ရေးလုပ်ငန်းများတွင် စက်ကိရိယာများအား အဓိကထားသုံးစွဲလာမှုနှင့်အတူ တောင်သူများအနေဖြင့် ထွန်စက်ကြီး၊ ရိတ်သိမ်းခြွေလှေ့စက်၊ လက်တွန်းထွန်စက်များကို တိုးတက်ပိုင်ဆိုင် သုံးစွဲလာလျက်ရှိနေကြကြောင်း၊ စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရန် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ တောင်သူများ၏ လယ်ယာသုံးစက်ကိရိယာများ တိုးတက်ပိုင်ဆိုင်နိုင်မှု တိုးတက်လာပြီး ပုဂ္ဂလိကစက်မှုလယ်ယာဝန်ဆောင်မှုအသင်း ၁၂၁ ခု ဖွဲ့စည်းဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလယ်ယာစနစ်ပြောင်းလဲဆောင်ရွက်နိုင်ရေးသည် အဓိကကျသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်နှင့်အညီ စက်မှုလယ်ယာစနစ် ဖွံ့ဖြိုးတိုးတက်လာစေရေး နိုင်ငံတော်မှ နည်းလမ်းမျိုးစုံဖြင့် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိကာလတွင် တောင်သူဦးကြီးများအနေဖြင့် ကျေးလက်ဒေသများတွင် လယ်ယာလုပ်သားခက်ခဲမှု၊ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးနှင့် အခြားသော ဘေးအန္တရာယ်များ ကျရောက်မှုတို့ကြောင့် တောင်သူလယ်သမားအများစု၏ လူမှုစီးပွားဘဝကို ပိုမိုထိခိုက်စေမှုများ ကြုံတွေ့ရသည့်အပေါ် ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ သိရှိလာပြီး သီးထပ်များတိုးချဲ့စိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးတက်ရရှိရာ လယ်ယာလုပ်ငန်းတွင် လယ်ယာသုံးစက်ကိရိယာများ ပိုမိုတိုးမြှင့်အသုံးပြုလာကြသည်ကို တွေ့မြင်ရပါကြောင်း၊ နိုင်ငံတကာနည်းပညာတိုးတက်မှုများကို အခြေခံ၍ ခေတ်မီလယ်ယာသုံး စက်ကိရိယာများ တီထွင်အသုံးပြုလျက်ရှိရာမိမိတို့၏ တောင်သူလယ်သမားများအတွက် ခေတ်မီ အဆင့်မြင့်လယ်ယာသုံး စက်ကိရိယာများ တွင်ကျယ်စွာအသုံးပြုနိုင်စေရန် ဘက်စုံကဏ္ဍစုံမှ ပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန Senior Scientist Dr. Martin ၊ ဂျာမန်စိုက်ပျိုးရေးအဖွဲ့အစည်း Division Manager Dr. Klaus နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်ကျော်တို့က စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးဆိုင်ရာများ၊ နိုင်ငံတကာနှင့်ချိတ်ဆက်ဆောင်ရွက်ရန်လိုအပ်မှုနှင့် ပုဂ္ဂလိကကဏ္ဍမှ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဌာနဆိုင်ရာပြခန်းများ၊ ပုဂ္ဂလိကပြခန်းများ၊ ပြည်တွင်း ပြည်ပ ကုမ္ပဏီအရောင်းပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

တောင်သူများအနေဖြင့် မိမိတို့စိုက်ပျိုးမည့် သီးနှံစနစ်နှင့် သင့်တော်သော လယ်ယာသုံးစက်ကိရိယာများအား ရွေးချယ်သုံးစွဲနိုင်ပြီး လယ်ယာလုပ်ငန်း၌ စက်ကိရိယာသုံးစွဲမှု တိုးတက်လာစေရန်၊ လယ်ယာသုံးစက်ကိရိယာဖြန့်ဖြူးရောင်းချသည့် ကုမ္ပဏီများ၊ နိုင်ငံတကာမှပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခွင့်ရရှိရန်နှင့် ခေတ်မီလယ်ယာသုံးစက်ကိရိယာများ၏ လုပ်ဆောင်မှုကို လက်တွေ့သိမြင်လေ့လာနိုင်ကာ ပုဂ္ဂလိကလယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ခေတ်မီစက်မှုလယ်ယာစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်မှုစွမ်းအားကို မြှင့်တင်ရန်ရည်ရွယ်၍ ပြပွဲကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ပြပွဲတွင်ဩစတြေးလျ၊ ဂျာမနီ၊ ဩစတြီးယား၊ အိန္ဒိယ၊ ထိုင်းနိုင်ငံ စသောနိုင်ငံများမှ ပြည်ပကုမ္ပဏီခြောက်ခုနှင့် လယ်ယာသုံးစက်ကိရိယာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသော ပြည်တွင်းကုမ္ပဏီ ၂၃ ခုတို့မှ ပြခန်းပေါင်း ၄၅ ခန်း ခင်းကျင်းပြသလျက်ရှိပြီး လာရောက်လေ့လာကြသော တောင်သူများအနေဖြင့် ခေတ်မီလယ်ယာသုံးစက်ကိရိယာအမျိုးမျိုးကို ကွင်းအတွင်း လက်တွေ့မောင်းနှင်သရုပ်ပြသမှုများအား လေ့လာတွေ့ရှိ နိုင်ကြမည်ဖြစ်သဖြင့် နိုဝင်ဘာ ၂၉ ရက်မှ ၃၀ ရက်အထိ ခင်းကျင်းပြသမည့် ပြပွဲကာလ နှစ်ရက်အတွင်း မိမိတို့လယ်ယာလုပ်ငန်းအတွက် သင့်တော်မည့်စက်ကိရိယာများ လေ့လာရွေးချယ်နိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ရန်ကုန် - ပုသိမ်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၉

**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန် – ပုသိမ်လမ်း (ရန်ကုန်တိုင်းဒေသကြီးအပိုင်း) လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ အပိုင်းလိုက်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။**



ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ရန်ကုန် – ပုသိမ်လမ်း (ရန်ကုန်တိုင်းဒေသကြီးအပိုင်း) လမ်းအဆင့် မြှင့်တင်ခြင်းလုပ်ငန်းများ အပိုင်းလိုက်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန် – ပုသိမ်လမ်း (ဧရာဝတီတိုင်းဒေသကြီးအပိုင်း) လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းခွင်သို့ရောက်ရှိပြီး မိုင်တိုင်အမှတ် (၁၇/၄) နှင့် (၂၄/၄ )အကြား လမ်းချဲ့ခြင်း၊ စက်ယန္တရားများဖြင့် လမ်းသားအမာခံရရှိအောင် ဆောင်ရွက်ခြင်း၊ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရန်ကုန် – ပုသိမ်လမ်း ရှင်းလင်းဆောင်၌ ဧရာဝတီတိုင်းဒေသကြီး ညွှန်ကြားရေးမှူး(မြို့ပြ) ဦးရန်နိုင်ဇော်က ရန်ကုန် – ပုသိမ်လမ်း (ဧရာဝတီတိုင်းဒေသကြီးအပိုင်း) မိုင်တိုင် (၁၇/၄) မှ (၄၁/၄)ထိ ခရိုင် နှစ်ဖွဲ့၊ လမ်းအထူးအဖွဲ့ သုံးဖွဲ့ စုစုပေါင်း ငါးဖွဲ့ဖြင့် စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်း၊ အောက်ခံလမ်းသား အမာခံရရှိအောင် ဆောင်ရွက်ခြင်းနှင့် ကွန်ကရစ်ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် Oriental Highway Co., Ltd မှ တာဝန်ရှိသူက ရန်ကုန်–ပုသိမ်လမ်း (ရန်ကုန် တိုင်းဒေသကြီးအပိုင်း) လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ အပိုင်းလိုက် လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းလွင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ရန်ကုန် – ပုသိမ်လမ်းမကြီးသည် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးကိုဆက်သွယ်သည့် အရေးပါသည့် လမ်းတစ်လမ်းဖြစ်ပါကြောင်း၊ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ရာ “အစကောင်းမှ အနှောင်းသေချာမည်” ဖြစ်သည့်အတွက် လုပ်ငန်းစတင်ဆောင်ရွက်စဉ်ကပင် သတ်မှတ်စံချိန်စံညွှန်းပြည့်မီရန် ဆောင်ရွက်ရန်လိုကြောင်း၊ ခရီးသွားပြည်သူများနှင့် လုပ်ငန်းဆောင်ရွက်သူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး သတိပေးဆိုင်းဘုတ်များ၊ အသိပေးဆိုင်းဘုတ်များထားရှိရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန် – ပုသိမ်လမ်း (ဧရာဝတီတိုင်းဒေသကြီးအပိုင်း) မိုင်တိုင်အမှတ် (၃၀/၄) နှင့် (၃၀/၅) ကြား ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ် (၃၈/၄ မှ ၄၁/၃) ကြား လမ်းချဲ့ရန်အတွက် စက်ယန္တရားများဖြင့် မြေကြီးလုပ်ငန်းဆောင်ရွက်နေမှု၊ ဗိုလ်မြတ်ထွန်းတံတားနှင့် ဧရာဝတီတံတား (ညောင်တုန်း)တို့၏ ကြံ့ခိုင်မှုကို ကြည့်ရှုစစ်ဆေးသည်။ **သတင်းစဉ်**

# သင်ယူမှုအခွင့်အလမ်းမြင့်မားရေး၊ အရည်အသွေးရှိသော သင်ယူမှု ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရေး တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၉**

သင်ယူမှုအခွင့်အလမ်းမြင့်မားရေး၊ အရည်အသွေးရှိသောသင်ယူမှု ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရေး တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပဲခူးတိုင်းဒေသကြီးတွင် အခြေခံပညာကဏ္ဍ၌ ဆရာ ဆရာမ စုစုပေါင်း ၄၄၂၁၉ ဦး၊ ကျောင်းအားလုံးတွင် ကျောင်းသား ကျောင်းသူ ၉၆၀၄၇၆ ဦးရှိပြီး အခြေခံပညာကျောင်း ၄၉၂၇ ကျောင်း ရှိပါကြောင်း၊ နည်းပညာနှင့် သက်မွေးပညာကဏ္ဍတွင် ကျောင်း သုံးကျောင်းရှိပြီး ဆရာ ဆရာမ ၁၅၃ ဦး၊ ကျောင်းသား ကျောင်းသူ ၁၁၉၉ ဦးရှိပါကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍတွင် ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ် သုံးကျောင်းရှိပြီး ဆရာ ဆရာမ ၈၃၈ ဦး၊ ကျောင်းသား ကျောင်းသူ ၇၂၄၃၉ ဦး ရှိပါကြောင်း၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ် လေးကျောင်းရှိပြီး ဆရာ ဆရာမ ၄၀၆ ဦး၊ ကျောင်းသား ကျောင်းသူ ၄၀၅၈ ဦး၊ ပညာရေးကောလိပ် နှစ်ကျောင်းရှိပြီး ဆရာ ဆရာမ ၁၈၈ ဦး၊ ကျောင်းသား ကျောင်းသူ ၂၂၅၄ ဦးရှိပါကြောင်း။

### ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်

ပဲခူးတိုင်းဒေသကြီးတွင် မြို့နယ် ၂၈ မြို့နယ်ရှိ၍ ကျေးရွာအုပ်စု စုစုပေါင်း ၁၄၁၄ အုပ်စုရှိပြီး ကျေးရွာအုပ်စုတိုင်းတွင် အနည်းဆုံး မူလတန်းလွန်ကျောင်း တစ်ကျောင်း ရှိပါကြောင်း၊ သို့သော်လည်း လိုအပ်ချက်များရှိနေသေးရာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် စာသင်ဆောင် ၃၅၅ ဆောင်၊ သိပ္ပံဆောင် ခုနစ်ဆောင်၊ စာကြည့်တိုက်နှင့် မီဒီယာခန်းမ ၁၃ ဆောင်၊ ဝန်ထမ်းအိမ်ရာ ၄ ဆောင် စုစုပေါင်း ၄၁၆ ဆောင်အတွက် ငွေကျပ် ၂၂၆၃၈ ဒသမ ၇၅၅ သန်းဖြင့် ဖြည့်ဆည်းနိုင်ရေး ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ် ခြောက်ကျောင်းအတွက် ကျောင်းသား ကျောင်းသူအိပ်ဆောင် ခြောက်ဆောင်၊ စာသင်ဆောင် နှစ်ဆောင်၊ ဘက်စုံခန်းမ နှစ်ဆောင်၊ စားသောက်ဆိုင်တန်း တစ်ခု၊ ဘောလုံးပွဲကြည့်စင် တစ်ခု၊ ဆရာ ဆရာမဆောင် တစ်ဆောင်၊ အရာရှိနေအိမ် တစ်လုံးနှင့် ဝန်ထမ်းအိမ်ရာ နှစ်ဆောင်တို့အား ဖြည့်ဆည်းနိုင်ရေး ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပဲခူးတိုင်းဒေသကြီးတွင် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် တိုင်းရင်းသားစာပေသင် Teaching Assistant(TA) ၆၄၀ ၊ Language Teacher(LA) ၉၀၉ ဦး ခန့်ထားပြီးဖြစ်ပါကြောင်း၊ ပညာရေးကောလိပ်များကိုလည်း လေးနှစ်သင် ဒီဂရီကောလိပ်အဖြစ် တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နည်းပညာနှင့် သက်မွေးပညာကဏ္ဍတွင် ကာလတိုသင်တန်း ၁၈ မျိုး၊ ကာလရှည်သင်တန်း ၁၄ မျိုး ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိပြီး GTI(ပဲခူး)နှင့် GTI (တောင်ငူ) ကျောင်းသစ်များ ထပ်မံဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး သင်ယူမှုအခွင့်အလမ်းမြင့်မားရေး၊ အရည်အသွေးရှိသောသင်ယူမှု ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရေး တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

### ပွင့်လင်းမြင်သာစွာ ဖြည့်ဆည်းဆောင်ရွက်

ပဲခူးတိုင်းဒေသကြီးတွင် ကျောင်းနေအရွယ် ကလေးအားလုံး တစ်သက်တာသင်ယူမှုအခွင့်အလမ်းရရှိရေးနှင့် အရည်အသွေးရှိသော သင်ယူတတ်မြောက်မှုအခွင့်အလမ်းရရှိရေးတို့အတွက် လိုအပ်နေသော ဆရာ ဆရာမများ၊ စာသင်ခန်းများ၊ စာသင်ခုံများ၊ သင်ထောက်ကူပစ္စည်းများ၊ အိုင်စီတီများ၊ အိပ်ဆောင်များ၊ အိမ်ရာများ အကျိုးရှိ ထိရောက်ပွင့်လင်းမြင်သာစွာ ဖြည့်ဆည်းပူးပေါင်းဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များက ပညာရေးသုတေသနစီမံကိန်းနှင့် လေ့ကျင့်ရေးကဏ္ဍ၊ အခြေခံပညာကဏ္ဍ၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးကဏ္ဍ၊ နည်းပညာသက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍ၊ အဆင့်မြင့်ပညာကဏ္ဍ စသည့်သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီးတင်ပြဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာသူများ သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီး၊ သက်ဆိုင်ရာညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားပြီး လိုအပ်ချက်များဖြည့်ဆည်းနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အလားတူ သင်ယူမှုအခွင့်အလမ်းမြင့်မားရေး၊ အရည်အသွေးရှိသောသင်ယူမှု ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရေး တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၂၅ ရက်က ကယားပြည်နယ် လွိုင်ကော်မြို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကျား/မ တန်းတူညီမျှရေး ပေကျင်းကြေညာချက် ၂၅ နှစ်ပြည့် ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အာရှ-ပစိဖိတ်ဝန်ကြီးများအဆင့် ညီလာခံသို့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၉

**ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ရောက်ရှိနေသော ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယမန်နေ့ မွန်းလွဲပိုင်းက UN. Women ဌာနချုပ်၏ Deputy Executive Director, Ms. Anita Bhatia နှင့် တွေ့ဆုံခဲ့သည်။**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအနေဖြင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် အစိုးရဝန်ထမ်းများ အပါအဝင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားရေးဆိုင်ရာကိစ္စများတွင် UN.Women နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးထားသော ကုလသမဂ္ဂစာချုပ်များ၊ သဘောတူညီချက်များနှင့်ပတ်သက်၍ အစီရင်ခံစာရေးသားခြင်း၊ နိုင်ငံတကာနှင့် အတွေ့အကြုံများ မျှဝေခြင်းဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မရှင်၊ အာဆီယံအမျိုးသမီးများကော်မတီတို့တွင် ဦးစီးဦးဆောင် ဆောင်ရွက်နေသည့် ကိစ္စရပ်များ၊ ကျား/မ ရေးရာကို ထည့်သွင်းစဉ်းစားသည့် ဘတ်ဂျက်စနစ် ဖြစ်ပေါ်လာရေး စီစဉ်ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။




ပြည်ထောင်စုဝန်ကြီးသည် ယနေ့ နံနက်ပိုင်းတွင် Korea Women Development Institute (KWDI) အဖွဲ့အစည်းနှင့် တွေ့ဆုံသည်။ တွေ့ဆုံစဉ် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအနေဖြင့် မြို့နယ်အဆင့်အထိ လုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် စွမ်းဆောင်ရည်မြင့်မားရေး၊ သုတေသနလုပ်ငန်းများဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စ၊ အမျိုးသမီးအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးဆိုင်ရာ ဥပဒေမူကြမ်းရေးဆွဲဆောင်ရွက်နေမှု၊ ကျား/မရေးရာနှင့် ပတ်သက်၍ မူဝါဒရေးဆွဲဆောင်ရွက်နိုင်မည့် အခြေအနေ၊ ကုလသမဂ္ဂနှင့် လက်မှတ်ထိုးထားသည့် ပဋိပက္ခများအတွင်း အမျိုးသမီးများပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်တုံ့ပြန်ရေးဆိုင်ရာ ပူးတွဲသဘောတူစာချုပ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လုပ်ငန်းစီမံချက်ရေးဆွဲဆောင်ရွက်နေမှုများအပေါ် KWDI နှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ညနေပိုင်းတွင် ကျား/မတန်းတူညီမျှရေး ပေကျင်း ကြေညာချက် ၂၅ နှစ်ပြည့် ပြန်လည်သုံးသပ်မှုဆိုင်ရာ အာရှ-ပစိဖိတ်ဝန်ကြီးများအဆင့် ကြေညာချက်စာတမ်း အတည်ပြုခြင်းနှင့် အစည်းအဝေးပိတ်ပွဲ ကျင်းပခြင်းအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**သတင်းစဉ်**

## အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာပိုက်ကျော်ခြင်းအဖွဲ့ ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၂၉**

ဖိလစ်ပိုင်နိုင်ငံတွင် နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၁၁ ရက်အထိ ကျင်းပ မည့် အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်ပိုက်ကျော်ခြင်းအဖွဲ့သည် ယနေ့ နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားရာ အားကစားနှင့်ကာယပညာ သိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်၊ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်နှင့် ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲအောင်၊ အတွင်းရေးမှူးနှင့် အမှုဆောင်များ၊ မိဘဆွေမျိုးများက ပို့ဆောင် နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**အေးကေလင်း**

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ ကိုယ်စားလှယ်များအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၉**

နေပြည်တော်နှင့် ရန်ကုန်သို့ လေ့လာရေးခရီးလာရောက်ကြသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့မှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ ညနေ ၅ နာရီခွဲက နေပြည်တော်ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့်အတူ ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က အမှာစကား ပြောကြားရာတွင် တိုင်းရင်းသားကိုယ်စားလှယ်များအနေဖြင့် နေပြည်တော်နှင့် ရန်ကုန်လေ့လာရေးခရီးစဉ်အတွင်းရရှိသော ဒေသန္တရဗဟုသုတများကို နမူနာယူ၍ နေထိုင်ရာဒေသသို့ ပြန်လည်ရောက်ရှိသည့်အခါ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ကြရန် လိုပါကြောင်း၊ တိုင်းရင်းသားများ အခွင့်အရေးများရရှိရေးနှင့် စကား၊ စာပေ၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများ ထိန်းသိမ်းစောင့်ရှောက်ရေးကိစ္စရပ်များကို တိုင်းဒေသကြီးရှိ ညွှန်ကြားရေးမှူးရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များအပါအဝင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသအဖွဲ့များမှ တိုင်းရင်းသားခေါင်းဆောင်များ၊ မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းတို့သည် တိုင်းရင်းသားရေးရာကိစ္စရပ်များကို လက်တွဲဆောင်ရွက်နေသည့် မိတ်ဖက်အင်အားများဖြစ်ကြသဖြင့် စုစည်း၍ ညီညီညွတ်ညွတ်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုပါကြောင်း၊ တိုင်းရင်းသားများ မျှော်လင့်တောင့်တနေသည့် တန်းတူညီမျှရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး၊ ကိုယ့်ကြမ္မာကို ဖန်တီးနိုင်ရေးပန်းတိုင်ကို အချိန်တိုအတွင်း ရောက်ရှိမည်ဖြစ်ကြောင်း၊ ရည်မှန်းချက်ပန်းတိုင်သို့ ချီတက်ရာ၌ ကြုံတွေ့ရမည့်အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် ပြဿနာများကို သည်းခံစိတ်၊ ခွင့်လွှတ်စိတ်၊ သင်ပုန်းချေစိတ်များမွေးမြူ၍ ငြိမ်းချမ်းရေးစကားဝိုင်းပေါ်တွင် တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာကြသည့် ယဉ်ကျေးမှုကို လိုက်နာကျင့်သုံးပြီးဒေသတွင်းငြိမ်းချမ်းရေးမှသည် နိုင်ငံတော်၏ငြိမ်းချမ်းရေးလမ်းစဉ် ရှေ့တိုးဆောင်ရွက်မှုအပေါ် အကျိုးပြုနိုင်မည်ဖြစ်ပါသဖြင့် တိုင်းရင်းသားများက ပြည်ထောင်စုကြီး ထာဝရအစဉ်တည်မြဲအောင် ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ကြရန် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးလှမော်ဦးက နှုတ်ခွန်းဆက်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ၏ အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက်တို့တွင် နေထိုင်ကြသော တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးကြစေရန် ဆုံတွေ့ပေးခြင်းဖြစ်ကြောင်း၊ ရိုးရာယဉ်ကျေးမှုများအပါအဝင် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များ အချိတ်အဆက်မိမိ ဖော်ဆောင်နိုင်ရေးနှင့် နိုင်ငံတော်တွင် ဆောင်ရွက်နေသော မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများတွင် ပါဝင်နိုင်ရေး ပြောကြားသည်။




ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်ဇနီး ဒေါ်တိုးတိုးသူတို့က စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့တို့အား ဂုဏ်ပြုပန်းစည်းနှင့် အမှတ်တရလက်ဆောင် ပေးအပ်ခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ လေ့လာရေးအဖွဲ့ ကိုယ်စားလှယ်များက ဂါရဝပြုလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားလှယ် သျှမ်းနီတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားလှယ် ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးမန်းစန်းဝင်းတို့က ကျေးဇူးတင်စကားပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ နှစ်ဖွဲ့မှ ကိုယ်စားလှယ် ၅၁ ဦးနှင့် ဧရာဝတီတိုင်းဒေသကြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ သုံးဖွဲ့မှ ကိုယ်စားလှယ် ၅၀ စုစုပေါင်း ၁၀၁ ဦး ပါဝင်သော တိုင်းရင်းသားလေ့လာရေးအဖွဲ့သည် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီ၊ လွှတ်တော်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(တပ်ကုန်း)၊ ဆာဖာရီဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်၊ အမျိုးသားပြတိုက်၊ ကျောက်မျက်ပြတိုက်၊ ရေပန်းဥယျာဉ်၊ Junction ဈေးဝယ်စင်တာနှင့် ငလိုက်ဆည်ဆင်စခန်းသို့ နိုဝင်ဘာ ၂၇ ရက်မှ ၂၉ ရက်အထိ လေ့လာခဲ့ကြပြီး နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ရန်ကုန်တိုင်းဒေသကြီးရှိ ပြည်သူ့ရင်ပြင်၊ ရွှေတိဂုံဘုရား၊ ကန်တော်ကြီးပန်းခြံနှင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ သွားရောက်လေ့လာကြမည်ဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် လေ့လာရေးအဖွဲ့များနှင့်အတူ ညစာသုံးဆောင်ကြပြီး ညစာသုံးဆောင်စဉ် တိုင်းရင်းသားရိုးရာတေးသီချင်းများ၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)မှ ယဉ်ကျေးမှုအကအဖွဲ့များက အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

တိုင်းဒေသကြီး၊ ပြည်နယ်များရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ၏ လေ့လာရေးခရီးစဉ်ကို တိုင်းရင်းသားအချင်းချင်း ရင်းရင်းနှီးနှီး တွေ့ဆုံကာ ယဉ်ကျေးမှုဓလေ့ထုံးစံများကို တစ်ဦးနှင့်တစ်ဦး အမြင်ချင်းဖလှယ်၍ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးပွားလာစေပြီး ပြည်ထောင်စုစိတ်ဓာတ်များ ခိုင်မာလာစေရန် အပါအဝင် ဒေသတွင်းဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းရေးရရှိရေးနှင့် တည်တံ့ခိုင်မြဲစေရေး၊ နိုင်ငံတော်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆောင်ရွက်နေမှု၌ စုပေါင်းအင်အားဖြင့် ဖြေရှင်းနိုင်ရေးတို့အတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်မှ စတင်၍ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ ကိုယ်စားလှယ်များအဖြစ် ရှမ်းပြည်နယ်မြောက်ပိုင်းမှ ရှစ်ဖွဲ့နှင့် ရခိုင်ပြည်နယ်မှ ခုနစ်ဖွဲ့တို့ကို ပထမအကြိမ်အဖြစ် လည်းကောင်း၊ ကချင်ပြည်နယ်မှ သုံးဖွဲ့နှင့် တနင်္သာရီတိုင်းဒေသကြီးမှ လေးဖွဲ့တို့ကို ဒုတိယအကြိမ်အဖြစ် လည်းကောင်း၊ ကယားပြည်နယ်မှ ၁၃ ဖွဲ့၊ ချင်းပြည်နယ်မှ ၁၃ ဖွဲ့တို့ကို တတိယအကြိမ်အဖြစ် လည်းကောင်း ခရီးစဉ် စီစဉ်ပေးခဲ့ပြီး ယခု စတုတ္ထအကြိမ်၌ စစ်ကိုင်းတိုင်းဒေသကြီးမှ နှစ်ဖွဲ့နှင့် ဧရာဝတီတိုင်းဒေသကြီးမှ သုံးဖွဲ့ဖြစ်ပြီး လေ့လာရေးခရီးစဉ် လေးကြိမ်တွင် တိုင်းရင်းသားစုစုပေါင်း ၃၈၄ ဦးတို့ကို တွေ့ဆုံနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အရှေ့တောင်အာရှအားကစားအဖွဲ့ချုပ်ကောင်စီအစည်းအဝေး ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့်အဖွဲ့ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၉**

ဖိလစ်ပိုင်နိုင်ငံ Clark City ရှိ Quest Hotel ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည့် အရှေ့တောင်အာရှအားကစားအဖွဲ့ချုပ် ကောင်စီအစည်းအဝေးသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့်အဖွဲ့၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် ဆီးဂိမ်းပြိုင်ပွဲနှင့်ပတ်သက်၍ ကော်မတီအသီးသီးမှ တင်ပြချက်များအပေါ် ဆွေးနွေးဆုံးဖြတ်ကြသည်။

ဆက်လက်၍ နောင်လာမည့် ၂၀၂၁ ခုနှစ်တွင် ကျင်းပမည့် (၃၁) ကြိမ်မြောက် ဆီးဂိမ်းအတွက် ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံပြီး ၂၀၂၃ ခုနှစ်တွင် ကျင်းပမည့် (၃၂) ကြိမ်မြောက်အတွက် ကမ္ဘောဒီးယားနိုင်ငံက ပထမဆုံးအိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေးအတွက် တင်ပြခဲ့သည်။



ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံ New Clark City ရှိ အားကစားရွာသို့ သွားရောက်၍ အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ Arnis အားကစားအဖွဲ့အား တွေ့ဆုံအားပေးပြီး အားကစားရွာအတွင်း တည်ဆောက်ထားသည့် အားကစားသမားများ နေထိုင်မည့် အဆောက်အဦများ၊ အပန်းဖြေကစားကွင်း၊ ရေကူးကန်နှင့် စားသောက်ခန်းများထားရှိမှုကို လိုက်လံကြည့်ရှုရာ ဖိလစ်ပိုင် Athletes Village မှ တာဝန်ရှိသူများက ရှင်းလင်းပြသသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မြန်မာအားကစားအဖွဲ့များ ပြိုင်ပွဲကာလအတွင်း နေထိုင်မည့် အိပ်ဆောင်များထားရှိပုံ၊ ဆေးခန်းဖွင့်လှစ်ထားရှိမှုနှင့် ကျွေးမွေးလျက်ရှိသော အစားအသောက်များအား ကြည့်ရှုစစ်ဆေးရာ မြန်မာအားကစားအဖွဲ့ခေါင်းဆောင်များက လိုက်လံရှင်းလင်းပြသသည်။ ထို့နောက် Myanmar NOC ရုံးခန်းသို့ သွားရောက်ကာ ရုံးဝန်ထမ်းများအား တွေ့ဆုံ၍ ရုံးလုပ်ငန်းများ အဆင်ပြေစွာ ချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ အခက်အခဲများရှိပါက သတင်းပို့ဆက်လက် ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မနီလာမြို့ရှိ Rizal Memorial Stadium ကွင်း၌ ကျင်းပသည့် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုတတိယပွဲစဉ်အဖြစ် မြန်မာယူ-၂၂အသင်းနှင့် တီမောလက်စ်တေယူ-၂၂အသင်းတို့ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးပြီး ပြိုင်ပွဲအပြီးတွင် မြန်မာအားကစားသမားများ၊ မြန်မာပရိသတ်များ၊ မြန်မာအသင်းမှ အားကစားသမားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။ **မြန်မာ့အလင်း**

## အများအားဖြင့် သာယာမည်

**နေပြည်တော် နိုဝင်ဘာ ၂၉**

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ် ဆက်လက်ရွာနိုင်သည်။

မြန်မာ့ ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# သာပေါင်းမြို့၌ ကလေးစာပေပွဲတော်၊ စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဖွင့်ပွဲကျင်းပ

**သာပေါင်း နိုဝင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ခရိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းကျင်းပသော သာပေါင်းမြို့နယ် ကလေးစာပေပွဲတော်၊ စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက သာပေါင်း (အ.ထ.က) ကျောင်းမုခ်ဦးရှေ့၌ ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဂျိမိုးမြတ်မြတ်သူ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၁) ဒေါ်ခင်မိုးဝါ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂) ဦးအောင်အောင်ဦး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် မြို့နယ်ပညာရေးမှူး ဒေါ်ကြူကြူလှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။(**အောက်ပုံ**)

ဆက်လက်၍ သော်ကခန်းမတွင် သာပေါင်း(အ.ထ.က)မှ ကျောင်းသား၊ ကျောင်းသူလေးများက ကလေးစာပေပွဲတော် သီချင်းသီဆိုဖျော်ဖြေပြီး တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေးက အမှာစကား ပြောကြားသည်။

ထို့နောက် မူလွန်-ကညင်ချောင်းမှ ကျောင်းသားကျောင်းသူလေးများက "အ-အက္ခရာအောင်ပါစေ" သီချင်းနှင့် "လောကအားမာန်" သီချင်းတို့ဖြင့် ကပြဖျော်ဖြေကြပြီး တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဧည့်သည်တော်များက ကလေးစာပေပွဲတော်အတွင်းရှိ စာအုပ်စာပေပြပွဲ၊ ထူးချွန်ထင်ရှား ဧရာဝတီတိုင်းသားများပြခန်း၊ ကလေးများ၏ ပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများနှင့် စာအုပ်ဈေးရောင်းပွဲကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။




အဆိုပါ ကလေးစာပေပွဲတော် (သာပေါင်း)ကို နိုဝင်ဘာ ၂၉ ရက်မှ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

**ဓာတ်ပုံ - နေနန်းမျိုး**

❍ *ကျောဖုံးမှ*

အောင်ကောင်းမာန်၊ လွင်မိုးအောင်၊ လှိုင်းဘိုဘို၊ ရဲမင်းသူတို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၁၀ မိနစ်တွင် အောင်ကောင်းမာန်က အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဂိုးရပြီး နောက်ပိုင်းတွင် မြန်မာအသင်းက ဆက်လက်ဖိကစားနိုင်ခဲ့ပြီး ၃၅ မိနစ်တွင် ထက်ဖြိုးဝေက ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။ မြန်မာအသင်းသည် နှစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်သော်လည်း ခံစစ်ကစားပုံမှာ အားနည်းမှုများရှိခဲ့၍ တီမောအသင်းက အသုံးချကာ မိနစ် ၄၀ တွင် မာစကွီတာက ဂိုးပြန်သွင်းခဲ့သည်။ ဂိုးပြတ်အနိုင်ရရန် လိုအပ်နေသည့် မြန်မာအသင်းသည် မထင်မှတ်ဘဲ ဂိုးပြန်ပေးလိုက်ရသောကြောင့် ဒုတိယပိုင်းတွင် ဆက်လက်ရုန်းကန်ခဲ့ရပြီး တစ်ဂိုးသာ ထပ်မံသွင်းယူနိုင်ခဲ့သည်။

မြန်မာအသင်းအတွက် တတိယဂိုးကို ၅၃မိနစ်တွင် အသင်းခေါင်းဆောင် လှိုင်းဘိုဘိုက ထောင့်ကန်ဘောမှတစ်ဆင့် သွင်းယူခဲ့သည်။ နည်းပြပိုပေါ့ဗ်သည် ဂိုးထပ်မံရရှိရေးအတွက် ဝင်းနိုင်ထွန်း၊ စည်သူအောင်နှင့် စိုးလွင်လွင်တို့ကို ထည့်ကာ တိုက်စစ်အားမြှင့်ခဲ့သည်။ မြန်မာအသင်းသည် ဂိုးထပ်ရနိုင်သည့်အခွင့်အရေးများ ထပ်ရခဲ့သော်လည်း လှိုင်းဘိုဘို၊ စည်သူအောင်၊ လွင်မိုးအောင်နှင့် ဝင်းနိုင်ထွန်းတို့၏ ဂိုးသွင်းယူမှုများ လွဲချော်ခဲ့၍ ယင်းရလဒ်အတိုင်း ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် သုံးပွဲကစားအပြီးတွင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ ခုနစ်မှတ်ရထားပြီး နောက်ဆုံးပွဲအဖြစ် ဒီဇင်ဘာ ၂ ရက်တွင် ကမ္ဘောဒီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **ညီမြတ်သော်တာ**



မြန်မာအသင်းနှင့် တီမောအသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ- စိုးညွန့်(ခေတ္တ- မနီလာ)

## အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၂၉**

ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပမည့် အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၃၀ ရက် ညနေ ၅ နာရီခွဲတွင် Bocaue, Philippine ၌ ကျင်းပမည်ဖြစ်ရာ အဆိုပါအခမ်းအနား ကျင်းပပုံများကို ယင်းနေ့ ညနေ ၅ နာရီ ၂၅ မိနစ်မှစတင်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV,MRTV Sports Channel နှင့် မြန်မာ့အသံရေဒီယို အစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည် ဖြစ်ကြောင်းနှင့် ည ၈ နာရီ သတင်းအစီအစဉ်အား ဖွင့်ပွဲအခမ်းအနားပြီးဆုံးချိန်တွင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာပြေးခုန်ပစ်အဖွဲ့ ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲတွင် ကစားသမား ၁၄ ဦးဖြင့် ယှဉ်ပြိုင်မည်

**ရန်ကုန် နိုဝင်ဘာ ၂၉**

ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပနေသည့် ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာပြေးခုန်ပစ်အဖွဲ့သည် ကစားသမား ၁၄ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာပြေးခုန်ပစ်အဖွဲ့သည် ဆီးဂိမ်းပြိုင်ပွဲတွင် အမျိုးသားခြောက်ဦး၊ အမျိုးသမီးရှစ်ဦးဖြင့် ယှဉ်ပြိုင်မည်ဖြစ်ပြီး အမျိုးသားမီတာ ၁၀၀၊ ၂၀၀ ပြိုင်ပွဲတွင် လွင်မိုး၊ မီတာ ၄၀၀၊ ၈၀၀ ပြိုင်ပွဲတွင် မင်းမင်းဇော်၊ ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲတွင် ရဲထက်အောင်၊ ၁၀ မျိုးစုံပြိုင်ပွဲတွင် ပိုင်ကိုဝင်း၊ ကီလိုမီတာ ၂၀ လမ်းလျှောက်ပြိုင်ပွဲတွင် ပြည့်ဖြိုးထွန်း၊ မိုင်းညီညီမိုး၊ အမျိုးသမီး မီတာ ၄၀၀၊ ၈၀၀ ပြိုင်ပွဲတွင် သီသီမော်၊ မီတာ ၈၀၀၊ ၁၅၀၀ ပြိုင်ပွဲတွင် ဆွေလီမြင့်၊ မီတာ ၁၅၀၀၊ ၅၀၀၀ ပြိုင်ပွဲတွင် ဖြူဝါသက်၊ မီတာ ၅၀၀၀၊ ၁၀၀၀၀ ပြိုင်ပွဲတွင် ငါးမယ်၊ မီတာ ၁၀၀၀၀ နှင့် မာရသွန်ပြိုင်ပွဲတွင် ဇင်မာချို၊ ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲတွင် ပပဦး၊ ကီလိုမီတာ ၁၀ လမ်းလျှောက် ပြိုင်ပွဲတွင် သန်းသန်းစိုးနှင့် ဇင်မေထက်တို့ ပါဝင်ကြသည်။

မြန်မာပြေးခုန်ပစ်အဖွဲ့သည် ဆီးဂိမ်းပြိုင်ပွဲအတွက် အဖွဲ့ချုပ်အသစ်ပြန်လည်ဖွဲ့စည်းပြီးနောက်ပိုင်း ဧပြီလတွင် စတင်လေ့ကျင့်ခဲ့ပြီး ပဏာမကစားသမား ၁၀၀ ကျော်မှ အပြီးသတ်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲယှဉ်ပြိုင်မည့် ကစား သမားအများစုမှာ ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲအများစု ဝင်ရောက်ယှဉ်ပြိုင်ထားသလို နောက်ဆုံးပြင်ဆင်မှုအဖြစ် တရုတ်နိုင်ငံ၌ တစ်လနီးပါးသွားရောက် လေ့ကျင့်ထားသည်။

ဆီးဂိမ်းပြေးခုန်ပစ်ပြိုင်ပွဲကို ဒီဇင်ဘာ ၆ ရက်မှ ၁၀ ရက်အထိ ကလာ့ခ်မြို့၌ ကျင်းပမည်ဖြစ်ပြီး ရွှေတံဆိပ်စုစုပေါင်း ၄၅ ခု ချီးမြှင့်မည်ဖြစ်သည်။

**ညီမြတ်သော်တာ**




# ပုသိမ်ကြီးမြို့နယ်နှင့် မိုင်းယောင်းမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၉**

မူးယစ်တပ်ဖွဲ့(၁၇)မန္တလေး(မြောက်)မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းက ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာအုပ်စု(၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်းတွင် အေဒီဗင်အမျိုးအစား ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရာဖွေရာ ခရီးသည် မအေးအုပ်နှင့် မနန်းဟွမ်ခမ်း(ခ)ယွန်းရတီဦးတို့ထံမှ ငွေကျပ်သိန်း ၃၀၆၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆၁၂၀၀၊ မြန်မာငွေကျပ် ၁၁၈၀၀၀ နှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ညနေပိုင်းက မူးယစ်တပ်ဖွဲ့စု (၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းယောင်းမြို့နယ် ဝမ်ဟွန်းကျေးရွာနှင့် ဝမ်ဖြတ်ကျေးရွာကြားလမ်းမပေါ်တွင် အမျိုးသမီးနှစ်ဦးမောင်းနှင်လာသည့် ဆိုင်ကယ်ကို စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ ၎င်းတို့ သယ်ဆောင်လာသည့် ဆာလာအိတ်အား ပစ်ချထွက်ပြေးသွားခဲ့သည်။ အဆိုပါ အိတ်ကို ဖွင့်ဖောက်ရှာဖွေရာ အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# နေပြည်တော် မြို့ရှောင်လမ်းတွင် လိုင်စင်မဲ့ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် နေပြည်တော် မြို့ရှောင်လမ်းမကြီးပေါ်တွင် နိုဝင်ဘာ ၂၉ ရက် ညနေ ၃ နာရီခန့်က အမှတ် (၁)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှူးရုံးမှ ဒုရဲအုပ် သက်နောင်ကျော်သည် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ အေလာနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ နေပြည်တော်လေဆိပ်လမ်းဆုံ မိုင်တိုင်အမှတ်(၂၀၀/၂)အနီး၌ ယာဉ်စစ်ဆေးဆောင်ရွက်နေစဉ် ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ ဘားအံမြို့နယ်နေ အောင်ဇော်မျိုး (၄၁ နှစ်) မောင်းနှင်လာသည့်ယာဉ်ကို ရပ်တန့်စစ်ဆေးရာ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အေလာနယ်မြေရဲစခန်းတွင် အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

အလားတူ နိုဝင်ဘာ ၂၈ ရက် နံနက် ၇ နာရီခန့်က ဒုရဲအုပ် သက်နောင်ကျော်နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် လေဆိပ်လမ်းဆုံတွင် ယာဉ်စစ်ဆေးဆောင်ရွက်နေစဉ် ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ တောင်ကြီးမြို့နေ ယာဉ်မောင်း ဖုန်းမော် (၅၂နှစ်) မောင်းနှင်လာသည့်ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်နှင့်ပတ်သက်၍ တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိသဖြင့် အေလာနယ်မြေရဲစခန်းတွင် အမှု ဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ဟောင်ကောင်တွင် ဆန္ဒပြမှုများ နောက်တစ်ကြိမ်လုပ်ရန် နှိုးဆော်မှုများထွက်ပေါ်

**ဟောင်ကောင် နိုဝင်ဘာ ၂၉**

ဒီမိုကရေစီထောက်ခံဆန္ဒပြသူများ၏ စစ်တလင်းကဲ့သို့ ဖြစ်ခဲ့ရသော တက္ကသိုလ်ပရိဝုဏ် ဝိုင်းရံစောင့်ကြပ်မှုများကို အဆုံးသတ်လိုက်ပြီဖြစ်ကြောင်း နိုဝင်ဘာ ၂၉ ရက်က ဟောင်ကောင်ရဲများက ပြောကြားလိုက်သော်လည်း တက်ကြွလှုပ်ရှားသူများက နောက်ထပ် လူထုလှုပ်ရှားမှုများကို နောက်လာမည့် ရက်အနည်းငယ်အတွင်း ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အတိအလင်း အသိပေးပြောကြားလိုက်သည်။

လွန်ခဲ့သော ရက်သတ္တပတ်က ဒေသတွင်းရွေးကောက်ပွဲများတွင် ဒီမိုကရေစီထောက်ခံပါတီများက တောင်ပြိုကမ်းပြိုအနိုင်ရခဲ့သော်လည်း ဟောင်ကောင်ခေါင်းဆောင် ကာရီလမ်နှင့် ပေကျင်းခေါင်းဆောင်များက နောက်ထပ် နိုင်ငံရေးလိုက်လျောမှုများကို ပြုလုပ်မည်မဟုတ်ကြောင်း ငြင်းဆိုလိုက်သည့်နောက်ပိုင်းတွင် လမ်းများပေါ်ထွက် ဆန္ဒပြမှုများ နောက်တစ်ကြိမ်ပြုလုပ်ရန် တိုက်တွန်းနှိုးဆော်မှုများ ထွက်ပေါ်လာခဲ့ခြင်း ဖြစ်သည်။

ဆူပူအုံကြွမှုများ အရှိန်ကောင်းကောင်းနှင့် ရက်သတ္တပတ်အတော်ကြာဖြစ်ပေါ်နေပြီးနောက် ရဲတပ်ဖွဲ့ဝင်များနှင့် ဆန္ဒပြသူများကြား မျက်ရည်ယိုခတ်ငွေ့များလည်း မသုံးရ၊ ပဋိပက္ခများလည်း မဖြစ်ရဘဲ ရှားပါးသည့် ငြိမ်သက်မှုများ ရက်သတ္တပတ်ကျော်ကျော် ပေါ်ပေါက်လာခဲ့သည်။ ပေကျင်းနှင့် ဟောင်ကောင်ခေါင်းဆောင်များက ရွေးကောက်ပွဲရလဒ်များအပေါ် မည်သည့်တုံ့ပြန်မှုမှ မပြုလုပ်ခဲ့သည့်အတွက် ဆန္ဒပြသူများ နောက်တစ်ကြိမ်ဒေါသထွက်ခဲ့ရပြီး လူထုချီတက်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာ ၂၄ ရက် လျှို့ဝှက်မဲပေးမှုတွင် လူထုထောက်ခံမှုနှုန်း စံချိန်တင်ကျဆင်းခဲ့သည့် ဟောင်ကောင်ခေါင်းဆောင် ကာရီလမ်က လူထု၏ မကျေနပ်ချက်ကို အသိအမှတ်ပြုသော်လည်း နောက်ထပ် မည်သည့်အလျှော့ပေးမှုမှ လုပ်ဆောင်လိမ့်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

လူထုလှုပ်ရှားမှုများကို စီစဉ်လေ့ရှိသည့် အွန်လိုင်းဆွေးနွေးပွဲများကလည်း လူထုလှုပ်ရှားမှုများကို ပြုလုပ်ရန် တိုက်တွန်းထားသည်။ ဟောင်ကောင်အစိုးရက ပြည်သူ့အမြင်များကို လျစ်လျူရှုမည်ဆိုပါက မိမိတို့အနေဖြင့် မည်သည့်နေရာတွင်မဆို ငါးရက်၊ ခြောက်ရက်ဆက်တိုက် လူထုလှုပ်ရှားမှုများကို ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် လှုပ်ရှားမည့်ရက်ကိုလည်း သတ်မှတ်ပြီးဖြစ်ကြောင်း အသုံးပြုသူများ တစ်ခဲနက် ထောက်ခံအားပေးမှုရရှိထားသည့် အွန်လိုင်းဆွေးနွေးပွဲတစ်ခုတွင် ဖော်ပြထားသည်။

**အေအက်ဖ်ပီ**



နိုဝင်ဘာ ၂၈ ရက် ညက ဟောင်ကောင်တွင် လူထောင်ပေါင်းများစွာ ငြိမ်းချမ်းသော ကျေးဇူးတော်နေ့ လူထုစုဝေးမှုကို ဆင်နွှဲနေစဉ်။

# ရာသီဥတုပြောင်းလဲမှုကို ဆန့်ကျင်၍ ဆစ်ဒနီတွင် ကမ္ဘာလုံးဆိုင်ရာ ဆန္ဒပြမှုပြုလုပ်

**ဆစ်ဒနီ နိုဝင်ဘာ ၂၉**

မီးခိုးများဖုံးလွှမ်းနေသည့် ဆစ်ဒနီတွင် ရာသီဥတုပြောင်းလဲမှုများကို ဆန့်ကျင်သည့် ကမ္ဘာလုံးဆိုင်ရာ ဆန္ဒပြမှုများကို နိုဝင်ဘာ ၂၉ ရက်က ပြုလုပ်ခဲ့သည်။ တက်ကြွလှုပ်ရှားသူများနှင့် ကျောင်းသားများသည် တောမီးကြောင့် ပျက်စီးခဲ့သည့် ဩစတြေးလျအာဏာရပါတီ ဌာနချုပ်တွင် ဆန္ဒပြခဲ့ကြသည်။

လူရာပေါင်းများစွာသည် ကွန်ဆာဗေးတစ် လစ်ဘရယ်ပါတီရုံးများရှေ့တွင် စုဝေးခဲ့ပြီး ရာသီဥတုပြောင်းလဲရေးဆိုင်ရာ တက်ကြွလှုပ်ရှားသူ အသက် ၁၆ နှစ်ရှိ ဂရီတာသွန်ဘာ့ဂ်၏ ရာသီဥတုဆိုင်ရာ သတိပေးမှုများကို အရေးတယူဆောင်ရွက်ရန် နှိုးဆော်ခဲ့သည်။

ဆန္ဒပြသူများသည် မကြာသေးမီ ရက်များအတွင်းက တောမီးလောင်ကျွမ်းမှုကြောင့် ပျက်စီးသွားသော နိုင်ငံ၏ အရှေ့တောင်ပိုင်းဒေသများကိုလည်း အရေးပေါ်ဆောင်ရွက်မှုများ လုပ်ဆောင်ရန် တိုက်တွန်းလိုက်သည်။

"ငါတို့အနာဂတ်များ လောင်ကျွမ်းနေသည်" ဟူသော ဆောင်ပုဒ်များပါသည့် လက်ကိုင်ပိုစတာများ ကိုင်ဆောင်ပြီး "ငါတို့တိုးတက်အောင် လုပ်ဆောင်မည်" ဟူသော ကြွေးကြော်သံများကို ကြွေးကြော်ခဲ့ကြသည်။ လွန်ခဲ့သည့်တစ်လနီးပါးက အန္တရာယ်ရှိသော မီးခိုးငွေ့များသည် ဆစ်ဒနီတစ်ခွင် ဖုံးအုပ်သွားခဲ့သည်။

တောမီး လောင်ကျွမ်းမှုဘေးကြောင့် လူခြောက်ဦး သေဆုံးခဲ့ပြီး အိမ်ရာပေါင်းများစွာ ပျက်စီးခဲ့သည်။ ၎င်းတို့ထဲတွင် အပူချိန်မြင့်တက်လာမှုသည် အဆိုးဆုံးဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောသည်။

မိုးခေါင်ရေရှားမှုများ၊ ပုံမှန်မဟုတ်သည့် ပူအိုက်မှုများ၊ ခြောက်သွေ့မှုများ၊ လေပြင်းတိုက်ခတ်မှုများက ခန့်မှန်းမရနိုင်သော မီးကို ပိုမိုအရှိန်ကောင်းစေခဲ့သည်။

ဆန္ဒပြသူများ၏ အဓိကရည်ရွယ်ချက်မှာ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်နှင့် မီးလောင်မှုသည် ဘယ်လိုမှ ဆက်စပ်လိမ့်မည်မဟုတ်ဟု ပြောကြားခဲ့သည့် ဝန်ကြီးချုပ် မော်ရစ်ဆင်ကို သိစေလိုရင်းဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုအပေါ် မိမိတို့အစိုးရ၏ ပျက်ကွက်မှုများကြောင့် တောမီးကို ပိုမိုကြီးကျယ်စေခဲ့ကြောင်း ကျောင်းသားသပိတ်ခေါင်းဆောင် ရှီအန်ဘရိုဒရစ်က ပြောကြားလိုက်သည်။ လူတွေလည်း ထိခိုက်နာကျင်နေကြောင်း၊ မိမိတို့လို အဖွဲ့အစည်းတွေလည်း ယူကျုံးမရဖြစ်တော့မည်ဖြစ်ကြောင်း၊ ဒါတောင် နွေရာသီမရောက်သေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**အေအက်ဖ်ပီ**




ဆစ်ဒနီတွင် ဆန္ဒပြသူများ ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုဆန္ဒပြပွဲ ပြုလုပ်နေစဉ်။

## ဆန္ဒပြသူအများအပြား အီရန်ဖမ်းဆီးထိန်းသိမ်း

**တီဟီရန် နိုဝင်ဘာ ၂၉**

အီရန်အာဏာပိုင်များသည် နိုဝင်ဘာလလယ်ကတည်းက ဖြစ်ပွားခဲ့သည့် အစိုးရဆန့်ကျင်ဆန္ဒပြမှုများတွင် ပါဝင်ခဲ့သည့် ထောင်ပေါင်းများစွာသော ဆန္ဒပြသူများကို ဖမ်းဆီးထိန်းသိမ်းလိုက်ပြီဖြစ်ကြောင်း အီရန်သတင်းမီဒီယာများက ပြောကြားခဲ့သည်။

လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်ခန့်က ဓာတ်ဆီဈေးနှုန်းများ ၅၀ ရာခိုင်နှုန်းထက်မနည်း မြင့်တက်လာပြီးနောက် နိုင်ငံတစ်ဝန်း ဆန္ဒပြမှုများ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

အဆိုပါဆန္ဒပြပွဲများတွင် ဆန္ဒပြသူ ၁၃၀၀၀၀ မှ ၂၀၀၀၀၀ အထိ ပါဝင်သည်ဟု ခန့်မှန်းထားကြောင်း နိုင်ငံပိုင်သတင်းမီဒီယာတစ်ခုတွင် လွန်ခဲ့သော ရက်ပိုင်းလောက်က ဖော်ပြခဲ့သည်။ အဆိုပါ သတင်းအေဂျင်စီက အစိုးရအဆောက်အအုံ ၁၄၀ ခန့်နှင့် စစ်ဘက်ဆိုင်ရာ ပစ္စည်းပေါင်း ၅၀ ထက်မနည်းပျက်စီးခဲ့ကြောင်း ဆက်လက်ဖော်ပြထားသည်။

ပါလီမန်အမျိုးသားလုံခြုံရေးကော်မတီအဖွဲ့ဝင်တစ်ဦး၏ ပြောကြားချက်ဖြစ်သော လူပေါင်း ၇၀၀၀ ခန့်ဖမ်းဆီးပြီးပြီဖြစ်ကြောင်းကို ကိုးကားပြီး တခြားအီရန်မီဒီယာတစ်ခုကလည်း သတင်းဖော်ပြခဲ့သည်။

ဆန္ဒပြမှုများ စတင်ဖြစ်ပွားခဲ့ပြီးနောက် အစိုးရသည် အင်တာနက်လိုင်းများကို ပိတ်ပင်လိုက်သော်လည်း ကြာသပတေးနေ့မှစ၍ မြို့တော် တီဟီရန်အပါအဝင် အချို့မြို့များတွင် အင်တာနက်အသုံးပြုခွင့်များကို ဖြည်းဖြည်းချင်း ပြန်လည်ဖွင့်ပေးခဲ့ကြောင်း သိရသည်။

အစိုးရက မငြိမ်သက်မှုများကို ထိန်းချုပ်ထားလိုက်ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှုကြောင့် အီရန်နိုင်ငံရှိ ဆီဈေးနှုန်းများ မြင့်တက်လာခဲ့သည့်အတွက် လူများ၏ အသက်ရှင်လှုပ်ရှားရှန်းကန်မှုများတွင်လည်း အခက်အခဲများ ရှိလာခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# မြောက်ကိုရီးယားက ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်

**ပြုံယမ်း နိုဝင်ဘာ ၂၉**

မြောက်ကိုရီးယားနိုင်ငံသည် ဒုံးကျည်ပစ်ခတ်စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြောင်း အဆိုပါဒုံးကျည်ပစ်ခတ်မှုများသည် တစ်ခုနှင့် တစ်ခုအကြား စက္ကန့် ၃၀ သာကြာကြောင်း တောင်ကိုရီးယားစစ်ဘက်မှ နိုဝင်ဘာ ၂၉ ရက်က ပြောကြားလိုက်သည်။

မြောက်ကိုရီးယားသည် နိုင်ငံတောင်ပိုင်း ဟမ်ကျုံးပြည်နယ်၊ ယင်ပိုဒေသအနီးတစ်ဝိုက်မှ ဂျပန်ပင်လယ်ပြင်ကို ဦးတည်သည့် ဒုံးကျည်နှစ်စင်းကို ပစ်ခတ်စမ်းသပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံပိုင်သတင်းမီဒီယာက မြောက်ကိုရီးယားနိုင်ငံသည် ဒုံးကျည်အများအပြား ပစ်ခတ်နိုင်သည့် ဒုံးပစ်လက်နက်တစ်ခုကို စမ်းသပ်ခဲ့ကြောင်း သောကြာနေ့က အတည်ပြုပြောကြားခဲ့သည်။ ယခုကဲ့သို့ စမ်းသပ်မှုပြုလုပ်ခြင်းသည် မြောက်ကိုရီးယားနိုင်ငံအနေဖြင့် အမေရိကန်ကို ပေးထားသည့် နျူကလီးယားအရေး နောက်ဆုံးဆွေးနွေးရက်ကို သတိပေးသည့်သဘော ဖြစ်သည်။

ယမန်နေ့က ဒုံးကျည်တစ်စင်းပြီးတစ်စင်း စမ်းသပ်ပစ်လွှတ်ခြင်းကို ခေါင်းဆောင် ကင်ဂျုံအန်းကိုယ်တိုင် ကြီးကြပ်ခဲ့ကြောင်းနှင့် ထွက်ပေါ်လာသည့် ရလဒ်များကိုလည်း ကျေနပ်ကြောင်း ကိုရီးယားဗဟိုသတင်းဌာန ကေစီအင်န်အေက ဖော်ပြသည်။

မေလအစောပိုင်းမှစကာ ယခုကဲ့သို့ စမ်းသပ်မှုများသည် ၁၃ ကြိမ်သို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်သည် မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ဒုံးကျည်အများအပြား ပစ်လွှတ်စမ်းသပ်သည့် နှစ်တစ်နှစ်ဖြစ်ကြောင်း သိရသည်။ ဖေဖော်ဝါရီလက ရပ်တန့်ခဲ့သည့် နျူကလီးယားအရေးဆွေးနွေးပွဲများအတွက် လိုက်လျောမှုလုပ်ဆောင်ရန် ကင်ဂျုံအန်းက အမေရိကန်ကို ယခုနှစ်ကုန်အထိ အချိန်ပေးထားကြောင်း သိရသည်။




မြောက်ကိုရီးယား ဒုံးကျည်စမ်းသပ်မှုကို ကြီးကြပ်နေသည့် ကင်ဂျုံအန်းကို တွေ့ရစဉ်။

မြောက်ကိုရီးယားဘက်က ပစ်လွှတ်လိုက်သည့် ဒုံးကျည်နှစ်စင်းသည် အမြင့် ၉၇ ကီလိုမီတာမှ ကီလိုမီတာ ၃၈၀ ခန့် ပျံသန်းခဲ့ပြီး သမုဒ္ဒရာထဲသို့ ကျသွားခဲ့ကြောင်း တောင်ကိုရီးယားစစ်ဘက်က ပြောကြားလိုက်သည်။ စမ်းသပ်မှု အောင်မြင်ကြောင်း ကေစီအင်န်အေသတင်းဌာနတွင် ဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ**

# ကမ္ဘာလုံးဆိုင်ရာ ဓာတ်ငွေ့ထုတ်လွှတ်မှုတွေကို မလျှော့ဘူးဆိုရင် အနေးနဲ့အမြန် ရာသီဥတုဖောက်ပြန်မှုတွေနဲ့ ရင်ဆိုင်ရမယ်

**ထွန်းသစ်စ**

ရုပ်ကြွင်းလောင်စာသုံးစွဲမှုတွေကို ချက်ချင်းမရပ်တန့်ဘူးဆိုရင် ကမ္ဘာကြီးဟာ ရာသီဥတုဘေးအန္တရာယ်ကို ရှောင်ရှားဖို့ အခွင့်ကောင်းတွေ ဆုံးရှုံးနေလိမ့်မယ်ဆိုပြီး နှစ်စဉ်ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု အကဲဖြတ်မှတ်တမ်းမှာ ကုလသမဂ္ဂက ပြောခဲ့တာရှိပါတယ်။ ဆိုလိုတဲ့သဘောကတော့ အမျိုးမျိုးသော ဓာတ်ငွေ့ထုတ်လွှတ်မှုတွေကို မလျှော့ချဘူးဆိုရင် ကမ္ဘာကြီးဟာ အနေးနဲ့အမြန် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု ဘေးဒုက္ခတွေနဲ့ ရင်ဆိုင်ရတော့မယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ ဖြစ်ပါတယ်။ ဒါဟာ ဒီနေ့ ကမ္ဘာကြီးကို အမှီသဟဲပြုနေထိုင်သူတွေအတွက် တပ်လှန့်နှိုးဆော်မှုတစ်ခုပဲလို့ ဆိုရမှာဖြစ်ပါတယ်။

### တစ်နေ့တခြား ပိုပူလာမယ်

ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်က ကမ္ဘာလုံးဆိုင်ရာ ဓာတ်ငွေ့ထုတ်လွှတ်မှုတွေကို တစ်နှစ်ချင်းစီ ၇ ဒသမ ၅ ရာခိုင်နှုန်း လျှော့ချပြီး အဲဒီနှုန်းအတိုင်း ၂၀၃၀ အထိ လုပ်ဆောင်ရမယ်လို့ ဆိုပါတယ်။ အဲဒီလိုလုပ်ခြင်းဟာ ကမ္ဘာ့အပူချိန် ၁ ဒသမ ၅ ဆဲစီးယတ်စ်ပမာဏ မြင့်တက်လာမှုကို ကန့်သတ်နိုင်လိမ့်မယ်လို့ ဆိုပါတယ်။ ဒီလိုမှမဟုတ်ပါက ကမ္ဘာကြီးဟာ တစ်နေ့တခြား ပိုပူလာမှာပဲ ဖြစ်ပါတယ်။

တကယ့်လက်တွေ့မှာတော့ လွန်ခဲ့တဲ့ဆယ်စုနှစ်ကစပြီး ကမ္ဘာလုံးဆိုင်ရာ ဓာတ်ငွေ့ထုတ်လွှတ်မှုတွေဟာ နှစ်စဉ်နှစ်တိုင်း ၁ ဒသမ ၅ ရာခိုင်နှုန်းထက် ပိုခဲ့ပါတယ်။ အကျိုးဆက်အားဖြင့် ၂၀၁၈ ခုနှစ်မှာ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ သို့မဟုတ် ၎င်းနဲ့တူတဲ့ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုတွေဟာ ၅၅ ဒသမ ၃ ဘီလီယံတန်အထိ စံချိန်တင်ရောက်ရှိခဲ့ပါတယ်။ နိုင်ငံပေါင်း ၁၉၅ နိုင်ငံက ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ပါရီသဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီး သုံးနှစ်အကြာမှာ အဲဒီလိုစံချိန်တင်ရောက်ရှိခဲ့တာပဲ ဖြစ်ပါတယ်။

ကမ္ဘာ့မိုးလေဝသအဖွဲ့က လေထုတွင်း ဖန်လုံအိမ်ဓာတ်ငွေ့ပါဝင်မှုဟာ ၂၀၁၈ ခုနှစ်မှာ စံချိန်တင်မှတ်တမ်းတင်နိုင်ခဲ့တဲ့ နှစ်တစ်နှစ်ဖြစ်ကြောင်း နိုဝင်ဘာ ၂၅ ရက်က ပြောခဲ့ပါတယ်။

### ကာဗွန်ကင်းစင်တဲ့ ကမ္ဘာကြီးဆီသို့

ပါရီသဘောတူညီချက်ဟာ အပူချိန်မြင့်တက်နေမှုတွေကို စက်မှုမတိုင်မီ အဆင့်ဖြစ်တဲ့ ၂ ဒီဂရီစင်တီဂရိတ် အဲဒီထက်ပိုပြီး အန္တရာယ်ကင်းတဲ့ အဆင့်ဖြစ်တဲ့ ဖြစ်နိုင်မယ်ဆိုရင် ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အဆင့်အထိ လျှော့ချဖို့ နိုင်ငံတွေကို ကတိပေးထားပါတယ်။ အဲဒီလိုဖြစ်ဖို့ဆိုရင် နိုင်ငံတွေအနေနဲ့ ဆယ်စုနှစ်အတွင်း ဓာတ်ငွေ့ထုတ်လွှတ်မှုတွေ လျှော့ချဖို့လိုအပ်ပြီး ကာဗွန်ကင်းစင်တဲ့ သို့မဟုတ် လျော့နည်းသွားတဲ့ ကမ္ဘာကြီးဆီကို ချီတက်ဖို့ အတူတကွကြိုးစားကြရမှာပဲ ဖြစ်ပါတယ်။

လက်ရှိ ပါရီသဘောတူညီချက်ကိုသာ အကောင်အထည်မဖော်နိုင်သေးဘူးဆိုရင် ကမ္ဘာကြီးဟာ အပူချိန် ၃ ဒသမ ၂ ဒီဂရီစင်တီဂရိတ် မြင့်တက်လာမယ့်အခြေအနေ ဖြစ်ပါတယ်။ အဲဒီအခြေအနေဟာ သိပ္ပံပညာရှင်တွေ ခန့်မှန်းပုံအရဆိုရင် လူ့အသိုင်းအဝိုင်းကြီးကို ဘေးအန္တရာယ်ဖြစ်စေမယ့် အနေအထားဖြစ်ပါတယ်။

ကမ္ဘာ့နိုင်ငံတွေဟာ ပါရီသဘောတူညီချက်မှာ ပေးခဲ့တဲ့ကတိတွေအတိုင်း ကောင်းစွာ စောင့်ထိန်းအကောင်အထည်ဖော်မယ်ဆိုရင်တော့ သတ်မှတ်ထားတဲ့ အပူချိန်အဆင့်အောက်မှာပဲ ဆက်လက်ရှိနေမယ့် သဘောကိုလည်း တွေ့ရပါတယ်။ ဒါပေမယ့် ကုလသမဂ္ဂရဲ့ သုံးသပ်ချက်အရတော့ အားရစရာ မရှိသေးပါဘူး။

### ရည်မှန်းချက်နဲ့ အလှမ်းဝေးမယ်

အပူချိန်မြင့်တက်နေမှုတွေကို ၁ ဒသမ ၅ အဆင့်အထိ လျှော့ချဖို့ဆိုတဲ့ ရည်မှန်းချက်ဟာ ဖြစ်ကောင်းဖြစ်နိုင်သော်လည်း လောင်စာဆီနဲ့ ဓာတ်ငွေ့ သုံးစွဲမှု မြင့်တက်လာတဲ့ ကမ္ဘာ့စီးပွားရေးအခြေအနေမှာ အခုကိစ္စဟာ ကြံ့တောင့်ကြံ့ခဲကိစ္စတစ်ခုလို့ ရှုမြင်မိပါတယ်။

မိမိတို့ဟာ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုတွေကို မလျှော့ချနိုင်ခဲ့ဘူးလို့ ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်က အမှုဆောင်ညွှန်ကြားရေးမှူး အင်ဂါအန်ဒါဆန်က ပြောပါတယ်။ မိမိတို့အနေနဲ့ ကမ္ဘာ့ရာသီဥတုဘေးအန္တရာယ် အပေါ်နဲ့ ကမ္ဘာ့ဓာတ်ငွေ့ထုတ်လွှတ်မှုအပေါ် သတ်မှတ်ထားတဲ့ ပမာဏအထိ သိသိသာလျှော့ချမယ့် အရေးယူဆောင်ရွက်မှုတွေ ချက်ချင်းမလုပ်ဘူးဆိုရင်တော့ မိမိတို့ရည်မှန်းထားတဲ့ အပူချိန် ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အောက် လျှော့ချဖို့ဆိုတဲ့ ရည်မှန်းချက်နဲ့ အလှမ်းဝေးသွားမှာပဲ ဖြစ်ပါတယ်လို့ အန်ဒါဆန်က ပြောပါတယ်။



ဗြိတိန်ရှိ နျူကလီးယား ဓာတ်ပေါင်းဖိုကို တွေ့ရစဉ်။

### အဓိကလုပ်ဆောင်ရမယ့်ကိစ္စကို လုပ်ရမယ်

ဆယ်နှစ်မြောက်သို့ ဝင်ရောက်လာပြီဖြစ်တဲ့ ဓာတ်ငွေ့ထုတ်လွှတ်မှု ကွာဟချက်အစီရင်ခံစာမှာတော့ အစိုးရရဲ့ အရေးယူဆောင်ရွက်မှု ပျက်ကွက်ခြင်းတွေကို ဖော်ပြထားပါတယ်။ သိသာတဲ့ ရာသီဥတုဆိုင်ရာ အရေးယူဆောင်ရွက်မှုတွေကို ၂၀၁၀ ပြည့်နှစ်လောက်မှာ စတင်ခဲ့ကြပါတယ်။ အဲဒီအချိန်ဟာ နှစ်စဉ်ဓာတ်ငွေ့ထုတ်လွှတ်မှုတွေကို လျှော့ချဖို့ အငြင်းပွားနေတဲ့ ကိုပင်ဟေဂင် အစည်းအဝေးပြီးသွားပြီးတဲ့အချိန်ပဲ ဖြစ်ပါတယ်။

ရာသီဥတုဆိုင်ရာ အရေးယူဆောင်ရွက်မှုတွေကို မလုပ်ဘဲ နှောင့်နှေးကြန့်ကြာနေတဲ့ ၁၀ နှစ်ဆိုတဲ့အချိန်ဟာ ယနေ့ မိမိတို့ ရာသီဥတုဆိုင်ရာ ဘေးဒုက္ခတွေကို ရင်ဆိုင်နေရတဲ့ အခြေအနေတွေဆီကို တွန်းပို့နေတယ်လို့ အန်ဒါဆန်က ပြောပါတယ်။ ဓာတ်ငွေ့ထုတ်လွှတ်မှုတွေကို အကြီးစားလုပ်နေတဲ့ စက်ရုံလုပ်ငန်းရှင်ကြီးတွေအနေနဲ့လည်း ပါရီရာသီဥတုဆိုင်ရာ သဘောတူညီချက်အတိုင်းသာ လုပ်ဆောင်သင့်တယ်လို့ အဲဒီဓာတ်ငွေ့ထုတ်လွှတ်မှု ကွာဟချက်အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

နိုင်ငံများကြား အကြံပြုဆွေးနွေးမှုတွေမှာလည်း ကွာခြားလျက်ရှိရာ အဓိကလုပ်ဆောင်ရမယ့်အရာကတော့ ရှင်းပါတယ်။ အဲဒါကတော့ ကျောက်မီးသွေးအသုံးပြုမှု လုံးဝရပ်သိမ်းရေး၊ လောင်စာဆီနှင့် ဓာတ်ငွေ့အသုံးပြုမှု လျှော့ချရေး၊ ပြည့်ဖြိုးမြဲစွမ်းအင်ကို အံ့သြဖွယ်ဖြစ်အောင် အမြန်တည်ဆောက်ရေး စတဲ့ကိစ္စတွေကို လုပ်ဆောင်သွားရမှာပဲ ဖြစ်ပါတယ်။

### အပူဆုံးအချိန်ဆိုက်ရောက်လာမယ်

စက်မှုထိပ်သီး နိုင်ငံ ၂၀ အနေနဲ့ ဓာတ်ငွေ့ထုတ်လွှတ်မှုတွေရဲ့ ၇၈ ရာခိုင်နှုန်းလောက် ထုတ်လုပ်ကြသော်လည်း ဒီအရေးမှာ ဖင့်လေးနေတဲ့ သဘောကို တွေ့ရပါတယ်။ စက်မှုထိပ်သီးနိုင်ငံအနက် ၁၅ နိုင်ငံလောက်သာ ပိုလည်းမပို လိုလည်းမလိုဘဲ ပကတိအခြေအနေအတိုင်းရောက်အောင် ကြိုးစားနေကြပါတယ်။

ကမ္ဘာ့နိုင်ငံတွေအနေနဲ့ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်မှာ သူတို့ရဲ့ ဆောင်ရွက်မှုတွေကို တိုးမြှင့်ဖို့ လိုလာပြီဖြစ်ပါတယ်။ နှစ်တိုးပြောင်းလဲမှုလေး လုပ်ဆောင်နေရုံနဲ့ အလုပ်ဖြစ်မှာမဟုတ်ဘဲ ၁၀ နှစ်အတွင်းမှာ လူ့ဘောင်အဖွဲ့အစည်းကြီးတစ်ခုလုံး ပြောင်းလဲလုပ်ဆောင်ဖို့ လိုလာပြီဖြစ်တယ်လို့ ရာသီဥတုဆိုင်ရာ ဦးဆောင်စာရေးဆရာတစ်ဦးဖြစ်တဲ့ ဂျွန်ခရစ်စတင်ဆန်က ပြောပါတယ်။ ၂၀၂၀ ပြည့်နှစ်ဟာ ရာသီဥတုဆိုင်ရာ တိုက်ပွဲဖြစ်ပွားမယ့် သမိုင်းဆိုင်ရာပြောင်းလဲမှု နှစ်တစ်နှစ်ဖြစ်လာလိမ့်မယ်လို့ ရာသီဥတုဆိုင်ရာ ဥရောပ ကွန်ရက်ညွှန်ကြားရေးမှူး ဝမ်ဒယ်ထရိုင်ယိုက ပြောပါတယ်။

လူသန်းပေါင်းများစွာတို့ ရာသီဥတုဆိုင်ရာ လမ်းပေါ်ထွက်ဆန္ဒပြမှုတွေ ပြုလုပ်မှသာလျှင် နိုင်ငံရေးသမားတွေအနေနဲ့ ရာသီဥတုဆိုင်ရာ သိပ္ပံပညာရှင်တွေရဲ့ ပြောဆိုချက်အတိုင်း လိုက်ပါလုပ်ဆောင်စေလာမယ်ဖြစ်တယ်လို့ ထရိုင်ယိုက ဆက်လက်ပြောပါတယ်။ လွန်ခဲ့တဲ့နှစ်က ရာသီဥတုဆိုင်ရာ အစိုးရချင်း ဆွေးနွေးပွဲတစ်ပွဲမှာ အပူချိန် ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ် ကျော်လာမယ်ဆိုရင် အပူလှိုင်းတွေ၊ အလွန်ပြင်းထန်တဲ့ မုန်တိုင်းတွေနဲ့ အလွန်ကြောက်စရာကောင်းတဲ့ ရေကြီးမှုတွေ ဖြစ်လာမယ်လို့ ဆိုခဲ့ပါတယ်။ အပူချိန်သတ်မှတ်ချက်ကို ကျော်လွန်လာမယ်ဆိုရင် ၂၀၃၉ ခုနှစ်ဟာ လူ့သမိုင်းမှာ ဒုတိယအပူဆုံး အခြေအနေ ဆိုက်ရောက်လာမှာ ဖြစ်ပါတယ်။ ဒီအရေးတွေကို အချိန်မီအရေးယူလုပ်ဆောင်မှသာ လူသားမျိုးနွယ်တွေ မှီတင်းနေထိုင်တဲ့ ကမ္ဘာကြီးကို ကယ်တင်ရာရောက်မှာ ဖြစ်ပါတယ်။ သို့မဟုတ်ပါက ဒီထက်ပိုပြီး ဆိုးလာဖို့ ရှိပါကြောင်း။ ။

**ကိုးကား- အေအက်ဖ်ပီ**

---

## နိုင်ငံတကာသတင်းတိုထွာ

### အယ်လ်ဘေးနီးယားငလျင်ကြောင့် သေဆုံးသူဦးရေ ၄၇ ဦးအထိ မြင့်တက်လာ

ဒါရက်စ် နိုဝင်ဘာ ၂၉

အယ်လ်ဘေးနီးယားအစိုးရက နိုဝင်ဘာ ၂၆ ရက်တွင် လှုပ်ခဲ့သော ငလျင်ကြောင့် သေဆုံးသူဦးရေမှာ ၄၇ ဦးအထိ မြင့်တက်ခဲ့ပြီး ၇၉၀ အထိ ဒဏ်ရာရရှိခဲ့သည်ဟု နိုဝင်ဘာ ၂၉ ရက်က အတည်ပြုပြောကြားလိုက်သည်။ ယခုငလျင်သည် နှစ်ပေါင်း ၄၀ အတွင်း အရှေ့တောင်ဥရောပနိုင်ငံတစ်နိုင်ငံကို လှုပ်ခတ်ခဲ့သည့် သေဆုံးမှုအများဆုံး ငလျင်တစ်ခုဖြစ်ခဲ့သည်။

မြို့တော် ဒါရက်စ်အပါအဝင် ငလျင်အပြင်းထန်ဆုံးလှုပ်ရှားခဲ့သည့် ဒေသများတွင် အရေးပေါ်အခြေအနေတစ်ရပ် ကြေညာထားကြောင်း သိရသည်။ စစ်ဘက်နှင့် မီးသတ်သမားများသည် ပျက်စီးပြိုကျအဆောက်အအုံများအောက်တွင် ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိသော်လည်း ငလျင်ငယ်များကြောင့် ရှာဖွေမှုများကို တားဆီးသလိုဖြစ်ခဲ့သည်။ အနီးအနားနိုင်ငံများဖြစ်သည့် အီတလီနှင့် ဂရိနိုင်ငံများက ကယ်ဆယ်ရေးအဖွဲ့များကို ငလျင်ဒဏ်ခံဒေသများသို့ စေလွှတ်ခဲ့ကြောင်း သိရသည်။ အသက်ရှင်သူများအတွက် အမေရိကန်ဒေါ်လာ ၁၁၀၀၀၀ ခန့် လှူဒါန်းရန် ပုပ်ရဟန်း မင်းကြီး ဖရန်စစ်က ကတိပြုခဲ့သည်။ ဂျပန်အစိုးရကလည်း အယ်လ်ဘေးနီးယားနိုင်ငံသို့ အရေးပေါ်ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

### တာလီဘန်များနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန် အာဖဂန်သို့ ထရမ့်သွားရောက်

ကဘူးလ် နိုဝင်ဘာ ၂၉

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် တာလီဘန်များနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှု ပြန်လည်လုပ်ဆောင်ရန် အာဖဂန်နစ္စတန်ကို သွားရောက်ခဲ့သည့် ကြေညာချက်တစ်ရပ် ထွက်ပေါ်လာခဲ့သည်။

ကျေးဇူးတော်နေ့ အားလပ်ရက်နှင့်ကြုံနေသည့် အမေရိကန်သမ္မတ ထရမ့်သည် အဲယားဖို့စ်ဝမ်းလေယာဉ်ဖြင့် အာဖဂန်နစ္စတန်သို့ ယမန်နေ့က ရောက်ရှိလာခဲ့သည်။ ယခုအာဖဂန်ခရီးစဉ်သည် ထရမ့် သမ္မတဖြစ်ပြီး ပထမဆုံးလာရောက်သည့် ခရီးစဉ်ဖြစ်သည်။ သမ္မတထရမ့်သည် မိန့်ခွန်းပြောကြားရာတွင် အမေရိကန်တပ်ဖွဲ့ဝင်များကို ကျေးဇူးတင်ကြောင်း ဖော်ပြခဲ့ပြီး တာလီဘန်များသည် မိမိတို့နှင့် သဘောတူညီနိုင်းမှုတစ်ခု လုပ်လိုကြောင်းနှင့် ၎င်းတို့နှင့် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း သမ္မတထရမ့်က ပြောကြားလိုက်သည်။

စက်တင်ဘာလအစောပိုင်းက မြို့တော်ကဘူးလ်တွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးအပါအဝင် လူ ၁၀ ဦးသေဆုံးခဲ့သည့် ကားဗုံးတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အမေရိကန်သည် တာလီဘန်တို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှု ရပ်ဆိုင်းခဲ့သည်။

အဆိုပါတိုက်ခိုက်မှုသည် တာလီဘန်တို့၏ လက်ချက်ဖြစ်ကြောင်း ပြောဆိုထားသည်။ အမေရိကန်တက္ကသိုလ်ပါမောက္ခ တစ်ဦးအပါအဝင် ဓားစာခံနှစ်ဦးကို တာလီဘန်တို့က ပြန်လည်လွှတ်ပေးရာမှ အမေရိကန်သည် တာလီဘန်တို့နှင့် ငြိမ်းချမ်းရေးပြန်လည်စတင်ရန် စိတ်ကူးပေါ်ပေါက်ခဲ့ခြင်း ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တာမွေယာယီဈေး အဆင့်မြှင့်တင်တည်ဆောက်မှုနှင့်ပတ်သက်၍ ဈေးသူဈေးသားများနှင့် တွေ့ဆုံ



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တာမွေဈေး အဆင့်မြှင့်တင်တည်ဆောက်မှုနှင့် ပတ်သက်၍ ဈေးသူ ဈေးသားများနှင့် တွေ့ဆုံစဉ်။

- ရန်ကုန်မြို့တွင် ဈေးပေါင်း ၁၈၃ ခု ၊ ဆိုင်ခန်းပေါင်း ခြောက်သောင်းကျော်ရှိပြီး အဆိုပါဈေးများကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက စီမံခန့်ခွဲကာ ဆိုင်ခန်းများ အငှားချထားစနစ်ဖြင့်သာ ဆောင်ရွက်လျက်ရှိ
- တာမွေယာယီဈေး တည်ဆောက်မည့် မြေဧရိယာသည် ၃ ဒသမ ၇၉၂ ဧက ဖြစ်ပြီး တည်ဆောက်မည့် အဆောက်အအုံမှာ ၅ ထပ် အဆောက်အအုံ၊ ကားပါကင်များပါဝင်သည့် အထပ်များ၊ Shop House များလည်း ပါဝင်မည်ဖြစ်ကြောင်း၊ အဆိုပါ တာမွေဈေးစီမံကိန်းသည် Yangon Project Bank တွင် ထည့်သွင်းထားသည့် စီမံကိန်းဖြစ်

**ရန်ကုန် နိုဝင်ဘာ ၂၉**

ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ တာမွေယာယီဈေး အဆင့်မြှင့်တင် တည်ဆောက်မှုနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဈေးသူဈေးသားများ တွေ့ဆုံပွဲကို ယနေ့ ညနေ ၄ နာရီက ရန်ကုန်မြို့တော်ခန်းမ၌ ပြုလုပ်သည်။

တွေ့ဆုံပွဲတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက "ရန်ကုန်မြို့တွင် ဈေးပေါင်း ၁၈၀ ကျော် ရှိပါကြောင်း၊ ရန်ကုန်မြို့ရှိ ဈေးအားလုံးကို နိုင်ငံတော်အစိုးရကိုယ်စားပြုပြီး မြို့တော်စည်ပင်သာယာရေးကော်မတီက စီမံခန့်ခွဲခွင့်ရှိပြီး ပိုင်ဆိုင်ခြင်းဖြစ်ပါကြောင်း၊ ဈေးများတွင် ရောင်းချနေသူအားလုံး အငှားချထားခြင်းဖြစ်ပါကြောင်း၊ အပိုင်ပေးထားခြင်း၊ အပျောက်ရောင်းထားခြင်း မဟုတ်ပါကြောင်း၊ ဈေးများနှင့်ပတ်သက်ပြီး ဥပဒေရှိပါကြောင်း၊ ဥပဒေနှင့်ပတ်သက်ပြီး ဈေးသူဈေးသားများ၊ ဈေးအုပ်ချုပ်သူများအနေဖြင့်ပါ လိုက်နာရန်လိုအပ်ကြောင်း၊ ရန်ကုန်မြို့ရှိ ဈေးအားလုံးကို ရှော့ပင်းမောလ်ကြီးများကဲ့သို့ ပြင်ဆင်ဆောင်ရွက်ရန် စီစဉ်နေပါကြောင်း၊ နိုင်ငံတော်အတွက် ဈေးများမှ ထိုက်တန်သည့် အကျိုးအမြတ် ရရှိမှုနည်းပါးနေသည့်အတွက် ဝင်ငွေရရှိရန် လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဈေးသူဈေးသားများကိုယ်စား ကိုယ်စားလှယ် ၅ ဦးက အသစ်တည်ဆောက်မည့် တာမွေဈေးပုံစံအား ဈေးသူဈေးသားများနှင့် သဘောတူညီမှုရရှိပြီးမှသာ ယာယီဈေးတည်ဆောက်ခြင်း၊ ဈေးသစ်တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ရန် တာမွေဈေးသူဈေးသားများ လက်မှတ်ရေးထိုးထားသည့် အချက် ၈ ချက်ပါ တောင်းဆိုချက်အား တင်ပြကြသည်။

ယင်းနောက် ဈေးသူဈေးသားများ၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားသည်။

တာမွေဈေး အဆင့်မြှင့်တင်တည်ဆောက်ရန်အတွက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံဗိသုကာအသင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုချက်များရယူခဲ့ပြီး စည်းကမ်းချက်များနှင့်အညီ ဒီဇိုင်းရေးဆွဲခဲ့ကြောင်း ယနေ့တွေ့ဆုံဆွေးနွေးပွဲမှ သိရသည်။

ရန်ကုန်မြို့တွင် ဈေးပေါင်း ၁၈၃ ခု ၊ ဆိုင်ခန်းပေါင်း ခြောက်သောင်းကျော်ရှိပြီး အဆိုပါဈေးများကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက စီမံခန့်ခွဲကာ ဆိုင်ခန်းများ အငှားချထားစနစ်ဖြင့်သာ ဆောင်ရွက်လျက်ရှိကြောင်း ဈေးများဌာနက သိရသည်။

၂၀၁၈ ခုနှစ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေ အခန်း(၂၁) ဈေးများ တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း ပုဒ်မ ၁၈၄ တွင် - ကော်မတီသည် ဈေးသစ်ဆောက်လုပ်ခြင်း၊ မွမ်းမံပြင်ဆင်ခြင်း၊ ပြုပြင်တိုးချဲ့ခြင်း၊ ဆိုင်ခန်းအငှားချထားခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့် ပိတ်သိမ်းခြင်း၊ ဆိုင်ခန်းအငှားချထားခြင်းကို ရပ်စဲပြီး ပြန်လည်ရယူခြင်းတို့ကို ဆောင်ရွက်နိုင်သည်ဟု ဥပဒေပြဋ္ဌာန်းထားကြောင်း သိရသည်။

အဆိုပါ တာမွေယာယီဈေး တည်ဆောက်မည့် မြေဧရိယာသည် ၃ ဒသမ ၇၉၂ ဧက ဖြစ်ပြီး တည်ဆောက်မည့် အဆောက်အအုံမှာ ၅ ထပ် အဆောက်အအုံ၊ ကားပါကင်များပါဝင်သည့် အထပ်များ၊ Shop House များလည်း ပါဝင်မည်ဖြစ်ကြောင်း၊ အဆိုပါ တာမွေဈေး စီမံကိန်းသည် Yangon Project Bank တွင် ထည့်သွင်းထားသည့် စီမံကိန်းဖြစ်ကြောင်း သိရသည်။

တွေ့ဆုံပွဲသို့ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင်များ၊ ဈေးများဌာနမှ တာဝန်ရှိသူများ၊ တာမွေယာယီဈေးမှ ဈေးသူ ဈေးသားများနှင့် သတင်းမီဒီယာများ တက်ရောက်ကြသည်။

**သတင်း-မင်းသစ်၊ သီသီမင်း/ ဓာတ်ပုံ-နေလင်း**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် သဖန်းဆိပ်ဆည်ရေနည်း၍ သီးနှံစိုက်ပျိုးထုတ်လုပ်မှုမကျစေရန် တောင်သူများနှင့် တွေ့ဆုံဆွေးနွေး

**ရွှေဘို နိုဝင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၌ ယခုနှစ်တွင် သဖန်းဆိပ်ဆည်ရေ လျော့နည်းနေခြင်းကြောင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှု လျော့ကျသွားခြင်း မရှိစေရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် အဖွဲ့သည် ရွှေဘိုမြို့နယ်အတွင်းမှ ဒေသခံ တောင်သူများနှင့် ပလိုင်းကျေးရွာ အုတ်ဖိုကျောင်းတိုက် ဓမ္မာရုံ၌ နိုဝင်ဘာ ၂၈ ရက်က တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဦးမိုးကျော်သူက အမှာစကားပြောကြားပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံက သဖန်းဆိပ်ဆည်ရေသည် ပုံမှန်အားဖြင့် ဧကပေ ၂၇ သိန်း သိုလှောင်နိုင်ခဲ့ပြီး ၂၀၁၈-၂၀၁၉ စိုက်ပျိုးရာသီတွင် မိုးသီးနှံနှင့် နွေသီးနှံအားလုံးအတွက် ရေပေးနိုင်ခဲ့သော်လည်း ယခုလက်ရှိအချိန်တွင် ဆည်ရေမှာ ဧကပေလေးသိန်းခန့်သာရှိသောကြောင့် ယခုနှစ် နွေသီးနှံများကို ရေပေးနိုင်ခြင်း မရှိတော့ဘဲ လာမည့်နှစ် မိုးစပါးရာသီတွင် ရွှေဘိုပေါ်ဆန်းစပါးမျိုး ပျိုးထောင်ရန်အတွက်သာ ကျန်ရှိတော့ကြောင်း၊ လက်ရှိ ဆည်ရေသိုလှောင်ထားနိုင်မှု အခြေအနေအရ ယခုနှစ် နွေစပါးအတွက် ရေပေးဝေနိုင်ခြင်းမရှိ၍ စိုက်ပျိုးနိုင်မည်မဟုတ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။


ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သီးနှံစိုက်ပျိုးထုတ်လုပ်မှု လျော့နည်းမှု မရှိစေရေးအတွက် တိုင်းဒေသကြီးအစိုးရအနေဖြင့် သီးထပ်စိုက်နည်းစနစ်ဖြင့်လည်းကောင်း၊ သီးကြိုစိုက်နည်းစနစ်ဖြင့်လည်းကောင်း၊ ဆည်ရေသောက်ဧရိယာအတွင်း ကျေးရွာများရှိ မြေအောက်ရေတွင်းပေါင်း ၂၂၀၄ တွင်းကို အသုံးပြုပြီး ရေလိုအပ်ချက်နည်းသည့် သီးနှံများကို လယ်သီးထပ်စိုက်နည်းစနစ်ဖြင့်လည်းကောင်း၊ ရိတ်သိမ်းပြီး အစိုဓာတ်ရှိနေသည့် စိုက်ခင်းများတွင် သစ်စိမ်းမြေဩဇာရရှိနိုင်သော သီးနှံများကို ကြဲပက်၍ မြေဆီလွှာအာဟာရ ရှိနိုင်သော နည်းစနစ်ဖြင့်လည်းကောင်း စိုက်ပျိုးရန် ချမှတ်ထားပြီး အဆိုပါ စိုက်ပျိုးရေး နည်းစနစ်များကို စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများ ညှိနှိုင်းပေါင်းစပ်၍ ဆောင်ရွက်သွားကြရန် ဆွေးနွေး ပြောကြားခဲ့သည်။ ထို့နောက် တောင်သူများက သိရှိလိုသည်များကို တင်ပြဆွေးနွေး မေးမြန်းကြပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပလိုင်းကျေးရွာအုပ်စု ကွင်းအမှတ် (၃၀၁၂)ရှိ မိုးစပါး ရွှေဘိုပေါ်ဆန်း စိုက်ခင်းများအတွင်း ပဲချဉ်ပေါင် ရေလိုက်ကြဲနည်းစနစ်ကို ကောင်းကင်သီးနှံကြဲစက်ဖြင့် စိုက်ပျိုးပြသနေမှုကို ကြည့်ရှုခဲ့ပြီး ချီပါကျေးရွာ မြသိန်းတန်ဘုရား ဓမ္မာရုံ၌လည်း ဒေသခံ တောင်သူများနှင့် တွေ့ဆုံဆွေးနွေးကာ ချီပါ မျိုးသန့်ခြံအတွင်း မျိုးစေ့သန့်စင်စက်နှင့် အအေးခန်းသိုလှောင်ရုံ ဆောက်လုပ်နေမှုများကိုလည်း ကြည့်ရှုစစ်ဆေးခဲ့သည်။

**ထွန်းမြင့်အောင်(ရွှေဘို)**




**စာပေမြင့်မှ လူမျိုးတင့်မည်**





# မြန်မာစကားသမိုင်းအတွက် (၁၅)

## မောင်ခင်မင် (ဓနုဖြူ)

"မြန်မာစကားသမိုင်းအတွက် ထည့်စဉ်းစားရမယ့် ဘာသာစကားအချက်အလက်တွေအကြောင်း ပြောလာကြတာ စကားသံအကြောင်း၊ စကားလုံးဖွဲ့ပုံအကြောင်း၊ ဝါကျဖွဲ့ပုံအကြောင်း၊ အနက်အဓိပ္ပာယ် အကြောင်း အချက်အလက်တွေ စခဲ့ပြီးပြီနော်။ မှတ်မိရဲ့လား"

"မှတ်မိပါတယ် ဆရာ"

"ဒါဆိုရင် ဒီနေ့ဝေါဟာရအကြောင်း ပြောကြရအောင်။ ဘာသာစကားတွေမှာ လူမှုကိစ္စအမျိုးမျိုးကို နာမည်တပ်ပြီး ခေါ်ရတဲ့စကားလုံးတွေပေါ့။ ဝေါဟာရတွေလို့ ခေါ်လို့လည်းရပါတယ်"

"ဟုတ်ကဲ့ပါ"

"ဒီတော့ ပုဂံခေတ်မှာ သုံးနေတဲ့ ဝေါဟာရတွေကို အမျိုးအစားခွဲပြီး ကြည့်ကြရအောင်။ ပထမဆုံးယုံကြည်ကိုးကွယ်မှုနဲ့ဆိုင်တဲ့ သာသနာရေးဝေါဟာရတွေကို ကြည့်ကြမယ်"

"ဒါဆို ဘုရား၊ တရား၊ သံဃာကစရမယ် ထင်တယ် ဆရာ"

"အေးပေါ့။ ရတနာသုံးပါးဖြစ်တဲ့ ဘုရား၊ တရား၊ သံဃာက စကြတာပေါ့။ 'ဘုရား'ဆိုတဲ့ ဝေါဟာရနဲ့ ပတ်သက်ပြီး အရင်တစ်ခါ ဆရာပြောပြီးပါပြီ။ 'ဘုရား' ကို ပုဂံခေတ်မှာ 'ပုရှာ'၊ 'ပုရှ ' စသည်ဖြင့် ရေးတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"အဲဒီ ပုရှာတို့ ပုရှ တို့ကနေ ပြောင်းလဲပြီး ဒီနေ့ 'ဘုရား'လို့ ခေါ်နေပြီလေ။ ဒါက ရေးထုံးကို ပြောတာ။ အသံထွက်ကတော့ /ဖယား/ပေါ့။ အဲဒီ 'ပုရှာ'ဟာ ဘယ်စကားက ဆင်းသက်တယ်ဆိုတာနဲ့ ပတ်သက်ပြီး ပညာရှင်တွေ ဝိဝါဒကွဲနေကြတဲ့ အကြောင်းလည်းပြောပြီးပြီ မဟုတ်လား"

"ဟုတ်ကဲ့ပါ"

"ဒီတော့ အသေအချာ မပြောနိုင်တာကို ခဏထားပြီး အသေအချာပြောနိုင်တာကို ပြောကြရအောင်။ မင်းတို့လည်း သင်ခဲ့ရတာပဲ။ ပုဂံခေတ်မှာ 'ဘုရား'ကို ဘယ်လိုခေါ်ကြသေးသလဲ။ ဘယ်လိုရေးတာ တွေ့ဖူးသလဲ"

"ဘုရားကို 'ပုရှာသ္ခိင်'လို့ ရေးတာရှိပါတယ်။ ဘုရားသခင်ပေါ့။ 'ပုရှာရှင်'လို့လည်း ရေးပါတယ်။ 'ဘုရားရှင်'လို့ ပြောင်းလာပါတယ် ဆရာ"

"ဟုတ်ပါတယ်။ 'ဘုရား'ကို 'ဘုရားသခင်'၊ 'ဘုရားရှင်' လို့ ဝိသေသပြု ရေးကြတယ်။ 'မြတ်စွာသောဘုရား'လို့လည်း ရေးတယ်။ ခုအသုံးတွင်နေတဲ့ 'မြတ်စွာဘုရား'ဆိုတဲ့ အသုံးရဲ့အရင်းခံပေါ့"

"ဟုတ်ကဲ့ပါ"

" 'သဗ္ဗညုတဉာဏ်ဘုရားဆု'ဆိုတဲ့ အသုံးမျိုးလည်း ရှိတယ်။ 'သဗ္ဗညုတ'ကို 'သိစပ်မြင်နှံ့သော'လို့ မြန်မာလို ဘာသာပြန်ခဲ့တဲ့ အကြောင်းလည်း ပြောပြီးပြီလေ"

"ဟုတ်ပါတယ် ဆရာ"

"ခုပြောတာက 'ဘုရား' ဆိုတဲ့ ဝေါဟာရ၊ ပုဂံခေတ်အသုံးအရတော့ 'ပုရှာ' ပေါ့။ အဲဒီဝေါဟာရကို သက်တော်ထင်ရှားရှိခဲ့တဲ့ ဘုရားဆိုတဲ့ အဓိပ္ပာယ်နဲ့သုံးတာလေ"

"ဟုတ်ပါတယ်"

"ကဲ ရာဇကုမာရ်ကျောက်စာမှာ 'ရွှေအတိသော ဘုရားသခင်အဆင်း' ဆိုတာက ဘာပါလိမ့်"

"ရွှေနဲ့သွန်းလုပ်ထားတဲ့ ဘုရားဆင်းတုကို ဆိုလိုတာပါ ဆရာ"

"ဒီတော့ 'ဘုရား'ဆိုတာ သက်တော်ထင်ရှားရှိတဲ့ ဘုရားဆိုတဲ့ အဓိပ္ပာယ်ကနေပြီး ဘုရားဆင်းတုတော်ဆိုတဲ့ အဓိပ္ပာယ်အထိ ကျယ်ပြန့်လာတာပေါ့"

"ဟုတ်ပါတယ် ဆရာ။ ဘုရားဆင်းတုကို ပုဂံခေတ်က 'ဆင်ပု'လို့ရေးတယ်လို့ မှတ်သားမိပါတယ်"

"ဟုတ်တယ်လေ။ 'အဆင်း'၊ 'ဆင်းပု' ဆိုပြီး သုံးတာ။ ပုဂံခေတ်မှာတော့ ဆင်ပုလို့ ဝစ္စပေါက်မပါဘဲသုံးတာပေါ့။ ပြီးတော့ ဆင်းတုတော်ပုံသဏ္ဌာန်ကိုလိုက်ပြီး သုံးတဲ့ဝေါဟာရတွေလည်း ရှိတယ်"

" ပြောပြပါ ဆရာ"

"ပုဂံခေတ်စာလုံးပေါင်းအတိုင်း ဖော်ပြရရင် 'ပုရှာရျပ်' ရယ်၊ 'ပုရှာထဝယ်'ရယ်၊ 'ပုရှာတန်ထိမ်'ရယ်၊ ပုရှာနိယရပန်ရယ်၊ အဲဒီလေးမျိုးပေါ့။ ခုခေတ်စာလုံးပေါင်းနဲ့ ရေးရင်တော့ 'ဘုရားရပ်'၊ 'ဘုရားထက်ဝယ်'၊ 'ဘုရားတန်ထိမ်'၊ 'ဘုရားနေရဗန်ပေါ့"

" 'ဘုရားရပ်'ဆိုတာ ရပ်တော်မူဘုရားကို ခေါ်တာလို့ မှတ်သားဖူးပါတယ်။ ကျန်တဲ့ ဘုရားပုံသဏ္ဌာန်တွေကိုတော့ မသိပါဘူး ဆရာ"

"ဘုရားထက်ဝယ်ဆိုတာ ထက်ဝယ်ဖွဲ့ခွေနေတော်မူဟန်ထုလုပ်ထားတဲ့ဘုရားပေါ့။ တင်ပလ္လင်ခွေထိုင်နေတဲ့ပုံသဏ္ဌာန်ပေါ့ကွယ်။ ထိုင်တော်မူဘုရားလို့လည်း ခေါ်ကြတယ်"

"ဟုတ်ကဲ့ပါ"

"ဘုရားတန်ထိမ်ဆိုတာ လျောင်းတော်မူဘုရားပေါ့။ ဘုရားနေရဗန်ဆိုတာ ပရိနိဗ္ဗာန်ပြုတော်မူဟန် ထုထားတဲ့ ဘုရားပေါ့ကွယ်"

"ထက်ဝယ်ဖွဲ့ခွေဆိုတာ ဘာအဓိပ္ပာယ်ပါလဲ ဆရာ"

" 'ထက်ဝယ်'ဆိုတာ မွန်စကား၊ 'ပေါင်'လို့ အဓိပ္ပာယ်ရတယ်။ ပေါင်နှစ်ဖက်ခွေပြီး ထိုင်နေတဲ့ ဟန်ပေါ့ကွယ်"

"ဟုတ်ကဲ့၊ နားလည်ပါပြီ ဆရာ"

"အဲဒီလို ဘုရားထုတဲ့ ပညာရှင်ကိုတော့ 'ဘုရားသမား'လို့ခေါ်တယ်"

" 'ရပ်တိုင်းဘုရား' ဆိုတာရှိသေးတယ်။ 'ကိုယ်ရပ်တိုင်းဘုရား'လို့လည်း သုံးတယ်။ ကုသိုလ်ရှင်ရဲ့ အရပ်အတိုင်းကိုယူပြီး အရပ်နဲ့အညီ ထုလုပ်တဲ့ ဘုရားပေါ့ကွယ်"

" 'ပုရှာရှင်'ဆိုတဲ့အသုံးက ခုခေတ်ရေးပုံဆိုရင်တော့ 'ဘုရားရှင်'ပေါ့။ အဲ...ပုဂံခေတ်နှောင်းပိုင်းမှာ ဘုရားရှင်ဆိုတာ တိုင်းပြည်အုပ်ချုပ်တဲ့မင်းကို ရည်ညွှန်းတဲ့ ဝေါဟာရအဖြစ်လည်း ကျယ်ပြန့်လာတယ်။ အင်းဝခေတ်မှာရေးတဲ့ ရှင်မဟာသီလဝံသရဲ့ ရာဇဝင်ကျော်မှာလည်း မင်းကိုဘုရားရှင်လို့ သုံးတယ်။ အဲဒီ 'ဘုရားရှင်' ကနေပြီး ဘယ်လို ပြောင်းလာသလဲ။ သတိထားမိသလား"

"သတိမထားမိပါဘူး ဆရာ"

" 'မင်း'ကို ဘယ်လိုခေါ်နိုင်သေးသလဲ"

" 'ဘုရင်'လို့လည်း ခေါ်ပါတယ် ဆရာ"

"အဲဒီ'ဘုရင်'ဟာ 'ဘုရားရှင်'ကို စကားခြုံသုံးရာက ဖြစ်လာတဲ့စကားပေါ့ကွယ်"

"မှတ်ထားပါမယ် ဆရာ"

"မင်းကို ဘုရားရှင်လို့သုံးသလို မင်းမယားကို 'အမိဘုရား' လို့ သုံးတဲ့စကားလည်းရှိတယ်။ ခုခေတ်တော့ 'မိဖုရား' လို့ သုံးတာပေါ့ကွယ်"

"သြော်...ဟုတ်ကဲ့"

" ဘုရားရဲ့အဓိပ္ပာယ်က ဒါထက်ပိုကျယ်လာသေးတယ်။ မင်းတို့ သံဃာတော်နဲ့စကားပြောရင် 'ဘုရား' လို့ ထည့်ပြောရတယ် မဟုတ်လား။ သံဃာတော်တစ်ပါးက မင်းတို့ကိုခေါ်ရင်လည်း 'ဘုရား' လို့ ပြန်ထူးရတယ်လေ။ ရှေးကဆိုရင်တော့ ဘုရင်နဲ့ မင်းဆွေမင်းမျိုးတွေနဲ့ ပြောရင်လည်း 'ဘုရား' လို့ ထူးရတယ်။ 'ဘုရားထူးခံ' ဆိုတဲ့ စကားကြားဖူးတယ် မဟုတ်လား"

"ဟုတ်ကဲ့၊ ကြားဖူးပါတယ် ဆရာ"

"ဒီတော့ 'ဘုရား'ဆိုတာ ဘုရား၊ သံဃာ၊ မင်း စသည်ဖြင့်မြတ်သောအာလုပ်စကားလို့ ဆိုနိုင်တာပေါ့"

"ဟုတ်ကဲ့ပါ"

"ပြောလက်စနဲ့ တစ်ဆက်တည်းပြောရရင် တို့မြန်မာတွေ စကားပြောတဲ့အခါ ရိုသေလေးစားရတဲ့ ပုဂ္ဂိုလ်ကို 'သခင်ဘုရား' ဆိုတဲ့ အာလုပ်စကားနဲ့ရည်ညွှန်းပြီးပြောတဲ့ အစဉ်အလာရှိတယ်။ အဲဒီပုဂ္ဂိုလ်မျိုးက ခေါ်လိုက်ရင်လည်း 'သခင်ဘုရား' လို့ ပြန်ထူးရတယ်။ ကုန်းဘောင်ခေတ်ကျတော့ 'သခင်ဘုရား' ကနေ 'ခင်ဘုရား' ဖြစ်လာတယ်။ နောက်တော့ အသံပြောင်းပြီး 'ခင်ဗျား၊ ခင်ဗျာ' လို့ ဖြစ်လာတာပေါ့ကွယ်"

"သြော်...စိတ်ဝင်စားစရာပဲနော် ဆရာ"

"ကုန်းဘောင်ခေတ်က နိုင်ငံခြားကို သံတမန်အဖြစ်သွားတဲ့ ဦးခြမ်းက နေပြည်တော်က သတင်းစာဆရာဆီ စာရေးတဲ့အခါ 'သတင်းစာ ဆရာခင်ဘုရား'လို့ အစချီရေးတာကို တွေ့ရတယ်။ နောက်တော့ 'ခင်ဗျား'တို့၊ 'ဗျာ'တို့ ဖြစ်လာတာပေါ့ကွယ်"

"နားလည်ပါပြီ ဆရာ"

"ဒါက 'ဘုရား'ဆိုတဲ့ စကားလုံးတစ်လုံးရဲ့ အနက်အဓိပ္ပာယ်ကျယ်ပြန့်လာပုံကို သိသာအောင် ပြောတာပါ"

"ဟုတ်ကဲ့ပါ"

"နောက်တစ်ခုပြောစရာရှိတာက 'ဘုရား' ဆိုတာ ဆင်းတုတော်ကိုသာမက ဘုရားရှင်ရဲ့ ဆံတော်၊ ဓာတ်တော်၊ မွေတော်တွေကို ဌာပနာပြီးတည်တဲ့ စေတီပုထိုးကိုလည်း 'ဘုရား'လို့ခေါ်တယ် မဟုတ်လား။ ဘုရားဆိုတဲ့ ဝေါဟာရရဲ့ အဓိပ္ပာယ်ကျယ်ပြန့်လာပုံကို ပြောရင် ဒီအချက်လည်း ပါတာပဲလေ။ ရာဇာကုမာရ်က 'ရွှေအထွတ်မူသောဂူ' ပြုတယ်လို့ ကျောက်စာမှာ ရေးထားတာကိုထောက်ရင် အဲဒီရာဇာကုမာရ်တည်တဲ့ မြင်းကပါဂူပြောက်ကြီးဘုရားလို၊ ပြီးတော့ အာနန္ဒာတို့၊ သဗ္ဗညုတို့လို စေတီရဲ့အောက်မှာ ဝင်လို့ရတဲ့အာရုံခံတန်ဆောင်းရှိတဲ့ ဘုရားကို 'ဂူ'လို့ ခေါ်တယ်လို့ နားလည်နိုင်တာပေါ့။ ခုခေတ်မှာတော့ 'ဂူဘုရား'နဲ့'စေတီ'နဲ့ ခွဲခေါ်လေ့ရှိတယ်။ 'ပုထိုး'ကတော့ ထူပဆိုတဲ့ပါဠိက ဆင်းသက်တယ်လို့ ယူဆကြတယ်။ ကျောက်၊ အုတ်တွေနဲ့ တည်တဲ့စေတီကို ပုထိုးလို့ခေါ်ကြောင်း ဖွင့်ဆိုကြတယ်။ 'စေတီပုထိုး' လို့လည်းတွဲသုံးတယ်"

"ဟုတ်ကဲ့ပါ"

" 'ထူပ' က ဆင်းသက်တဲ့ 'ထူပါ'ဆိုတဲ့ စကားကိုလည်း သုံးပါတယ်။ အိန္ဒိယနိုင်ငံက စေတီကြီးတွေကို 'ထူပါ' လို့ ခေါ်တာ ကြားဖူးဖတ်ဖူးမှာပေါ့"

"ဟုတ်ကဲ့ ကြားဖူးပါတယ် ဆရာ"

"ကဲ 'ဘုရား'နဲ့ ဆက်နွယ်နေတဲ့ ဝေါဟာရတွေကို ဆက်စပ်ပြောပြတာပါ။ နားကြရအောင်"

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၉-၁၁-၂၀၁၉

### ရွှေ

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၇၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၀၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၇၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၀၄၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၉၀/၉၇၀ ကျပ် | ၉၆၅/၉၈၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၀၀/၉၈၅ ကျပ် | ၉၈၀/၁၀၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၄၀/၉၀၀ ကျပ် | ၉၃၀/၉၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၉၄၀/၉၉၅ ကျပ် | ၁၀၄၀/၁၀၅၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၁၈ . ၇ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၆၀ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၀၄ . ၁ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၄၇ . ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၇၇ . ၄ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၂၂ . ၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၄ . ၇၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ . ၀၀၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၇ . ၈၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၁ . ၃၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၉ . ၉၁ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂၀၀၀ | ၁၂၀၀၀ | ၁၄၀ | ၁၆၇၄၅၀၀ |
| MTSH | ၃၈၅၀ | ၃၈၅၀ | ၇၄၇ | ၂၈၈၆၈၀၀ |
| MCB | ၈၃၀၀ | - | - | - |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၆၇ | ၁၅၄၁၀၀၀ |
| TMH | ၂၉၅၀ | ၂၈၅၀ | ၂၉၃၂ | ၈၃၉၈၇၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com,

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## Myanmar's Pride Awards 2019 ဆုရွေးချယ်ပွဲအတွက် ဆန်ခါတင်စာရင်းများ ထွက်ရှိ




နိုင်ငံတကာမှ အသိအမှတ်ပြုရသည့် မြန်မာနိုင်ငံမှ ထူးချွန်အောင်မြင်သူများကိုသာ ချီးမြှင့်သည့် Myanmar's Pride Awards 2019 ဆုအတွက် အနုပညာနယ်ပယ်အပါအဝင် နယ်ပယ်အသီးသီးမှ လူပုဂ္ဂိုလ်များ၏ ဆန်ခါတင်စာရင်း ထွက်ရှိလာပြီဖြစ်သည်။ ထိုဆုကို ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်က မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ပေးအပ်ခဲ့ရာ ရုပ်ရှင်နှင့် အနုပညာနယ်ပယ်အတွက် အကယ်ဒမီ အိန္ဒြာကျော်ဇင်က ရရှိခဲ့သည်။

ယခု ထွက်ရှိလာသော နယ်ပယ်အသီးသီးအတွက် ဆန်ခါတင်စာရင်းတွင် နယ်ပယ်တစ်ခုအတွက် လေးဦးစီ ပါဝင်ပြီး ရုပ်ရှင်အနုပညာကဏ္ဍတွင် နေတိုး၊ ဝတ်မှုံရွှေရည်၊ ပိုင်ဖြိုးသုနှင့် ဒေါင်း၊ တေးဂီတကဏ္ဍတွင် နီနီခင်ဇော်၊ ဖြူဖြူကျော်သိန်း၊ မီရာမိုရ်နှင့် စိုင်းစိုင်းခမ်းလှိုင်၊ ဖက်ရှင်ဒီဇိုင်းကဏ္ဍတွင် မေမြတ်ဝါဆို၊ သွင်စုထွေး၊ မင်းခန့်နှင့် လဇိန်ဂန်ထွဲ၊ အလှမယ်နှင့် မော်ဒယ်ကဏ္ဍတွင် ဟန်တီ၊ သက်သက်သင်း@Beauty၊ အောန်ဆိုင်းနှင့် မေဘရဏီသော်၊ အနုပညာနှင့် ဓာတ်ပုံကဏ္ဍတွင် အောင်ပြည့်စိုး၊ ကျော်ကျော်ဝင်း၊ ဉာဏ်ကျယ်စေနှင့် ဝဏ္ဏခွာနီး၊ လူမှုဦးဆောင်ကဏ္ဍတွင် လာဖာဒီး(Dee Dee Burmese Vlog)၊ ဝင်းမင်းသန်း(Yangon in My Heart)၊ ခင်မြတ်မြတ်နိုင်@Chilli(My Khayee)နှင့် မီရှဲလ်(ရန်ကုန်သူမီရှဲ)တို့ ပါဝင်ကြသည်။

Myanmar's Pride Awards 2019 ဆုရွေးချယ်ပွဲတွင် အားကစား၊ အနုပညာနှင့် ဓာတ်ပုံ၊ လူမှုအကျိုးပြု၊ ရုပ်ရှင်၊ ဖက်ရှင်ဒီဇိုင်း၊ အလှမယ်နှင့် မော်ဒယ်၊ တေးဂီတ၊ စွန့်ဦးတီထွင်၊ လူမှုဦးဆောင် အစရှိသည့် ကဏ္ဍကိုးခုမှ ထူးချွန်အောင်မြင်သူ တစ်ဦးစီအား ရွေးချယ်မည်ဖြစ်ရာ ယခု ထွက်ရှိလာသည့် ဆန်ခါတင်စာရင်းထဲမှ ထူးချွန်သူ ၃၆ ဦးကို Myanmar's Pride Awards 2019 အဖွဲ့က ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ၎င်းတို့ထဲမှ တစ်ဦးစီကို ပြည်သူများအနေဖြင့် မဲပေးလိုပါက ၂၀၂၀ ဖေဖော်ဝါရီလအထိ မဲပေးနိုင်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်က Pride of Myanmar အမည်ဖြင့် စတင်ကျင်းပခဲ့ပြီး ယခု ၂၀၁၉ ခုနှစ်မှ စတင်ကာ Myanmar's Pride Awards အဖြစ် အမည်ပြောင်းလဲ၍ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုလင်း

## မြန်မာတို့၏ ကိုးကွယ်ယုံကြည်မှုတစ်ခုဖြစ်သည့် ရှင်ဥပဂုတ္တရုပ်ရှင် ဒီဇင်ဘာ ၁၂ တွင် ရုံတင်မည်



အကယ်ဒမီများရှင် မင်းသမီးကြီး ဝါဝါဝင်းရွှေ၏ ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးပူဇော်သည့် ရှင်ဥပဂုတ္တ ရဟန္တာမထေရ်မြတ်ကြီး ရုပ်ရှင်ဇာတ်ကားကို ဒီဇင်ဘာ ၁၂ ရက်တွင် ရုံတင်ပြသသွားမည်ဟု သိရသည်။ အဆိုပါရုပ်ရှင်အတွက် စာနယ်ဇင်းမိတ်ဆက်ပွဲကို နိုဝင်ဘာ ၂၈ ရက်က ကျင်းပခဲ့သည်။

ဒါရိုက်တာ ဝါဝါဝင်းရွှေက "အန်တီဝါရဲ့ ဒီရုပ်ရှင်ဇာတ်ကားအတွက် ကြိုးစားမှုက ပရိသတ်တွေကြည့်ပြီး သနားသွားမှာပါ။ အန်တီဝါရဲ့ အသက်အရွယ်အားဖြင့် ဒီနေ့ဒီအချိန်ထိ ပရိသတ်ချစ်ခင်အားပေးမှုကို ကျေးဇူးအမြဲဆပ်လေ့ရှိပါတယ်။ အန်တီဝါရဲ့ အနုပညာသက် ၅၀၊ မကြာခင် စိန်ရတုလည်း ဖြစ်ပါတော့မယ်။ စိန်ရတုအကြိုဆိုလည်း မမှားပါဘူး။ ရှင်ဥပဂုတ္တ ရဟန္တာမထေရ်မြတ်ကြီး ရုပ်ရှင်ကို လွန်ခဲ့တဲ့ နှစ် ၅၀ က ဒါရိုက်တာဦးချစ်ဖေက အဖြူအမည်းကားကြီး ရိုက်ကူးခဲ့ဖူးပါတယ်။ အန်တီဝါတော့ မကြည့်ဖူးခဲ့ပါဘူး။ တချို့ကလည်း ဗီဒီယိုအဖြစ် ထပ်ရိုက်ခဲ့ကြတယ်လို့ ကြားခဲ့တယ်။ အန်တီဝါကတော့ ဒီရဟန္တာမထေရ်မြတ်ကြီးကို ပူဇော်တဲ့အနေနဲ့ ရိုက်ကူးတာဖြစ်ပါတယ်။ ဒီကားကို အနုပညာ အကျိုးအမြတ်အတွက် ရည်ရွယ်ရိုက်ကူးတာ မဟုတ်ပါဘူး။ သာသနာအကျိုးအတွက် ရိုက်ကူးတာဖြစ်ပါတယ်။သမိုင်းဝင်ဇာတ်ကားတစ်ခုအဖြစ် ရိုက်ချင်တဲ့အတွက် နန်းတော်အစစ်ရော၊ ကွန်ပျူတာ Effect တွေနဲ့ အန်နီမေးရှင်းတွေပါ လုပ်ဆောင်သွားမှာပါ"ဟု ပြောသည်။

ဇာတ်ကားတွင် ပါဝင်သည့် သရုပ်ဆောင် လီလီကျော်ခိုင်ကလည်း "ဒီကားကြီးမှာ ညီမ ပါဝင်ဖြစ်တာက အန်တီဝါဝါဝင်းရွှေက ဒီလိုဇာတ်ကား တစ်ကား ဖန်တီးဖို့ရှိတဲ့အတွက် သရုပ်ဆောင်မလား ဆိုပြီး ကမ်းလှမ်းခဲ့ပါတယ်၊ ကျွန်မနဲ့လည်း ဇာတ်ရုပ်က ကိုက်ညီမှုရှိမယ်လို့ အန်တီက ယူဆပုံရပါတယ်၊ ကျွန်မအတွက်ကတော့ အခက်အခဲအများကြီးရှိပါတယ်၊ ကိုယ်က အနုပညာမှာ တက်သစ်စဖြစ်တဲ့အတွက် အတွေ့အကြုံနည်းပါတယ်၊ သင်ယူရတာတွေလည်း အများကြီးရှိခဲ့တယ်၊ ပြီးတော့ ဒီဇာတ်ကားက ရာဇဝင်မှာလည်း ရှိနေတဲ့ဇာတ်မျိုး ဖြစ်တာကြောင့် သရုပ်ဆောင်မှုအပိုင်းမှာ မလွဲချော်အောင် သတိထား ထိန်းသိမ်းရပါတယ်၊ ယဉ်ကျေးမှုဝန်ကြီးဌာနက ပညာရှင်တွေနဲ့ ဆွေးနွေးတိုင်ပင်တာမျိုးတွေလည်း လုပ်ခဲ့ရပါတယ်၊ ဘယ်လိုနေရာမှာ ဘယ်လို အဝတ်အစားဝတ်မယ် ဆိုတာကအစ သူတို့နဲ့ ညှိနှိုင်းပြီးမှ ရိုက်ကူးတင်ဆက်ခဲ့တာဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါ ဇာတ်ကားသည် မင်းကြည်လှိုင်(သန်လျင်)၏ ဇာတ်လမ်းကို မြင့်ဦးဦးမြင့် ဇာတ်ညွှန်းခွဲ၍ ဒါရိုက်တာ အကယ်ဒမီများရှင် ဝါဝါဝင်းရွှေက ရိုက်ကူးပြီး သရုပ်ဆောင်များအနေဖြင့် အကယ်ဒမီ ရန်အောင်၊ အကယ်ဒမီ ရဲအောင် ၊ နေမျိုးအောင်၊ ဝါဇင်ခိုင်ထူးသာ၊ ထပ်ဆင့်အကယ်ဒမီ ဝါဝါဝင်းရွှေ၊ ဆုပန်ထွာနှင့် လီလီကျော်ခိုင်တို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ကိုလင်း

## ပရိသတ်က ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိကြောင်း ဘီလီလမင်းအေး ပြောကြား

Myanmar Idol သီချင်းဆိုပြိုင်ပွဲမှတစ်ဆင့် ဂီတလောကထဲကို အခြေချဝင်ရောက်လာခဲ့သူ တေးသံရှင် ဘီလီလမင်းအေးက လက်ရှိအချိန်တွင် ဂီတလှုပ်ရှားမှုများ ပုံမှန်လုပ်ကိုင်နေကြောင်း သိရသည်။

"ဖူး ဒီနှစ် တောင်ငူမှာ အစီအစဉ်ရှိတယ်၊ နေ့ဘူဘောတောင်ကို အတူတက်ကြမယ်၊ ပသီချောင်းမှာ ရေအတူဆော့ကြမယ်လေ၊ Day Trip လေးပါပဲ၊ မနှစ်ကတော့ ချောင်းသာမှာ Fan တွေနဲ့ ဆုံကြတယ်၊ Fan တွေဆိုတာထက် အားလုံးက မောင်နှမတွေလို ဖြစ်နေကြပါပြီ၊ ဖူးအတွက် လိုအပ်တာတွေ ထောက်ပြပေးသလို ဖူးအတွက်ဆိုရင် ဝန်းရံပေးကြတယ်။ မောင်နှမ ဝမ်းကွဲတွေ ပြန်တွေ့ရလို့ ဝမ်းသာပီတိဖြစ်သလို သူတို့နဲ့တွေ့ရတဲ့အချိန်တိုင်း ဖူးပျော်ပါတယ်"ဟု ဘီလီလမင်းအေးက ပြောသည်။

Myanmar Idol ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်စဉ်အချိန်က ခံစားချက်များနှင့် အတွေ့အကြုံအချို့ကိုလည်း ဘီလီလမင်းအေးက ယခုလို ပြောပြသည်။ "ဖူးတို့နှစ်မှာလည်း အားလုံးက ကြိုးစားကြတယ်၊ ၁၀ ယောက်ရှိရင် ၁၀ ယောက်လုံးက ကြိုးစားတယ်၊ ၁၁ ယောက်ရှိရင် ၁၁ ယောက်လုံးက ကြိုးစားကြတယ်။ Voting စနစ်ဖြစ်တဲ့အတွက် အကြိုက်ကတော့ တူမှာမဟုတ်ဘူးလေ၊ မြန်မာနိုင်ငံမှာ လူအယောက် ၁၀၀ ရှိရင် ဘီလီလမင်းအေးကို ၁၀ ယောက်ပဲ ကြိုက်ချင်လည်းကြိုက်မယ်လေ။ ပရိသတ်က Good Listener တွေဖြစ်တဲ့အတွက် နားထောင်လိုက်တာနဲ့ ဒီလူသည် ကောင်း၏ မကောင်း၏ဆိုတာ သိပါတယ်၊ ဝေဖန်ပိုင်းခြားနိုင်သူ ဆုံးဖြတ်နိုင်သူတွေ ဖြစ်ပါတယ်။ Voting တွေလည်း ပေးနိုင်တဲ့အတွက် Winner က ပရိသတ်လက်ထဲမှာပဲ ရှိပါတယ်၊ မိန်းကလေး winner ဖြစ်နိုင်သလို ယောကျ်ားလေးလည်း winner ဖြစ်နိုင်တာပါပဲ၊ အကောင်းဆုံး winner တစ်ယောက်ကို ပရိသတ်ကြီးကပဲ ရွေးချယ်ပေးနိုင်ပါတယ်"ဟု ပြောသည်။

ကိုလင်း

## (၁၄)ကြိမ်မြောက် ပြင်ဦးလွင် ပန်းပွဲတော်တွင် ပန်းပွင့်ပေါင်း ခုနစ်သိန်းကျော်ဖြင့် ပြင်ဆင်ပြသမည်



မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ၁၉၂၄ ခုနှစ်က စတင် တည်ဆောက်ခဲ့သည့် အမျိုးသားကန်တော်ကြီး ဥယျာဉ်၌ ပြင်ဦးလွင် ပန်းပွဲတော်ကြီးကို FG Group နှင့် Htoo Group တို့ ပူးပေါင်းပြီး ဒီဇင်ဘာ ၁၅ ရက်မှ စတင်ကာ ၂၀၂၀ ဇန်နဝါရီ ၁၅ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထူးကုမ္ပဏီများအုပ်စုမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဦးဝေမျိုးအောင်က "ကျွန်တော်တို့ ထူးကုမ္ပဏီအနေနဲ့ အခုလို နှစ်စဉ် ပန်းပွဲတော်ကြီးကို ကျင်းပခဲ့တာဆိုရင် ဒီပွဲအပါအဝင် (၁၄)ကြိမ်မြောက်ရှိပါပြီ၊ ၂၀၀၆ ခုနှစ်ကစပြီး ကျင်းပခဲ့တာပါ၊ ထူးအုပ်စုအနေနဲ့ဆိုရင် ၂၀၀၈ ခုနှစ်ကစပြီး အမျိုးသားကန်တော်ကြီးဥယျာဉ်ကို တာဝန်ယူပြီး လုပ်ကိုင်ခဲ့တာပါ၊ ပန်းပွဲတော်ကို တစ်နှစ်နဲ့တစ်နှစ် မတူညီတဲ့အသွင်လေးတွေ ဖန်တီးပြီး လုပ်ခဲ့ကြတာပါ၊ ဒီနှစ်ဆို နယ်သာလန်နိုင်ငံက ပညာရှင်တွေကနေ ဒီဇိုင်းရေးဆွဲပေးခဲ့ပါတယ်၊ လွန်ခဲ့တဲ့ ရှစ်လလောက်အလိုကတည်းက ဒီဇိုင်းတွေ ပြင်ဆင်ခင်းကျင်းခဲ့တာပါ၊ ပွဲတော်အတွက် ပန်းမျိုးစိတ်စုစုပေါင်း သုံးသိန်းကျော်လောက် ပြင်ဆင်ခဲ့ပါတယ်၊ ပန်းပွင့်ပေါင်း ခုနစ်သိန်းကျော်ကိုလည်း ပြသထားမှာပါ"ဟု ပြောသည်။

ပန်းပွဲတော် ကျင်းပရေးအတွက် အဓိက ကူညီပံ့ပိုးသည့် AGD Bank မှ တာဝန်ရှိသူ ဦးသူရိန်ကလည်း ပန်းပွဲတော်ဖြစ်မြောက်ရေး အဓိက ကူညီပံ့ပိုးရခြင်း အကြောင်းရင်းများနှင့် ရည်ရွယ်ချက်များကို ပြောကြားခဲ့ပြီး FG Entertainment နှင့် 360 Evenizer တို့မှ တာဝန်ရှိသူများကလည်း ပူးပေါင်းလုပ်ဆောင်ခွင့်ပြုခဲ့သည့် ထူးကုမ္ပဏီများအုပ်စုကို ကျေးဇူးတင်ကြောင်းနှင့် ပန်းပွဲတော်တွင် ၎င်းတို့လုပ်ဆောင်မည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ပန်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက်တွင် ကျင်းပမည်ဖြစ်ပြီး နိုင်ငံကျော် တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်က ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကာ ယခင်နှစ်များနှင့်မတူ ထူးခြားခမ်းနားသည့် ပန်းပွဲတော်ဖွင့်ပွဲဖြစ်စေရန်အတွက် FG Entertainment က ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ပန်းပွဲတော်ကာလအတွင်း စင်မြင့်ဂီတ ဖျော်ဖြေရေးများလည်း ပါဝင်မည်ဖြစ်ရာ ဒီဇင်ဘာ ၂၁ ရက်တွင် အာဇာနည်၊ လင်းလင်း၊ ဝေလ၊ ချမ်းချမ်း၊ အိမ့်ချစ်၊ ဂျူဝယ်၊ ဒီဇင်ဘာ ၂၂ ရက်တွင် ဇော်ဝင်းထွဋ်၊ သာဒီးလူ၊ အောင်ထက်၊ ဆုန်သင်းပါရ်၊ ခင်ဖုန်း၊ ရေဗက္ကာဝင်း၊ ဒီဇင်ဘာ ၂၅ ရက်(ခရစ္စမတ်နေ့)တွင် Acid၊ Big Bag၊ အားတီ၊ Eternal Gosh၊ နီနီခင်ဇော်၊ အမွန်းနှင့် ဆိုဖီယာတို့ သီဆိုဖျော်ဖြေမည်ဖြစ်ပြီး ဝင်ကြေးအခမဲ့ဖြစ်ကြောင်း သိရသည်။

ယခု ပြုလုပ်မည့် (၁၄) ကြိမ်မြောက် ပန်းပွဲတော်တွင် ပန်းမျိုးစိတ်များ ခင်းကျင်းပြသခြင်း၊ အလှပန်းများ ပျိုးထောင်စိုက်ပျိုးခြင်းနှင့်အတူ ဈေးရောင်းပွဲများ၊ ဓာတ်ပုံပြိုင်ပွဲများပါဝင်မည်ဖြစ်ပြီး ထူးခြားသော ပြကွက်များ အနေဖြင့် မြန်မာနိုင်ငံကိုယ်စားပြု နေကြာပန်းဝက်ပါ၊ နယ်သာလန်ကိုယ်စားပြု ကျူးလစ်ပန်းပြကွက်၊ အင်္ဂလန် ကိုယ် စားပြု နှင်းဆီပန်းပြကွက်၊ အီတလီကိုယ်စားပြု လီလီပန်းပြကွက်များကိုပါ ထည့်သွင်းပြသမည်ဟု သိရသည်။

ကိုလင်း

WE ARE CHANGING

ESTD 1995

GRAND ROYAL

GROUP

WE LOVE TO SERVE YOU BETTER!

THIS IS OUR NEW LOGO.

GRAND ROYAL GROUP INTERNATIONAL CO.,LTD.


## ကန့်ကွက်ရန်ကြော်ငြာ

လှိုင်သာယာမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း(မီးကွက်ဈေး)ရှိ (၆)ခန်းတွဲ (၂)ထပ် Shop House အမှတ်(၃)၊ အခန်းအမှတ်(၁)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်စောယုမော် ၁၂/ဗဟန(နိုင်)၀၀၆၇၇၉ ထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဦးအောင်ထွန်း ၁၂/ဥကမ(နိုင်)၁၇၃၅၁၁မှ ပိုင်ရှင်အမည်ပြောင်းလျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4H/ 2904 Isuzu NKR 8/R , Truck (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်ကြည်အေး ၁၂/တတန(နိုင်)၂၁၂၅၄၉ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး ရုံးခွဲ (ရွာသာကြီး)**
**ရန်ကုန်မြို့**

## ပြင်ဆင်ဖတ်ရှုပါရန်

( ၂၅-၁၀-၂၀၁၉ )ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၊ ကြော်ငြာစာမျက်နှာ (၂၇)ပါ **SIAM CITY LAW (MYANMAR) COMPANY LIMITED** ၏အစုရှင်များ၏ဆန္ဒအရစာရင်းရှင်းလင်းဖျက်သိမ်းခြင်းကြေညာချက်ပါ **LIQUIDATOR MR. CHAVALIT UTTASART** ၏ ဆက်သွယ်ရန်လိပ်စာအား **Natmauk Road, Unit 01-04 (Level-1), Union Business Center (UBC), Bo Cho Quarter, Bahan Township, Yangon Region, Myanmar** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**MR. VIRA KAMMEE**
**SIAM CITY LAW (MYANMAR) COMPANY LIMITED**

## သက်ဆိုင်သူများနှင့်အများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နေ ဒေါ်ဌေးဌေးအောင် ၉/မသန(နိုင်)၁၃၃၀၇၄ ၏လွှဲအပ်ချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

အထက်အမည်ပါရှိသူ ဒေါ်ဌေးဌေးအောင်သည် မိသားစုအပိုဝင်ငွေရရှိရန် လူမှုကွန်ရက်စာမျက်နှာ Facebook တွင် Htay Htay Aung အကောင့်ဖြင့် ၎င်းကျွမ်းကျင်ပိုင်နိုင်ခြင်းမရှိသည့် လေလံမဲစုခြင်း၊ ဒိုင်ကိုင်ခြင်းလုပ်ငန်းများ လုပ်ကိုင်ခဲ့ရာ ဒေါ်ဌေးဌေးအောင် မှတာဝန်ခံအဖြစ် စုဆောင်းသည့် လေလံစုမဲများတွင် နံပါတ်စဉ် အစောထုတ်ယူသူများသည် ငွေများထုတ်ယူပြီးပြန်လည်ပေးအပ်ခြင်းမရှိသည့်အပြင် ထွက်ပြေးတိမ်းရှောင်နေကြသောကြောင့် ဒေါ်ဌေးဌေးအောင် သည်၎င်းမိသားစုကိုယ်ပိုင်ငွေများဖြင့် စိုက်ထုတ်ဖြေရှင်းခဲ့သည်ကို သက်ဆိုင်သူများသိရှိပြီးဖြစ်ပါသည်။ ဒေါ်ဌေးဌေးအောင် အနေဖြင့် ယခုပေးရန်ရှိသော လေလံစုမဲငွေများကို အခြားစီးပွားရေးလုပ်ငန်းလုပ်ကိုင်ခြင်း၊ ဒေါ်ဌေးဌေးအောင်မှ ၎င်းအားငွေပေးရန်ရှိသူများကို ဥပဒေနှင့် တရားစွဲဆိုတောင်းခံခြင်းတို့မှ ရရှိလာသည့်ငွေများဖြင့် ၎င်းထံမှ ရရန်ရှိသူများကို ပြန်လည်ပေးဆပ်သွားမည်ဖြစ်ပါကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

သို့အတွက် ဒေါ်ဌေးဌေးအောင်မှ ၁-၆-၂၀၂၀ ရက်နောက်ပိုင်းမှစ၍ တစ်ဖက်မှ ရရန်ရှိသည့်ငွေများပြန်လည်ရသည်နှင့် ၎င်းထံမှ ရရန်ရှိသူများအား ပြေလည်သည်အထိ ပြန်လည်ဖြေရှင်းပေးဆပ်သွားမည်ဖြစ်ပါကြောင်း ဒေါ်ဌေးဌေးအောင် ၏ ဝန်ခံကတိပြုပြောပြချက်အရ သက်ဆိုင်သူများအား အသိပေးအပ်ပါသည်။ ထို့ကြောင့် ဒေါ်ဌေးဌေးအောင်ထံက ငွေရရန်ရှိသူများအနေဖြင့် ဒေါ်ဌေးဌေးအောင်၏ အခက်အခဲကိုသိလျက်နှင့် ၎င်းထံသို့ လာရောက်ပြီး အတင်းအကျပ်ဖိအားပေးကာ ငွေယုံကြည်အပ်နှံခြင်း(သို့မဟုတ်)ငွေချေးငှားခြင်းခေါင်းစဉ်ဖြင့် ဟန်ဆောင်စာချုပ်ချုပ်ဆိုခိုင်းခြင်း၊ ဒေါ်ဌေးဌေးအောင်၏နေအိမ်သို့ ခွင့်ပြုချက်မရှိဘဲ လာရောက်ခြင်း(သို့မဟုတ်)ကျူးကျော်ဝင်ရောက်ခြင်း၊ ကြောက်လန့်စေရန်ခြိမ်းခြောက်ခြင်း၊ ဒေါ်ဌေးဌေးအောင်နှင့်ပြုလုပ်ထားသည့် ကိစ္စရပ်များကို လုံးဝသက်ဆိုင်ခြင်းမရှိသည့် ၎င်း၏မိသားစုဝင်များထံ (သို့မဟုတ်)နေအိမ်သို့ လာရောက်တောင်းခံခြင်း၊ ဂုဏ်သိက္ခာထိခိုက်စေရန် ပြုလုပ်ခြင်းတို့အား လုံးဝ(လုံးဝ)ခွင့်လွှတ်မည် မဟုတ်သည့် အပြင် ဒေါ်ဌေးဌေးအောင်နှင့် မိသားစုဝင်များ၏ဓာတ်ပုံများကို Screen Shot ရိုက်ကူးပြီး ယုတ်ညံ့သောစာသားများဖြင့်တွဲဖက်ကာ Post တင်ခြင်း၊ Comment ရေးသားခြင်း၊ Tag တွဲတင်ခြင်း၊ ယခုသတင်းစာကြေညာချက်အား ဒေါ်ဌေးဌေးအောင် နှင့်ကျွန်ုပ်၏ခွင့်ပြုချက်မရှိဘဲ Screenshot (သို့မဟုတ်)ဓာတ်ပုံရိုက်ကူး၍ ဂုဏ်သိက္ခာထိခိုက်စေသည့် စာသားများဖြင့် တွဲဖက်၍ Post တင်ခြင်း၊ လှောင်ပြောင်ရေးသားခြင်းများပြုလုပ်သူမည်သူ့ကိုမဆို နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေ၊ ဆက်သွယ်ရေးဥပဒေ၊ အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေတို့အရ အမှုဖွင့်တရားစွဲဆိုသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ ထို့ပြင် ဒေါ်ဌေးဌေးအောင်ထံက ငွေရရန်ရှိသူများအားလုံးကို ဒေါ်ဌေးဌေးအောင်မှအတိုးများ၊ အကျိုးအမြတ်များ၊ ငွေရင်းများတစ်စိတ်တစ်ဒေသ ပေးအပ်ထားပြီးဖြစ်ကြောင်း သက်သေခံအထောက်အထားများအရ သိရှိရသည့်အတွက် ဒေါ်ဌေးဌေးအောင် အားအချုပ်အနှောင်ဖြစ်စေရန် ငွေများတစ်စိတ်တစ်ဒေသရရှိထားပါလျှက်နှင့် ရာဇဝတ်ကြောင်းဖြင့်မမှန်မကန် လီဆယ်အမှုဖွင့်လှစ်လာခဲ့ပါကဒေါ်ဌေးဌေးအောင် ဘက်မှပြန်လည် တုံ့ပြန်အမှုဖွင့်တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ထပ်လောင်းအသိပေးကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ ယခုသတင်းစာပါသည့်ရက်မှ ၁၀ရက်ပြည့်မြောက်သည့်ရက် နောက်ပိုင်းတွင် ဒေါ်ဌေးဌေးအောင် ထံမှ ငွေရရန်ရှိသူများအနေဖြင့် မိမိတို့၏ ခိုင်မာသည့် သက်သေခံစာမှတ်စာတမ်းအထောက်အထား စုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဒေါ်ဌေးဌေးအောင် ထံသို့ဖြစ်စေ ဆက်သွယ်ညှိနှိုင်းနိုင်ပါကြောင်းနှင့် ညှိနှိုင်းလိုသူများသာ ကိုယ်တိုင် ဆက်သွယ်ကြပါရန် ထပ်လောင်းအသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးနေစည်သူဇော်**
**(LL.B)အထက်တန်းရှေ့နေ(စဉ်-၄၇၃၄၆)**
**ရန်ကုန်ရုံးခန်း-အမှတ်(၁၁၃/ခ)၊ ကျန်စစ်သားလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**
**ကျောက်ဆည်ရုံးခန်း- အမှတ်(ဆက-၆၃) အိမ်တော်လမ်းကြား၊ ဆူးကုန်းရပ်၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်းဒေသကြီး**
**ဖုန်း-၀၉-၂၆၅၀၂၅၂၁၉**

## မိခင်အမည်မှန်

မြိတ်မြို့နယ်၊ အထက-ခွဲ(သစ်ယာ၁၀) အငြမတန်းမှ မောင်အောင်မိုးသူ၏ မိခင်အမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ ဒေါ်ချိုချိုအေး ၆/မမန(နိုင်)၁၃၁၃၀၄ ဖြစ်ပါကြောင်း။

**ဒေါ်ချိုချိုအေး**

## ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးချစ်ထူး(ဘ)ဦးထွန်းရှိန် ၉/တကန(နိုင်)၁၃၅၂၉၆ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**၀၉-၄၄၈၀၄၂၁၉၈**

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့ အောင်သာရပ်ကွက်၊ အကွက်အမှတ်(၆၉)၊ ဦးပိုင်(၁၃၁)၊ ဧရိယာ ၀ဒသမ၂၅၉ကေတွင် ဦးအောင်ငြိမ်း ၅/ပလန(နိုင်)၀၅၃၆၀၀သည် လွန်ခဲ့သော ၁၀ နှစ်ကျော်က စတင်၍ ပိုင်ဆိုင်အသုံးပြုခဲ့ရာ ဦးအောင်ငြိမ်းအမည်ဖြင့် မြေငှားဂရန် အသစ်လျှောက်ထားရန် ဗန်းမော်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားမည်ဖြစ်ပါ၍ ၁၄ရက် အတွင်းကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်ငြိမ်း၊ ဗန်းမော်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မြောက်လားသော် လမ်း၊ တောင်လားသော်-ဦးပိုင်အမှတ်(၈/၉)၊ အရှေ့လားသော်-ဦးပိုင်အမှတ်(၆)၊ အနောက်လားသော်-ဦးပိုင်အမှတ်(၈/၈)တွင် တည်ရှိသော မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၂)၊ ရေချမ်းအိုးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၈၁-ဂ)၊ ကွင်းအမည်(ရေချမ်းအိုးအရှေ့)၊ ဦးပိုင်အမှတ်(၈/၁၀)၊ မြေဧရိယာ(၀ဒသမ၂၁)ဧက၊ ပေအားဖြင့် (၉၀x ၁၀၀)ပေ ကျယ်ဝန်းသောမြေအား ဒေါ်မိုးမိုး သီးစားအမည်ပေါက် ပိုင်ဆိုင်ပါသည်။ ပိုင်ရှင် ဒေါ်မိုးမိုးကိုယ်တိုင်က တာဝန်ခံရောင်းချသောကြောင့် ကျွန်ုပ်၏ မိတ်ဆွေမှ စရန်ငွေ အချို့တစ်ဝက်ပေး ချေထား၍ မြေကိုလက်ရောက်ရယူပြီး ဝယ်ယူထားပါသည်။ ကျွန်ုပ်မိတ် ဆွေမှ အရောင်းအဝယ်ကိစ္စအား အပြီးအပိုင်ငွေပေးချေဆောင်ရွက်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိလျှင် ဤကြော်ငြာပါ သည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်သောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ကျွန်ုပ်၏မိတ်ဆွေက ငွေအပြီးပေးချေကာ အရောင်းအဝယ်ကိစ္စအား ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၅၅၀)**
**အမှတ်(၁၂၈)၊ ၈လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၉-၄၀၂၅၀၇၇၈၆၊ ၀၉-၇၉၂၀၄၅၈၇၅၊ ၀၉-၇၈၂၀၄၅၈၇၅**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃) ရပ်ကွက်၊ အနော်မာ ၂လမ်း၊ အမှတ် (၄၉-က) (၅)လွှာ၊ အကျယ်အဝန်း (၁၈ ပေx ၅၄ပေ) ရှိ တိုက်ခန်း(၁)ခန်းနှင့် ရေမီးစုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရား ဝင် လက်ရှိပိုင်ဆိုင်၍ စီမံခန့်ခွဲလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုရောင်းချသူ ကန်ထရိုက်တာ ဦးသန်းထိုက်အောင် ၁၂/ဥကတ(နိုင်)၀၉၉၅၇၇ နှင့် ဒေါ်အေးသန္တာဝင်း ၁၂/ဥကတ(နိုင်)၀၆၄၈၈၃ ထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ် ဒေါ်ဝင့်ဝါဝါဝေ ၁၂/ရပသ(နိုင်)၀၅၈၃၅၉ မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်၍ အဆိုပါတိုက်ခန်းနှင့် သက်ဆိုင်သူ မည်သူမဆို ဤကြော် ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများတင်ပြ၍ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**ဒေါ်ဝင့်ဝါဝါဝေ**
**၁၂/ ရပသ(နိုင်)၀၅၈၃၅၉**
**အမှတ် ၆၅၂၊ မေတ္တာလမ်း၊ (၁၃)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City အိမ်ရာဝင်း၊ တိုက်အမှတ်(B4)၊ အခန်းအမှတ်-1117၊ အခန်း အမျိုးအစား(B)၊ အကျယ်အဝန်း(၉၄၆)စတုရန်းပေရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား Thanlyin Estate Development Ltd.(၁၁၅၈/၂၀၁၀-၂၀၁၁) မှတဆင့် (၁၅-၁-၂၀၁၄)ရက်စွဲပါ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း၊ တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူဦးထိန်လင်း(ဘ)ဦးကံဆင့် ၁၂/ဒဂဆ(နိုင်)၀၀၄၇၇၂ အမှတ်(၅၇)၊ ၄လွှာ၊ ညာဘက်ခန်း၊ လမ်း-၃၀၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါတိုက်ခန်းအရောင်းအဝယ်ပြုလုပ်သည့် ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မသူ မရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့်(B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ(H.G.P,LL.B,D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၉၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅)** |
| **ဖုန်း-၀၉-၅၁၇၁၄၃၃** | **ဖုန်း-၀၉-၈၆၃၅၁၂၂** |

**အမှတ်(၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ပညာရေးဝန်ကြီးဌာန
## ရန်ကုန်အဝေးသင်တက္ကသိုလ်
## လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
## Online ဖြင့်မဟာဥပဒေပညာဘွဲ့သင်တန်း(Online LL.M)
## သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ ဥပဒေပညာရပ်ကို လေ့လာသင်ယူလိုသူများအတွက် ရည်ရွယ်၍ ရန်ကုန်အဝေးသင်တက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာနအစီအစဉ်ဖြင့် ရန်ကုန်အဝေးသင်တက္ကသိုလ် ဥပဒေပညာဌာနက ဦးစီး၍ မဟာဥပဒေပညာဘွဲ့(LL.M)သင်တန်းကို (Online) ဖြင့်သင်ကြားပို့ချပေးမည်ဖြစ်ပါသည်။

၂။ (၂၀၂၀) ပညာသင်နှစ်အတွက် မဟာဥပဒေပထမနှစ်သင်တန်းသားများကို လက်ခံသင်ကြားရန် ခေါ်ယူခြင်းဖြစ်ပါသည်။ ဤသင်တန်းသည် ဘွဲ့လွန်သင်တန်းအမျိုးအစားဖြစ်သဖြင့် သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ် မူရင်း၊ LL.B ဘွဲ့လက်မှတ်မူရင်း(သို့)နောက်ဆုံးနှစ် အမှတ်စာရင်းမူရင်းနှင့် အတူပူးတွဲ၍လည်းကောင်း၊ ရန်ကုန်အဝေးသင် တက္ကသိုလ်သင်တန်းရေးရာဌာနတွင် သင်တန်းဝင်ခွင့် မှတ်ပုံတင်ခြင်းကို ပြုလုပ်ရမည်ဖြစ်ပါသည်။ ဝင်ခွင့်မှတ်ပုံတင်ပြီးချိန်တွင် သင်တန်းသားတစ်ဦးစီအတွက် Student ID နှင့် Password တို့ကိုထုတ်ပေးပါမည်။

၃။ သင်တန်းဝင်ခွင့်နှင့် စပ်လျဉ်းသော အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) ဝင်ခွင့် အရည်အချင်း - ဥပဒေဘွဲ့ LL.B အောင်မြင်ပြီး မဟာဥပဒေဘွဲ့သင်တန်းတက်ရောက်ရန်အဆင့်မီသူ
(ခ) စတင်ဖွင့်လှစ်မည့်ရက် - ၂-၁-၂၀၂၀ ရက်
(ဂ) သင်တန်းကာလ - ပထမနှစ်မှ ဒုတိယနှစ်အထိ နှစ်နှစ်
(ဃ) လျှောက်လွှာစတင်လက်ခံမည့်ရက် - ၁၁-၁၂-၂၀၁၉ရက်၊ မွန်းလွဲ ၂နာရီ
(င) လျှောက်လွှာပိတ်မည့်ရက် - သတ်မှတ်ဦးရေပြည့်ပါက ပိတ်ပါမည်။

၄။ သင်တန်းဝင်ခွင့်လျှောက်လွှာများကို www. ynou. edu.mm // llm website မှတစ်ဆင့် Online registration ပြုလုပ်၍ လျှောက်ထားနိုင်ပါသည်။ သင်တန်းသားဦးရေကန့်သတ်ထားပါသဖြင့် အမြန်ဆုံး စာရင်းပေးသွင်းကြပါရန်။ သင်တန်းနှင့်ပတ်သက်၍ အသေးစိတ် ကိုရုံးချိန်အတွင်း အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။
ဖုန်း-၀၁-၂၃၀၅၉၃၈၊၅၂၅၁၆၄၊ ၅၃၇၄၁၃၊ ၅၃၆၅၈၁၊ ၅၃၇၄၁၄

**သင်တန်းကြီးကြပ်မှုကော်မတီ**
**ရန်ကုန်အဝေးသင်တက္ကသိုလ်**
**၄၇(က)၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်**
**ရန်ကုန်မြို့**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်(၂) ရေနံချက်စက်ရုံ(ချောက်)မှ ရေနံထွက်ပစ္စည်းများအား အောက်ပါအတိုင်း တင်ဒါ ခေါ်ယူရောင်းချမည်ဖြစ်ပါ၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ် အပ်ပါသည်-

| စဉ် | စက်ရုံ အမျိုးအမည် | ရေနံထွက်ပစ္စည်း | ရေတွက်ပုံ | ပမာဏ | တင်ဒါပိတ်ချိန် | | တင်ဒါဖွင့်ချိန် | |
|---|---|---|---|---|---|---|---|---|
| | | | | | နေ့ရက် | နာရီ | နေ့ရက် | နာရီ |
